
mgyoe.com SAMPLE BOOK

စံပယ်ဖြူနု

# ခေတ်ရယ် အချစ်ရယ်



mgyoe.com

mgyoe.com

SAMPLE BOOK




ISBN 978-99986-52-67-5
K0545
9 789998 652675 >

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - မေလ၊ ၂၀၁၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်း ပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - အလင်္ကာဝတ်ရည်ပုံနှိပ်တိုက် (၆၃၂၇)
အမှတ် (၁၃၅)၊ လုံးသွယ် (၁) လမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊
ရန်ကုန်။ ၀၉ ၄၄၈၀၁၆၂၃၂

မျက်နှာဖုံးပန်းချီ - မျိုးမြင့်

တန်ဖိုး - ၁၆၀၀၀ ကျပ်

၈၉၅.၈၃

စံပယ်ဖြူနု

ခေတ်ရယ်... အချစ်ရယ် / စံပယ်ဖြူနု။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်။
စာမျက်နှာ-၃၂၈၊ ၁၃×၂၀ စင်တီမီတာ။
(၁) ခေတ်ရယ်... အချစ်ရယ်


mgyoe.com

mgyoe.com SAMPLE BOOK

# ခေတ်ရယ်…အချစ်ရယ်

## စံပယ်ဖြူနု

**ကံ့ကော်ဝတ်ရည်စာပေ**
အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၉၁၈၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

" ဒီလိုပါပဲ
ဘဝဆိုတာ
သံသရာ ရထားတစ်စင်းပေါ်မှာ..."

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၁

'အစည်းအဝေးတဲ့' ဆိုသော စကားသံသည် ဘယ်သူက ဘယ်လို အစပြုလိုက်သည် မသိ။ မိုးဦးမိုး တသည်းသည်း ဖွေဖြွေဖွေသည့် တနင်္ဂနွေ ညချမ်း၌ သိရိမြိုင်အဆောင် တစ်ခုလုံး ထိုစကားသံကသာ လေယူရာ ဝေ့လျက် ဝဲလျက် ပွဲတင်ထပ်နေပေသည်။ စကားရန့်သည် အဆောင်သူ တစ်ဦးမှ တစ်ဦးသို့ လက်ဆင့်ကမ်းသမှုဖြင့် ည ၈ နာရီ ဝန်းကျင်တွင်တော့ အကြားအလပ်မရှိ သိရှိသူ စုံလင်ပြီ။

စင်စစ် အမျိုးသမီးဆောင် သီရိမြိုင်၌ အခါအားလျော်စွာ လုပ်တတ်သည့် အစည်းအဝေးသည် မေလကုန်ကပင် ပြီး၏။ မှာကြားစရာ စည်းကမ်းအသစ်များ၊ အပြောင်းအလဲတစ်စုံတစ်ရာစသည်ကိုအသိပေးလို၍ခေါ်သည့်အစည်းအဝေးများ။ ပုံမှန်ဆိုလျှင်တော့ အစည်းအဝေးတစ်ကြိမ် ပြီးသည့်နောက် နှစ်လလောက်နေမှသာ နောက်တစ်ကြိမ်ဆိုတာ ရှိတတ်သည်။ ရှိချင်မှလည်း ရှိမည်။

ခုတော့ ပထမအစည်းအဝေး ပြီးခဲ့သည်မှာပင် ရက်သတ္တပတ် နှစ်ပတ် ကျော်ကျော်သာ ရှိသေး၏။ တစ်ကြိမ်ထပ်၍ ဆင့်ခေါ်ရသည်မှာ ဘာအကြောင်း ကြောင့်ပါနည်း။

သို့လော သို့လော မေးခွန်းများ၊ စကားသံများသည် အဆောင်သူ ၃၀ လုံးလုံး ဘုံသုံးရသည့် တစ်ခုတည်းသော ရေချိုးကန်မှာ၊ တစ်ယောက်ခန်း၊ နှစ်ယောက်ခန်း၊

mgyoe.com

mgyoe.com
SAMPLE BOOK


သုံးယောက်ခန်း စသည့် အဆောင်ခန်းများအတွင်းမှာ တီးတိုး တစ်မျိုး၊ ကျယ်ကျယ် တစ်ဖုံ လွင့်ပျံ့နေသည်။

အဆောက်အအုံအတွင်း၌သာ လှုပ်လှုပ်ခတ်ခတ် ရှိလှသော်လည်း ပြင်ပက ကြည့်မည်ဆိုလျှင်တော့ သီရိမြိုင်သည် သွင်ပြင်ကပင် ငြိမ်ဝပ်၏။ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ဖေယျာသီရိလမ်းတွင် တည်သည်။ အင်းစိန်လမ်းရှိ လှည်းတန်း မှတ်တိုင်တွင် ဆင်းကာ လမ်းထဲ ချိုးဝင်၍မှ များမကြာမီ အဆောင်သို့ ရောက်နိုင်သည်။ အတန်အသင့် ကျယ်ဝန်းသည့် ခြံထဲက နှစ်ထပ်တိုက်ခံ အိမ်ကြီးသည် သက်တမ်းအားဖြင့် အချိန်အတိုင်းအတာ တစ်ခုအထိ ဖြတ်သန်းခဲ့ပြီးပုံနှင့် အတန်ငယ် ဟောင်းမြင်းသော၊ သို့သော် ခံ့ထည်သော ပုံသွင်ရှိ၏။ အိမ်မကြီး၏ နောက်ကျောဘက်တွင်တော့ နှစ်ထပ် ပျဉ်ထောင်အိမ်ငယ်။ အိမ်မကြီးလို မြင်ရုံနှင့် စိတ်ခံစားမှု တစ်စုံတစ်ရာပေးသည့် ဟိတ်ဟန်မျိုး မရှိသော်လည်း အေးချမ်းမှုအရိပ်လွှမ်းလျက်။

သည်ခြံတစ်ဝင်းလုံးကိုပင် သီရိမြိုင်ဟု အစဉ်အဆက် ခေါ်စမှတ်ပြုသည်။ ဆိုင်းဘုတ် မရှိ၊ သို့သော် သီရိမြိုင်ဟု မေးလိုက်လျှင် သည်ခြံသို့သာ ညွှန်ကြလိမ့်မည်။ ရန်ကုန်တက္ကသိုလ်နှင့် လှည်းတန်းအရပ် ဆက်နွယ်မှု ရှိကြသည့် ခေတ်ကာလကတည်းကပင် အဆောင်အိမ်အဖြစ်သို့ ရောက်လာသည်။ အိမ်မကြီး၏ အောက်ထပ်တစ်ထပ်လုံးတွင် အဆောင်သူထားလျက် အပေါ်ထပ်တွင်တော့ အသက် ၅၀၊ ၆၀ ဝန်းကျင် အိမ်ရှင် ညီအစ်မနှစ်ဦး နေ၏။ အိမ်ငယ်တွင်တော့ အပေါ်ထပ်ရော အောက်ထပ်ပါ အဆောင်သူ ထား၏။ မူလလက်ဟောင်း အဆောင်ရှင် မိခင်က အမွေပေးခဲ့သည့် အုပ်ချုပ်ပုံများအတိုင်း အုပ်ချုပ်မြဲ ဖြစ်လေသည်။

အဆောင်ရှင်တို့၏ စေ့စပ်သော မျက်ဝန်းများ၊ အချိုဖုံးလျက်ကပင် အပြစ်စကား ဆိုတတ်ပုံများသည် အဆောင်သူတို့ကို အနေကျုံ့စေရိုး မှန်သော်လည်း တစ်ဖက်တွင်တော့ သီရိမြိုင်သည် အိမ်နှင့် အဝေးတွင် လုံခြုံသော စိတ်ခံစားမှု ပေး၏။ အဆောင်သူများ၏ ၅၀ ရာခိုင်နှုန်းသည် အဆောင်နေသက် ငါးနှစ်နှင့် အထက် ဖြစ်သည်။ လူမြဲ၏။

မိုးဦးမိုးစက်များ လျှပ်စစ်မီးရောင်အောက် ဖိတ်ဖိတ်လက်တောက်သည့် သည်ညချမ်း၌ သီရိမြိုင်သည် အခါများစွာလိုပင် မိန်းကလေးတို့၏ စကားသံများ၊ ရယ်သံများနှင့် သက်ဝင်၏။ ညနေ ၆ နာရီခန့်မှ အစပြုကာ အဆောင်သူများ တဖွဲဖွဲ

mgyoe.com

SAMPLE BOOK

ပြန်ရောက်လာသည်။ စကားသံ မြိုင်လျက်။ ရေချိုးသံ တဗွမ်းဗွမ်း။ သီချင်းသံသဲ့သဲ့။ ညများစွာလိုပင် ပုံမှန်လည်ပတ်ဆဲ။

သို့သော် ည ၇ နာရီခွဲလောက်တွင်တော့ အစည်းအဝေးသည် ဆိုင်းမဆင့် ဗုံမပါ ကိုယ်ထင်ပြရန် ပြင်သည်။ ညစာစားရန် ပြင်သူတို့သည် သတင်းစကားကြားသည်နှင့် ရတတ်သမျှသော ထမင်းလုတ်လေးများကို အမြန်အဆန် မျိုချရသည်။ ထမင်းနင်လျှင် ရေတဂွပ်ဂွပ် သောက်ရသည်။ စာကြည့်ရန် ပြင်နေသူများလည်း စာအုပ်ပိတ်ရသည်။ ညဝတ်အင်္ကျီ ပေါ့ပေါ့ပါးပါး ဝတ်ထားသူက တီရှပ်လို အင်္ကျီမျိုး လဲဝတ်သည်။ ညဦးချိန်ကျော်မှပင် ရေချိုးလက်စ ရှိသူများ ကပျာကယာ လက်စသတ်ကြသည်။ အဝတ်လျှော်သူက ရေဇလုံနှင့် စိမ်လျက်ပင် ချန်ထားခဲ့သည်။ ရှားရှားပါးပါး အိပ်ပျော်လျက်ရှိသည့် အဆောင်သူတစ်ဦးကိုတော့ အခန်းဖော်က နှိုးရသည်။

အခြားတစ်ပါးသော အခန်းများလိုပင် အိမ်မကြီးအောက်ထပ် မျက်နှာစာဘက်ရှိ လေးယောက်ခန်းတွင်လည်း အစည်းအဝေးကြောင့် သက်ဝင်ခြင်း ရှိလေပြီ။

✦

"ည ၉ နာရီ အစည်းအဝေးတဲ့ ခိုင်ရေ"

စကားသံရှင်သည် အခန်းရှေ့မှ ရိပ်ခနဲ ဖြတ်၏။ လူးလဲထ အကြည့်၌ နောက်ကျောကို မြင်လိုက်သည်ဆိုရုံ၊ သို့သော် သည်အသံကို ကြားရုံနှင့်ပင် ဘယ်သူ ဘယ်ဝါ ဆိုသည်ကိုမေခိုင် အတပ်ပြောနိုင်၏။ ခင်သစ္စာ..။ သည် လေးယောက်ခန်း၏ ဘေးချင်းကပ်လျက် နှစ်ယောက်ခန်းတွင် နေသော ခင်သစ္စာ။ အစဉ်သဖြင့် ပြုံးချို ရွှင်ပျသော မျက်နှာကို ပိုင်ဆိုင်ထားပုံကပင် သူ့အမှတ်သညာ။

အနည်းငယ် ဝ,သည့်ဘက်သို့ လုချင်သော ကိုယ်နေဟန်နှင့် မလိုက်ဖက်အောင်ပင် လှုပ်ရှားပုံ မြန်ဆန်သည့် ခင်သစ္စာသည် အောက်ထပ်တစ်ထပ်လုံး ကြားသာမည့် ပင်ကိုအသံစူးစူးနှင့် နာမည်ခေါ်မနေဘဲ ဆက်၍ တပ်လှန့်သွားသည်။ အသံသည် တဖြည်းဖြည်း တိုးလျဝေးကွာ၏။ အိမ်မကြီး ဘေးဘက် တံခါးပေါက်မှ ထွက်ခွာပြီး ဖြစ်လိမ့်မည်။ ရေချိုးကန်ဘက်ဆီသို့ ဦးတည်နေလိမ့်မည်။

mgyoe.com

မေခိုင်သည် သက်ပြင်းတစ်ချက်သာ ရှိုက်မိ၏။ အိမ်အပေါ်ထပ် ညှော်ခန်းသို့ သူတို့အားလုံး စုရုံးရတော့မည်။ ရှေးလက်ရာဖြစ်သည့် ဆက်တီများအား နံရံသို့ကပ်လိုက်သော် အထိုက်အလျောက် ကျယ်ဝန်းသော အစည်းအဝေးခန်း ဖြစ်လာမည်။ အဆောင်သူများ ကျပ်ကျပ်သိပ်သိပ် ထိုင်နိုင်၏။ အချိန် တစ်နာရီ၊ တစ်နာရီခွဲမျှကြာအောင် မပိုက်မမျှင်း ကြားနာရခြင်း၌ အခြားသူများတော့ မသိ၊ သူ့မှာတော့ ပင်ပန်းဆင်းရဲလှသည်။ မျက်နှာသေ၊ လေသံသေနှင့် အဆောင်ရှင်တို့ရှေ့ ကျောအတောင့်သား ငုတ်တုတ်ထိုင်ရဦးမည်ဟု တွေးလိုက်ရုံနှင့်ပင် သည်အိပ်ရာပေါ်၌ မထတမ်းလဲလျောင်းနေချင်သည်။ တကယ်တော့ပြောချင်တာကိုလက်ဆင့်ကမ်းလိုက်လည်းရသားနဲ့...။

သည်တစ်နေ့ မေခိုင် ရုံးက ပြန်ရောက်ချိန် စော၏။ စားသောက်ရေးကိုပင် ဦးစွာ မတွေးဘဲ အနားရလေမလားအမှတ်နှင့် အိပ်ရာပေါ် လဲလျောင်းသည်။ တစ်နေကုန် အလုပ်ခွင်ထဲ အညောင်းမိလာရသော ပင်ပန်းခြင်း၊ လိုင်းကားပေါ် ငါးပိ၊ ငါးချဉ်သိပ်သော ငါးကောင်လေးများပမာ ပူးကပ်လိုက်ပါရသော ဆင်းရဲခြင်းတို့သည် ဖျာချောခင်းသည့် အိပ်ရာပေါ် လဲလျောင်းလိုက်ရသောခဏ၌ လျော့ပါး ပြေပျောက်ရသည်ဟု သူ ယူမှတ်၏။ တောင့်တင်း နာကျင်သော ကျောပြင်နှင့် ဖျာ စတင်ထိတွေ့သည့် အချိန်ပိုင်းလေးသည်ပင် အဖိုးထိုက်တန်လှသည့်ပမာ။ ငြိမ့်ခနဲ ကျေနပ်သည့်စိတ်နှင့်ပင် မျက်ဝန်းများကို စေ့ပိတ်ထားသည်။ သီချင်း နားထောင် အပန်းဖြေတတ်သော အလေ့တော့ သူ့တွင် မရှိပေ။

ခုတော့ စိတ်အကြည်က နေခြည်ထိသည့် နှင်းလို လွင့်ပြယ်ပြီ။ ဘာအကြောင်းကြောင့်များ အစည်းအဝေး ခေါ်ရပါလိမ့်။

"ဘာလို့ အစည်းအဝေးလုပ်မှာလဲ ဟင် မမခိုင်"

စိတ်ကူးနှင့် တစ်ထပ်တည်း ပေါ်သော အမေးစကားသည် အခန်း၏ ညာဘက်နံရံနှင့် ကပ်လျက် ခုတင်မှ လာသည်။ လေးယောက်စာ ခုတင်တစ်လုံးစီ တန်းနေသည့် အခန်း၌ မေခိုင့် ခုတင်မှာ အခန်းဘယ်ဘက်နှင့် ပိုနီးသော အလယ်ခုတင်ဖြစ်သည်။ လေးယောက်ခန်း ဆိုသော်လည်း စင်စစ် သုံးဦးသာ နေ၏။ အလယ်ခုတင် တစ်လုံးနှင့် ညာဘက်နံရံက ခုတင်တို့ကို ထားထားလျှင် တစ်ဦးတည်းကသာယူလျက် နှစ်ဦးစာ အဆောင်ခ ပေး၍ နေသည်။ အလယ်ခုတင်လွတ်ကို စာအုပ်များတင်ရန်၊ စားသောက်ဖွယ် တင်ရန်၊ အဝတ်ခြင်း တင်ရန်၊ ရုံဖန်ရုံခါ ခေါက်စားပွဲငယ်တင်လျက် စာကြည့်ရန် စသည်ဖြင့်သာ သုံးလေသည်။

m.gyoe.com

m gyoe.com SAMPLE BOOK

"မသိဘူးလေ၊ ဘာပြောချင်လို့ ခေါ်မှန်း အစ်မလဲ မပြောတတ်"

"ထားထားကဖြင့် လမ်းထိပ်သွားပြီး အအေးသောက်မလို့ဟာကို"

"ပါဆယ် သွားဝယ်ပါလား ထားထားရဲ့၊ အစ်မ လိုက်ကူပေးရမလား၊ မယ်မြလဲ ပြန်လာခါနီးပြီ၊ သူ့ ဖုန်းဆက်ကြည့်မယ်၊ နီးနေပြီဆိုရင် တစ်ခါတည်း စောင့်ပြီး အတူပြန်လာလို့တောင် ရသေးတယ်"

တစ်ဖက်က မြသီတာ၏ ခုတင်မှာ လွတ်ဟာဆဲ။ ရုံးဆင်းချိန် ၅ နာရီခွဲ ဖြစ်သော်လည်း ကားလမ်းကျပ်သည့် ခေတ်အခါပေမို့ မြသီတာ၏ အဆောင် ပြန်ရောက်ချိန်သည် အများအားဖြင့် ည ၈ နာရီသာ။ ချွေးစေးဖြင့် ပြောင်လက်သော မျက်နှာ၊ နွမ်းလျသော်လည်း မေတ္တာ ထင်းလင်းသည့် အပြုံးနှင့် အခန်းတွင်းသို့ မြသီတာ ရောက်လာချိန် မတိုင်မချင်း မေခိုင် လည်ပင်းရှည်တတ်သည်။ ဆူးလေမှ အပြန် လမ်းကျပ်လေတိုင်း ရှစ်မိုင်တွင် အလုပ်ဆင်းရသော သူ့ကို အားကျပါကြောင်း မကြာမကြာ ဆိုတတ်သည့် အခန်းဖော်။

မေခိုင်သည် ဖုန်းကို ဖျတ်ခနဲ ဆွဲကာ စာတိုပို့ရန် ပြင်သည်။ အဆောင်မှာ အစည်းအဝေး ရှိတယ်နော် မယ်မြ၊ တန်းပြန်လာခဲ့ဦး..။

"မသွားတော့ပါဘူး မမခိုင်ရယ်၊ ထားထားက ပါဆယ် မဝယ်ချင်ပါဘူး၊ ဆိုင်မှာ ထိုင်သောက်ပြီး လူတွေကို ငေးချင်တာ"

မေခိုင့် အပြုံးနုတ်ခမ်းကို ထားထားလွင် မမြင်တော့ပြီ။ နားကြပ် တပ်ကာ သီချင်းဖွင့်ကာ အိပ်ရာပေါ် ခေါင်းချလိုက်သည်။ ဂီတသည် အားငယ်လွယ်သော မိန်းကလေးအား ကမ္ဘာသစ်သို့ ခေါ်လေပြီ။

မိုးသက်လေသည် ပြတင်းမှ တိုးဝင်ကာ အခန်းကို စိမ့်အေးနေစေသည်။ မိုးစက်မှုန်အချို့သာ တိုးဝင်ထိမှန်၍ ပြတင်းအား ပိတ်ရန်မလို။ သံဆန်ခါ ကျဲကျဲ ပိတ်ကာသည့် ပြတင်းမှ ကြည့်ငေးလျှင် ထောင့်မှန် စတုဂံပုံ အနားသတ်သည့် ပြင်ပ မိုးမြင်ကွင်းကို တွေ့မြင်ရမည်။ မိုးစက်ပေါက်များ ကြပက်လျက် ရှိသည့် ဓေယျာ သီရိလမ်း။ ရုံးပြန်၊ သင်တန်းပြန် ခပ်သုတ်သုတ် ခြေလှမ်းများ။ ထီးရောင်စုံတို့သည် တရိပ်ရိပ် ရွေ့လျက်။

မနက်ခင်းကတည်းက တစိမ့်စိမ့်ရွာသော မိုးမှာ သည်းသည်လည်း မဟုတ်၊ ဖွဲသည်လည်း မဆိုသာ။ လမ်းသွားလမ်းလာများ ဣန္ဒြေမပျက်ရုံလောက်သာ စိမ့်လျက် စိမ့်လျက်။ ကောင်းကင်မှာ တစ်နေ့ခင်းလုံး မှိုင်းမှိုင်းမှုန်မှုန် ရှိနေသည်။ မိုးဦးမိုး..။

mgyoe.com

mgyoe.com

မေခိုင်သည် တစ်ဖန် ပြန်လှဲရန် အာရုံမဝင်စားတော့ဘဲ ပြင်ပ မိုးညချမ်း မြင်ကွင်းကိုပင် ငေးနေသည်။ စင်စစ် လများစွာ မြင်လာရသည့် မြင်ကွင်း။ မျက်နှာချင်းဆိုင်က အထပ်မြင့်တိုက်ခန်း၊ ရှမ်းခေါက်ဆွဲဆိုင်၊ သစ်ပင်ရိပ်၊ လမ်းသွယ်၊ ဖျတ်ခနဲ လူရိပ်များ။ ရာသီကြည်လင်ခြင်း၊ မိုးဖွဲကျခြင်း စသည့် နောက်ခံသာ ကွာမည်။ သည်ရိပ်ပုံများကတော့ မြင်နေကျလို။ သို့သော် စိတ်လွင့်ပါးချိန်တိုင်း သည်မြင်ကွင်းကိုပင် ငေးတတ်မြဲ။ အတိအကျပြောရမယ်ဆို ငါးနှစ်၊ ငါးနှစ်လေ..။

✦

၂၀၁၄ ခုနှစ် မိုးဦးရာသီတွင် မေခိုင်၏ ရန်ကုန် အဆောင်သူဘဝ ငါးနှစ်တင်းတင်း ပြည့်လေသည်။

မိခင် ဒေါ်နွယ်ရည်နှင့် မောင်ငယ် သူရကျော်တို့ နေထိုင်ရာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ သူ့ဘဝအချိုးအကွေ့အတွက် ရောက်လာခဲ့ချိန်သည် လွန်ခဲ့သော ငါးနှစ်က သည်လို မိုးဖြိုင်ဖြိုင် ရွာသွန်းချိန်ပင် ဖြစ်သည်။

မေခိုင်သည် ရန်ကုန်မိုးဟု ကျော်ကြားသော မိုးရွာပုံကို ခရီးရောက်မဆိုက်ပင် စ၍ ကြုံရသည်။ တိမ်တိုက်ရိပ်တို့ ညို့ဆိုင်းလာသည်နှင့် မိနစ်ပိုင်းမျှခြားကာ မိုးတသည်းသည်း ရွာချပုံ။ နေသာသည်ကို မြင်ရ၍မှ နာရီပိုင်း မကြာမီ မိုးရေစက်တို့ကိုလည်း မြင်ကောင်းမြင်ရပုံ။ ဒါသည် ရန်ကုန်မိုး၏ စရိုက်လက္ခဏာ။

မေခိုင် ရောက်တော့ မိုးဦးမိုးသည် သည်း၍ကောင်းဆဲ။ အစဦးတွင် အစ်မဝမ်းကွဲ မစန္ဒာ၏ နေအိမ်ရှိရာ တာမွေ၌ ခေတ္တ တည်းရသည်။ စင်စစ် မေခိုင့်အဖို့တော့ ရန်ကုန်သည် များစွာ မစိမ်းလှပေ။ မိခင်နှင့်အတူ ဘုရားဖူး၊ အလည်အပတ် စသည်ဖြင့် ရောက်ဖူး၏။ သည်တစ်ကြိမ်ကမူ သွားရိုးသွားစဉ် ခရီးတစ်ခု မဟုတ်ပြီ။ မေခိုင်၏ ဘဝရေစီး ပြောင်းလဲခြင်း။

ရန်ကုန်သည် မေခိုင့်အား နွေးနွေးထွေးထွေးဟုလည်း မဆိုသာသော ဆက်ဆံပုံနှင့် ဆီးကြိုလေသည်။ လူသူစည်ကားသော အရပ်တွင် တည်းခိုရသည်မို့လည်း အရာရာသည် ငေးမောဖွယ်။ အိမ်ချင်း ထိစပ်လုနီးသည့် ဝင်းခြံ ဆိုသော်လည်း ကိုယ်ပိုင်အိမ်ကလေးတွင် နေလာရသည့် မေခိုင့်မှာ အထပ်မြင့် တိုက်ခန်းများကို ခေါင်းမော့ ငေးရသည်။ အဘိုးအို၊ အဘွားအို တစ်ဦးဦး လမ်းပေါ် ငုံ့ကြည့်ငေးမောပုံနှင့် တည့်တည့်တိုးလျှင် သနားစိတ်ဝင်သည်။

mgyoe.com

SAMPLE BOOK


ဈေးခေါ်သံ တညံညံနှင့် လူသူစည်ကားသော တာမွေဈေးသည်လည်းကောင်း၊ မည်သည့်ကားပင် ထိုးဆိုက်ဆိုက်မှတ်တိုင်၌ ရပ်လျက်ရှိသည့် ခရီးသည်ဦးရေ တိုးမြဲဖြစ်သော တာမွေဈေး မှတ်တိုင်သည် လည်းကောင်း မေခိုင့်အတွက် စိတ်ဝင်စားဖွယ်အတိ ပြီးနေသည်။

မေခိုင်သည် ရန်ကုန် မရောက်မီကပင် လှည်းတန်းတွင် အဆောင်နေရန် တထစ်ချ ဆုံးဖြတ်ခဲ့သူ။ ဘာကြောင့်ဟု အစ်မလုပ်သူက မေးသော် သူ့တွင် အဖြေအသင့်ရှိပြီးသား။ ရန်ကုန်တက္ကသိုလ်၏ ခေတ်အဆက်ဆက်တွင် တစ်ထောင့်တစ်နေရာက ပါဝင်မြဲဖြစ်သော လှည်းတန်းသည်သာ သူ့စိတ်နှလုံး တည်မှီရာတည်း။ ရန်ကုန်တက္ကသိုလ်ကျောင်းသူဘဝကို မကြုံခဲ့ရလည်း ရှိပါစေ။ လှည်းတန်းမှာသာ နေပါမည်။

မိုး အနည်းငယ်စဲသော တစ်ရက်တွင်ပင် သူတို့ညီအစ်မ အဆောင်ရှာထွက်ကြသည်။ ရုံးပိတ်ရက် ဖြစ်သော်လည်း ဘတ်စ်ကားသည် အထိုက်အလျောက်ကျပ်မြဲ၊ တာမွေမှ လှည်းတန်းသို့ အသွားကားရော အပြန်ကားပါ ထိုင်ခုံပြည့် လူပြည့်။ ရပ်စီး ခရီးသည်များလည်း ပါ၏။ လှည်းတန်းရောက်သော် လူငယ်လူရွယ်တို့၏ ပုံရိပ်သွင်နှင့် စည်ကားသက်ဝင်မြဲ ဖြစ်သော မြင်ကွင်းသည် ဘတ်စ်ကား စီးကျင့်မရှိ၍ ပန်းဟိုက်လာသည့် မေခိုင့်ကို သာယာ နွေးထွေး နှုတ်ဆက်သည်။

ရန်ကုန်တက္ကသိုလ်သက်ဝင်စဉ်အခါကတည်းက ကျောင်းသား၊ ကျောင်းသူများနှင့်လှုပ်ရှားခဲ့သည့်လှည်းတန်းမြေ။ အချိန်ကသာ တရွေ့ရွေ့ ကုန်ဆုံးသော်လည်း အဆောင်နေမည် ဆိုလိုက်လျှင် သည်နေ့ သည်အချိန်အထိ လှည်းတန်းကိုသာ ပြေးမြင်ကြရမြဲ။ အဆောင်နေသူမှာ နှစ်အလိုက် လျော့သွားသည် မရှိ၊ တိုး၍သာ လာလေသည်။

အဆောင်တစ်ဆောင်က တစ်ဆောင်သို့ ပြောင်းရန်မှာ လွယ်လှသည် မဟုတ်။ အဆင်မသင့်၍ ပြောင်းလျှင် နေရာလိုက်လံရှာရတတ်သည်မှာ အချိန်လည်း ကုန်၊ ခြေလည်း တိုမည်။ နေရာရှာသူကမှ ထိုက်သင့်ရာ ရှာမတွေ့လောက်သေး၊ ချန်ခဲ့မည့် နေရာဟောင်းတွင်တော့ လူသစ်က စရန်သတ်လေပြီ။

နေရာလေးတစ်ခုအတွက် ချွေးပြန်အောင် လမ်းလျှောက်ရပုံကို မေခိုင်ကိုယ်တွေ့ကြုံရပြီ၊ အစ်မကိုအဖော်ပြုလျက် တစ်လမ်းဝင်၊ တစ်လမ်းထွက် အဆောင်လိုက်ရှာသော်လည်း တော်ရုံနှင့် မဆင်မပြေ။

mgyoe.com

mgyoe.com SAMPLE BOOK

သည်တုန်းက မေခိုင်သည် လှည်းတန်းကို ခုလောက် မကျွမ်းဝင်သေးပါပေ။ သို့သော် လှည်းတန်းဟု ရေရွတ်မိလျှင်ပင် ရင်ခုန်ရသည်၊ လွမ်းရသည်။ ဘာကြောင့်မှန်း မသိပြီ။ 'တခြား နေပါလားဟယ်' ဟု အစ်မက ဘယ်သို့ပင် နားချချ လှည်းတန်းပဲဟု ခေါင်းမာ၏။ ခြေ ဘယ်မျှပင် ညောင်းညာလည်း စိတ်တင်းရသည်။

သို့သော် အခန်းလွတ် မရှိတော့ဘူး၊ ပြည့်နေတယ် စသည်တို့မှာ အဆောင်အိမ် တော်တော်များများထံက ကြားရသည့် စကား။

ဟော... နေရာရှိပါတယ် ဆိုတော့လည်း မေခိုင့်အတွက် အဆင်မပြေပြန်။ နေလိုစိတ် မရှိ၊ ကြေးများတတ်သူ မဟုတ်သော်ငြား မြင်ရသည့် အခန်းမြင်ကွင်းမှာ စိတ်မသက်သာဖွယ် ရှိလှသည်။ အခန်းက ကျဉ်းကျဉ်း။ ပြတင်းပေါက် လုံးလုံးမရှိ၊ သုံးထပ်သား ပိတ်ကာထားသည်မှာ တံခါးမကြီး တစ်ခုသာ လေဝင်စရာ ကျန်သည်။ သို့သော် ညအိပ်ချိန်မှာတော့ သည်တံခါးကို ဘယ်လိုများ ဖွင့်အိပ်ရပ့ါမလဲ။

"ပန်ကာဖွင့်လို့ ရသလားဟင်"

အဆောင်မှူး ဆိုရမည်လား မသိတတ်သော ရွယ်တူ မိန်းကလေးကိုပင် မေးမြန်းရတော့၏။ ရှားရှားပါးပါး တွေ့ရသော နေရာဖြစ်၍လည်း လက်မလွှတ်လို။

"ဘယ်ကလာ၊ ရေနွေးတောင် ပေးမတည်တဲ့ဟာ၊ သြော်... ပြောစရာကျန်သေးတယ်၊ မီးပူလဲ အခန်းပြင် ထွက်တိုက်ရမယ်နော်"

"ဟောဟိုနေရာလား၊ ကျဉ်းကျဉ်းလေးနော်၊ တစ်ယောက် တိုက်နေရင် နောက်တစ်ယောက်က စောင့်နေရမှာပေ့ါ"

"ဒီလိုပဲ လုပ်ကြတာပဲ"

"ဟို ကျွန်မ စဉ်းစားပြီးတော့မှ တစ်ခေါက် ပြန်လာလို့ ရမလား"

"မရဘူး အစ်မရဲ့၊ အစ်မ အခု တစ်ခါတည်း ကြိုက်သလား ဆုံးဖြတ်၊ နေမယ်ဆို စရန်ကြိုပေးခဲ့ရမယ်"

လေသံမှာ မိုးပေါ်က ကျလာသည်သို့တည်း။ မေခိုင်တို့ ညီအစ်မသည် မျက်စိပျက် မျက်နှာပျက်နှင့်ပင် တပ်ခေါက်လာရသည်၊ 'မနေခင်ကတောင် ဒီလောက်တင်စီးတာ' ဟု မစန္ဒာက တဖျစ်တောက်တောက် ဆိုလျက်။

နောက်ဆုံးတော့လည်း လှည်းတန်းချစ်သူမှာ ကျောာတစ်ခင်းစာ နေရာရပြီ၊ ဓေယျာသီရိလမ်းက သီရိမြိုင်။

အိမ်မကြီး အောက်ထပ်ရှိ ခုတင်တစ်လုံးနှင့် တစ်လုံးကြား လူနှစ်ဦး

mgyoe.com

mgyoe.com SAMPLE BOOK

မရှောင်သာသည့် လေးယောက်ခန်း၊ စုစုပေါင်း လူဦးရေ ၃၀ နီးပါးရှိမည့် အဆောင်သူတို့ အသုံးပြုရာ တစ်ခုတည်းသော ရေချိုးကန်၊ အိမ်သာတို့ကို မြင်တော့ အစ်မက မျက်နှာပျက်သည်။

'နင် အဆင်ပြေပဲ့မလား' ဟု တီးတိုးဆို၏။ မေခိုင်ကမူ သည်တစ်နေရာကိုမှ မယူဖြစ်လျှင် လှည်းတန်းအိပ်မက် ပျက်ပြယ်မည်မို့ အခန်းလိုက်ပြသူ သက်မာအမည်ရှိ မိန်းကလေးကို ခေါင်းသာ ညိတ်ပြရသည်။ အိမ်အပေါ်ထပ်၌ အဆောင်ရှင်အား ဝင်တွေ့ရသည်။

အိမ်အပေါ်ထပ်သည် ရေဒီယိုသီချင်းသံသဲ့သဲ့မှအပ ဆိတ်ငြိမ်လျက် ရှိ၏။ ဧည့်ခန်းသည် ဟောင်းမြင်းသည့် အရောင်အဆင်းပင် ရှိစေကာမူ တစ်ချိန်က တောက်ကြွားခဲ့မည့်သဘောကို လှစ်ဟပြဆဲဖြစ်သော ရှေးလက်ရာ ပရိဘောဂတို့ဖြင့် ခံ့ထည်၏။ တစ်ချိန်က မိသားစု စုံညီခဲ့ရာ အိမ်ကြီးတွင် ခုတော့ သားသမီးသုံးဦးအနက်က ဒေါ်ခင်မေ၊ ဒေါ်ခင်ဝေသာ ရှိတော့သည်၊ မောင်ငယ်ကတော့ မိသားစုနှင့်အတူ တောင်ကြီးတွင် အခြေချနေသည်။

ဒေါ်ခင်မေ၊ ဒေါ်ခင်ဝေသည် ဆွေမျိုးနီးစပ်ထဲက အမိ၊ အဖ မရှိရှာသော မိန်းကလေးကို အဖော်ပြု၍ နေကြသည်။

အသက် ၂၀ စွန်းစွန်းဟု မှန်းရသည့် သက်မာသည် အဆောင်သူ လောင်းလျာအား အခန်းလိုက်ပြစဉ်က စကားသွက်သလောက် အိမ်အပေါ်ထပ် ပြန်ရောက်သည့်အခါ မီးဖိုခန်းသို့ ငြိမ်ငြိမ်ဆိမ်ဆိမ် ဝင်သည်။ တိုက်ချွတ် ဆေးကြောလျက် ရေစစ်ထားသည့် ပန်းကန်တို့ကိုပင် အဝတ်ခြောက်နှင့် ပွတ်သုတ်သည်။ ရေဒီယိုသီချင်းကို မတိုးမကျယ် ညည်းသည်။

တိုင်ကပ်နာရီက နေ့ခင်း ၁၂ နာရီ ထိုးပြီဖြစ်ကြောင်း အချက်ပြသည်။ ဧည့်ခန်းတွင် သီချင်းသံနှင့် ပန်းကန်သံ၊ ခွက်သံတို့ ရောသော ပူးတွဲအသံက စိုးမိုးနေ၏။ ခန်းဆီးပြာနုနုက တနွဲ့နွဲ့ လှုပ်ယိမ်းလျက်။ 'အန်တီ လာပါလိမ့်မယ်' ဆိုသော်လည်း ထိုအန်တီသည် ယခုတိုင် ထွက်မလာသေး။

မစန္ဒာသည် စားပွဲပေါ် တင်ထားသည့် ဂျာနယ်တစ်စောင်ကို ကောက်၍ လှန်သည်။ မေခိုင်ကမူ ပန်းအလှ ကနုတ်ပေါင်ကွပ် ဘဲဥပုံ မှန်ချပ်ကို ငေးနေသည်။ မှန်သား သိပ်မကြည်လင်တော့သော်လည်း ပုံရိပ်ကိုတော့ ကောင်းစွာ ဖော်နိုင်ဆဲ။ အနာဂတ်ကို စိတ်စောမျှော်လင့်သော မျက်လုံးများ၊ အားတင်းရိပ် စွက်သည့် မျက်နှာ။ အဲဒါ မေခိုင်လေ…။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုခဏတွင် ဧည့်ခန်းတွင်း ဝင်လာသော ခြေသံ တရှပ်ရှပ် ထွက်ပေါ်၏။ ထဘီအနားခတ်သံ တရွှပ်ရွှပ်က နောက်မှ ကပ်ပါသည်။ မေခိုင် လှည့်ကြည့်သော် အသက် ၅၀ ဝန်းကျင်ဟု ဆိုရုံကလွဲ၍ အသက် မမှန်းသာသော အမျိုးသမီးကို တွေ့ရသည်။ နွေးထွေးပျူငှာဟန် အပြုံးတစ်စကြောင့် မေခိုင် စိတ်သက်သာရာ ရသည်။ သူစိမ်းတို့အိမ်တွင် ဘယ်အချိန်အထိ နေရမည် မသိ၍ပင် အိမ်ရှင်တို့ သဘောမနော ကောင်းပါစေကြောင်း တီးတိုးဆုတောင်းခဲ့ရသည်။ မေခိုင့်ဆုတောင်း ပြည့်လေပြီလား။

ဒေါ်ခင်ဝေဟု သူ့ကိုယ်သူ မိတ်ဆက်သော အဆောင်ရှင် မေးမြန်းသမျှ မေခိုင် ဖြေရသည်။ သူ ဘယ်က လာကြောင်း၊ ရန်ကုန်တွင် လတ်တလော လုပ်မည့် အရေးကိစ္စများအကြောင်း။ နှုတ်ခမ်းနီ ပြေပြေဆိုးသော၊ စကားပြောပုံ ပြတ်သလောက် လေသံချိုသော ဒေါ်ခင်ဝေသည် မေခိုင် စကားပြောချိန် တစ်လျှောက် ပြုံး၍သာ နေ၏။

"အဆောင်ပိတ်ချိန်က ၉ နာရီနော် သမီး၊ ၉ နာရီကျော်ရင် တံခါး လုံးဝ ဖွင့်မပေးပါဘူး၊ မီးအောင် ပြန်ပါ။ အမျိုးရှိလို့ အပြင်ထွက်အိပ်တဲ့ည ဆိုရင်လဲ ခွင့်တိုင်ရတယ်၊ လက်မှတ်ထိုးရတယ်။ မီးသုံးတာကတော့ အခန်းထဲမှာ ပလပ်ပေါက် ပေးထားတာ မီးပူတိုက်ဖို့ တစ်ခုတည်း အတွက်ပဲနော်၊ ရေနွေးကျိုချင်ရင် အပြင်မှာ ပေးထားတဲ့ နေရာမှာ ထွက်ကျိုရတယ်။ ထမင်းတော့ အန်တီဝေတို့ ချက်ခွင့်မပေးတော့ဘူး။ ချက်ခွင့်ပေးတုန်းက တစ်ခါ မီးလောင်မလို ဖြစ်လို့ နောက်ပိုင်း ပိတ်လိုက်တယ်၊ ဒါပေမဲ့ ခက်တော့ မခက်ဘူးနော်၊ ဒီလမ်းထဲမှာတင် ထမင်းဆိုင်တွေလဲ ရှိတယ်၊ သမီးတို့ တွေ့မှာပါ"

မေခိုင်သည် မစန္ဒာဘက် တစ်ချက် ငဲ့ကြည့်ကာ ဒေါ်ခင်ဝေထံ အကြည့်တစ်ဖန်ရွှေ့ကာ 'ဟုတ်ကဲ့' ဟု ဝန်ခံသည်။

မစန္ဒာကမူ မေခိုင့်သဘော တစ်ခုသာ။ မေခိုင်ကိုယ်တိုင်က နေရန် ဆုံးဖြတ်သည့်နောက် သူ ဝင်ပြောရန် အကြောင်းမရှိဟု ယူဆသည်။ ပြီးတော့ ဒီနေရာမှာမှ မနေဖြစ်ရင် နောက် ဘယ်နေရာ တွေ့ဦးမလဲ။ စင်စစ် တာမွေရှိ တိုက်ခန်းသည် သူတို့ မိသားစု၊ ယောက္ခမနှင့်ပင် ကျပ်ကျပ်တည်းတည်း ရှိလှသည်။ မေခိုင်သည် မစန္ဒာအတွက်တော့ ညီမဝမ်းကွဲ ဆိုသော်လည်း ဝမ်းကွဲပင် ဦးရေ နည်းပါးသည်မို့ အရင်းအချာပမာ။ မေခိုင် ရန်ကုန် ရောက်လာသည့် အတောအတွင်း နေရေး

mgyoe.com

SAMPLE BOOK

ထိုင်ရေးပင် မကူညီနိုင်၍ စိတ်မကောင်း ဖြစ်ရသည်။ ခုတော့လည်း အဆင်ပြေရာ တစ်နေရာ တွေ့ပါပြီ။

တစ်လလျှင် ကျပ် ၉၀၀၀ ဖြင့် နှစ်လစာ ပေးရသည်။ တစ်လစာကတော့ စနေမည့် လအတွက်၊ နောက်တစ်လစာကတော့ စပေါ်သဘော။ အကယ်၍ မေခိုင်သည်အဆောင်မှ ပြောင်းမည်ဆိုလျှင် မပြောင်းရွှေ့မီ နောက်ဆုံးလ၌ စပေါ်ဖြင့် နေနိုင်သည်။ မပြောမဆို လကုန်သည်နှင့် ပြောင်းမည့်အရေး၊ လူသစ်တစ်ယောက် တင်ကြိုလက်ခံနိုင်ရန် နှောင့်နှေးမည့်အရေးကို အဆောင်ရှင်များဘက်က ကာကွယ်ခြင်း။ မေခိုင့် ပိုက်ဆံအိတ်ကလေး စ၍ လျော့ပြီ။ ခရီးစရိတ်ကို အမေပင် စိုက်ခဲ့သည်။ ရန်ကုန် ရောက်တော့လည်း မစနွာ လာကြိုသည်၊ စားစရိတ်လည်း ခုထိ မကုန်သေး။

အဝေးက မိခင်သည် အဆောင်ခန်းရပြီ ဖြစ်သည့် သမီးအတွက် တစ်နည်းအားဖြင့် စိတ်အေးရရှာသည်။ သို့သော် အလုပ်ကမူ မရေရာသေးပေ။ သည်တုန်းက ဘွဲ့လက်မှတ်လေးတစ်ခုက လွဲ၍ မေခိုင့်တွင် လက်ဆုပ်လက်ကိုင် ပြစရာ ကွန်ပျူတာ သင်တန်းဆင်း လက်မှတ်ပင် မပါ။ အင်္ဂလိပ်စာ အဓိကဖြင့် ဘွဲ့ရခဲ့သော်ငြား မြန်မာစာကို အသုံးချရမည့် စာနှင့်ပေနှင့် ဆက်စပ်သော အလုပ်ကိုမှ လုပ်လိုသည်။ ဒါသည်ပင် ရန်ကုန်သို့ ခြေဆန့်စေခဲ့ရာ သူ့အိပ်မက်တည်း။

ခန္ဓာကိုယ် ပိန်သွယ်ပါးလျသော၊ စူးလက်သည့် မျက်ဝန်းများသာ ရှားပါးအလှအဖြစ် တွေ့နိုင်ရာ မျက်နှာသွင်ပြင် ပိုင်ဆိုင်သော မေခိုင်သည် လူက ငယ်သလောက် ခေါင်းမာလှသည်။ အမေ မည်မျှပင် နားချသော်လည်း ကျောင်းပြီးပြီ ဆိုသည်နှင့် အိမ်တွင် မပျော်ပိုက်တော့ချေ။ ရန်ကုန် ဆင်းမည်သာ တကဲကဲ ဖြစ်၏။ သို့သော် အမေက တစ်ချက်လွှတ်အမိန့်ဖြင့် တားမြစ်ဆဲ။

မေခိုင်သည် သုံးနှစ်ကျော်လောက်တော့ အမေ ကျေနပ်အောင် အိမ်တွင် နေလိုက်ချေသေးသည်။ အလယ်တန်း၊ အထက်တန်း ကျောင်းသားများကို စာသင်ပေးသည်။ ဝင်ငွေလည်း မဆိုးလှဟု ဆိုနိုင်၏။ သို့သော် သည်အလုပ်မှာ သူ လုပ်လိုသော အလုပ် မဟုတ်ချေ။ သူသည် စာသင်ရမည့်အစား မြန်မာစာလုံးနှင့် ရေးဖွဲ့အပ်သည့် စာ၊ ကဗျာများ၊ ဆောင်းပါးများအား ထိတွေ့နေရသည့် အလုပ်ကိုမှ လုပ်လိုသည်။ အသိုက်အဝန်းကျဉ်း၌ နေ့စဉ် ပုံစံတူ အမှုကိစ္စများ ပြုနေမည့်အစား အသစ်အသစ်သော စိတ်လှုပ်ရှားဖွယ်တို့ကို စူးစမ်းနေလိုသည်။ ထိုအသစ်အသစ်တို့သည် သူ့အိမ် သူ့ရပ်ဝန်းတွင် ဘယ်သောအခါမျှ ပေါ်ပေါက်မည် မဟုတ်။ အသစ်တရားတို့ ရှိရာကိုပင် သူ စုန်ဆင်းရမည်။

mgyoe.com

mgyoe.com

နောက်ဆုံးတော့ အမေသည် မေခိုင့်ကို အတောင်ဆန့် ပျံသန်းခွင့် ပြုပြီ။ တော်ထက်ကာ ဖွဲ့ခတ်သော မေခိုင့်ကို အမေ ယုံသည်။ အမေ မယုံသည်မှာတော့ ကံကြမ္မာကိုသာတည်း။ကြိုးစားပါလျက်မအောင်မြင်တတ်သည့်အခါသူလက်မြှောက် အရှုံးပေးမည်ကိုအမေစိုးရိမ်သည်။လောက၏အရောင်အသွေးစုံကွေ့ကောက်သော မာယာတော၌ ကျင်လည်ရချိန် သူ ပြုလဲကျဆုံးမည်ကို အမေ ပူပန်သည်။ သူသည် အမေ့အား ကတိအထပ်ထပ် ပေးခဲ့ရသည်။

မိုးဦးမိုးများ ခပ်စိပ်စိပ် ရွာချသည့် ကာလမှာပင် အိမ်နှင့်ဝေးရာ လမ်းသို့ သူ ခရီးစခဲ့ပြီ။ မန္တလေးနှင့် ရန်ကုန်သည် တစ်ညအိပ်ခရီးမျှ။ သို့သော် စိတ်အလိုအား ဖြင့်တော့ မိုင်ပေါင်းများစွာ ဝေးကွာ၏။

အနာဂတ်ကို မျှော်လင့်အားထားသော စိတ်ကြိုးမျှင် တစ်စနှင့်ပင် ရန်ကုန် သို့ သူ ချဉ်းသည်။ ရန်ကုန်သည် သူ့အား နေရာရှာရခက်ခဲခြင်း တစ်ခုတည်းနှင့်ပင် စာမျက်နှာ တစ်ကို လှစ်ပြသည်။ မည်သို့ဆိုစေ မေခိုင့် လောကသစ် အစပြုလေပြီ။

နောက်တစ်နေ့တွင် သီရိမြိုင်သို့မေခိုင် ပြောင်းလာတော့ သယ်စရာ ပြုစရာ ပစ္စည်းပင် များများစားစား မပါ။ အဝတ်အိတ်နှစ်လုံး၊ အိပ်ရာလိပ်၊ ပန်းကန်ခွက် ယောက်၊ စားသောက်ဖွယ် ပါသည့် ကြိမ်ခြင်းတောင်း တစ်လုံး၊ မိန်းကလေးသုံး အလှပြင်ပစ္စည်း၊ သနပ်ခါးတုံး၊ ကျောက်ပျဉ် စသည် စသည် ထည့်သိုထားသည့် ပလတ်စတစ်ခြင်း တစ်လုံးသာ။

အခန်းကား တွေ့စနေ့က မြင်ရပုံထက် ကျဉ်းလေ၏။ စင်စစ် အခန်းက ကျဉ်းမြောင်းလွန်းသည် မဟုတ်။ လူလေးယောက် နေထိုင်ရန် မကျယ်ဝန်းလှခြင်း။ တစ်ယောက်အိပ် ခုတင်လေးလုံး အပြိုင်ခင်းထားသည့် ကြားတွင် စားပွဲပုလေး တစ်ခုစီ ခြား၏။ ပြတင်းတံခါးကတော့ ခေါင်းရင်းတွင် တစ်ခု၊ ဘေးဘက်နံရံတွင် တစ်ခု။ မေခိုင် ရသည့် ခုတင်မှာ ခေါင်းရင်း ပြတင်းပေါက် အနီးရှိ အလယ်ခုတင်။ အခန်းက လင်းလင်းကျင်းကျင်းနှင့် လေဝင်၊ လေထွက် ကောင်းသည်။ သစ်ပင်၊ ပန်းပင်များနှင့် ကောင်းကင် တစ်စွန်းတစ်စကို မြင်ခွင့်ရသော ပြတင်းတံခါးသည် အခန်း၏ တစ်ခုတည်းသော နှစ်ခြိုက်ဖွယ်ရာ။

မေခိုင်သည် ခုတင်ပေါ် ဖျာချော ခင်း၏။ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်တို့ကို ခေါင်းရင်းတွင် ပုံထပ်လိုက်သည်။ အပေါ်ဆုံးကျသည့် ခေါင်းအုံးကို တစ်ချက် ဖိသည်။ အိပ်ရာကိုတော့ ညအိပ်တော့မှ ပြင်ရမည်။ အရေအတွက် မများ

mgyoe.com

SAMPLE BOOK


လှသော အလှပြင်ပစ္စည်း၊ သနပ်ခါးတုံး၊ ကျောက်ပျဉ်ငယ်၊ ကော်ဖီခွက်၊ စာအုပ် စသည်ကို စားပွဲပုလေးပေါ် နေရာချသည်။

အဝတ်အိတ်တို့ကိုတော့ ခုတင်အောက်သို့ပင် ထည့်သိုရလေသည်။ ခြေရင်းတွင် နေရာလွတ် ရှိသော်လည်း များစွာမကျယ်။ လိုတော့မှသာ ခုတင်အောက်က ဆွဲထုတ်ယူရုံ။ ဒါသည် သိပ်တော့ မဆန်းလှ။ အဆောင်တိုင်းနီးပါး ဒီလိုပါပဲ။

အသက်ရှူ၍ပင် မရဘူး ထင်ရလောက်သည့် အခန်းကျဉ်းလေးများသည် ကျောခင်းစရာ နေရာ အခက်အခဲဖြစ်ရသော မေခိုင်တို့လို လူငယ်လူရွယ်များအတွက် ခိုတွယ်ရာ ဖြစ်ရ၏။ မေခိုင်တို့သည် အလုပ်အကိုင်၊ ပညာ စသော မျှော်မှန်းရာများနှင့်ပင် မွေးရပ်မြေကို စွန့်ခွာရသည်။ ကျောင်းပြီးဘွဲ့ရသော လူငယ်အများစု၏ ဦးတည်ရာသည် ရန်ကုန်မြို့တော်သာတည်း။ ရန်ကုန်ကမှ တစ်ဆင့် နိုင်ငံရပ်ခြားသို့ ဦးတည်ကြသူများစွာ။ ခေတ်၏ ရိုပ်ပုံ..။ ထိုရိုပ်ပုံထဲ မေခိုင်လည်း စီးမျောရပြီ။

မေခိုင်၏ ပထမဆုံးသော အဆောင်သူ ညနေသည် ဖြူန်းခနဲ ရွာချသော ရန်ကုန်မိုးအောက်တွင် အထီးကျန် ငြီးငွေ့မှုနှင့် စတင်လေသည်။ သူသည် တက္ကသိုလ် ကျောင်းသူဘဝတစ်လျှောက် အဆောင်နှင့် ကင်းဝေးခဲ့၏။ အတန်းဖော်များ နေထိုင်ရာ မန္တလေးတက္ကသိုလ်တစ်ဝိုက်က အဆောင်များသို့ အလည်အပတ် ရောက်ဖူးရုံသာ ရှိသည်။ ခုတော့ နဖူးတွေ့ ဒူးတွေ့ တွေ့ရပြီ။ အစ်မသည် သူ့ကို အဆောင်တွင် ထားခဲ့ပြီ။ 'လိုအပ်ရင် ဖုန်းဆက်လိုက်' ဆိုသော စကားမှာ သူ့အတွက် ကောက်ရိုးတစ်မျှင်။

မိုးသံသည် အဆောင်ဝန်းကျင်၌ မင်းမူလျက်။ မိုးဦးမိုးကား သည်းလှပေသည်။ ပြတင်း သံဆန်ခါကွက်များ အကြားက မြင်ရသော မိုးမြင်ကွင်းကို မေခိုင် ငေးနေသည်။ ခြံစည်းရိုးနှင့် အိမ်အကြား မြေကွက်လပ်ရှိအလှစိုက် ပန်းပင်ငယ်များ။ မိုးစက်များ ထိမှန်သဖြင့် အလှပန်းပင် အရွက်ဖျားလေးများ ဆတ်ခနဲ ဆတ်ခနဲ တုန်ခါသည်ကို လည်းကောင်း၊ ခြံအပြင်ဘက် လမ်းပေါ်၌ ထီးဆောင်းကာ ခပ်သုတ်သုတ် လျှောက်သည့် လမ်းသွားလမ်းလာတို့ကို လည်း ကောင်း ငေးသည်။ မျက်ဝန်းမှာ ရီဝေစိုလျက်။

ညနေချိန် နေဝင်ဖျိုးဖျ ဆိုလျှင် မန္တလေး အောင်ပင်လယ်ရှိ အမေ့အိမ်တွင် ညစာအတွက် ပြင်ဆင်လေပြီ။ ဆယ်တန်းကျောင်းသား မောင်ငယ် သူရကျော်သည် ကျောင်းဆင်းချိန်၌ မီးဖိုချောင်သို့ ကြိမ်ဖန်များစွာ ဝင်ကာ တစွတ်စွတ် နှိုက်စား

mgyoe.com

တတ်သလို ညစာ နောက်ကျတော့မည် ဆိုလျှင်လည်း လေသံမျိုးစုံပြကာ အမေ့ကို နှဲ့မြဲတိုင်းနှဲ့သည်။ အမေသည် သားငယ်လေးကို မျက်နှာ အညိုမခံ။ ညစာ စီစဉ်ပေး နေလိမ့်မည်။ မည်သည့်ဟင်းပင် ရှိသည် ဖြစ်စေ သူရကျော် တောင်းဆိုမြဲ ဖြစ်သော ကြက်ဥကြော်ကို နေ့စဉ် ကြော်နေကျလို ကြော်ပေးလိမ့်မည်။ လက်ဖက်သုပ်ရန် ယောင်ယမ်း ပြင်ဆင်မိပြီ ဆိုလျှင်တော့ အမေ မျက်ရည်ဝဲလိမ့်မည်။ လက်ဖက်သုပ် ကြိုက်သော သမီးကြီးမှာ အဝေးသို့ ရောက်နေပေပြီ။

အမေသည် အနေအစား ဆင်းရဲမည့် သမီးကြီးအတွက် စားသောက်ဖွယ် များ စီစဉ်ပေးလိုက်ရသည်။ ခုတင်များ၏ ခြေရင်းရှိ ဘုံသုံးသော အနံကျဉ်းကျဉ်း အလျားရှည်ရှည် စားပွဲပေါ်တွင် အမေ ထည့်သိုပေးလိုက်သည့် ဟင်းဘူးများ၊ လက်ဖက် ဘူး၊ အကြော်စုံဘူးများ နေရာယူလျက်။ အဆောင်အိမ် ဘေးတွင်ပင် ထမင်းဆိုင်ရှိ၍ ထမင်းထုပ် အလွယ်ဝယ်ကာ စားနိုင်၏။ ဝမ်းကလည်း ဟာလျက် ရှိပြီ။

သို့သော်လည်း မေခိုင်သည် ငေးနေရာက တစ်လက်မပင် မရွေ့နိုင်။ သူ့ စိတ်မှာ မိုးသက်လေနှင့်အတူ အိမ်သို့ လွင့်လျက်ရှိလေသည်။ မိုးစက်များ ခိုတွယ် လိုက်ပါသော လေပြည်သည် သူ့အား အိမ်သို့ တစ်ခဏမျှ ခေါ်သွားနိုင်လျှင် ဘယ် လောက် ကောင်းမည်နည်း။

မိုးမှုန်များအကြားတွင်ပင် အမေ့မျက်နှာကို မြင်သည်။ အမေသည် မခွဲစဖူး ခွဲမည့် သမီးအတွက် ပူပန်စွာ အစစ မှာကြားမဆုံး။ တစ်ညအိပ်ခရီး၊ ကားလက်မှတ် ဖြတ်၍ အချိန်မရွေး လိုက်လာနိုင်သော ခရီး ဖြစ်ပါလျက် ရေမြေခြားတော့မည့်နှယ် စိုးရိမ်ရှာသည်။ 'ညနေဘက် ခေါင်းမလျှော်နဲ့' မှ အစပြုကာ 'သူများတွေနဲ့ တည့်အောင် ပေါင်း' အထိ မှာသည်။ ကားဂိတ်သို့မူ လိုက်မပို့နိုင်။ အမေသည် ဆိုင်ကယ် မစီးရဲ၊ အိမ်နီးချင်း မစောမြင့်တို့လင်မယား ဆိုင်ကယ် တစ်စီးစီနှင့် လိုက်အပို့ မေခိုင် အိမ်က ခွာပုံကို အမေသည် အိမ်ဝမှ ရပ်ငေး၏။ အိမ်ရှေ့ မဥ္ဇူလမ်းမှသည် ဘုရင့် နောင် လမ်းသို့ ချိုးလိုက်ချိန် လည်ပြန် ငဲ့ကြည့်ခိုက် အမေ့ပုံရိပ်ကို တွေ့နေရဆဲ။ ၅၆ လမ်းပေါ် ဆိုင်ကယ် ကွေ့လိုက်ချိန်တွင်တော့ မေခိုင် မျက်ရည်ပြိုကျသည်။ အိမ်နှင့် ဝေးရမည့်လမ်းကို သူ ရွေးခဲ့မိပြီ။

လေသံတစ်ချက် ညံကာ မိုးပေါက်များ ပို၍သည်း၏။ အပြင်ဘက် မြင်ကွင်း သည်ပင် သိပ်မပီပြင်တော့။

မေခိုင်သည် ခေါင်းအုံးစွပ်လေးပေါ် လက်ချောင်းများ တရွရွ လှုပ်ကာ စမ်းနေသည်။ အပြာနုရောင်အောက်ခံ၌ အပြာရင့်ရောင် နှင်းဆီပွင့်များ ကြပက်

mgyoe.com

mgyoe.com SAMPLE BOOK

သည့် ချည်သား ခေါင်းအုံးစွပ်များကို အမေကိုယ်တိုင် ချုပ်လုပ်ပေးခဲ့သည်။ နှစ်များစွာ စက်ချုပ်အလုပ်သာ စွဲလုပ်လာသည့် မုဆိုးမ မိခင်သည် သမီးအတွက် အသုံးအဆောင်၊ အဝတ်အထည်များကိုပင် တက္ကသိုလ် တက်မည့်နှယ် စီစဉ်ပေးလိုက်ချေသည်။

နှင်းဆီပွင့်ကြီး တစ်ပွင့်ပေါ်၌ မေခိုင့်လက်ချောင်းများ တန့်သည်။ အလို... အမေ့မျက်နှာက နှင်းဆီပွင့်မှာ ထင်နေပါပကော။

မျက်ရည် တစ်ပေါက်၊ နှစ်ပေါက် စီးကျ၏။ ရင်တွင်း၌ လှိုက်ဆို့၍ နေသည်။ ရှိုက်မရ။ မျက်ရည်ပေါက်သာ လိမ့်ကျသည်။ သူသည် ဒူးထက်တွင် မျက်နှာအပ်ကာ အသံမထွက်ဘဲ ငိုသည်။ ကျောပြင်မှာ တသိမ့်သိမ့်ခါ၏။

ထိုအခိုက် အခန်းတံခါး ဖွင့်သံ။ 'ဟော' ဟု ရေရွတ်လိုက်သံ။

မေခိုင်သည် တံခါးဘက်သို့ လှည့်ကြည့်လိုက်သည်။ ဆံပင်များပါ စိုကပ်သည်အထိ ရေစက်လက် ဖြစ်နေသော မိန်းကလေးသည် ရေစိုထီးကောက်ရှည်ကို အခန်းထောင့်တွင် ထောင်လိုက်သည်။ ဆံပင်ကို တစ်ချက်၊ နှစ်ချက် သပ်သည်။ မျက်နှာမှာ မိုးရေဖြင့် ပြောင်ဝင်း စိုလက်နေလေသည်။

သူသည် မေခိုင့်မျက်နှာကို တဒင်္ဂ ငေးမော၏။ မျက်ရည်ကို မြင်၏။ နှုတ်ခမ်းသူလိုပင် ငေးသည့် အငေးနောက်က ကပ်ပါသော အပြုံး။ အပြုံးကား ဖော်ရွေရိပ်ဖြင့် ချိုမြမြ။

"အခန်းဖော်သစ် ထင်တယ်နော်"

ခေါင်းညိတ်၏။ မျက်နှာကို ပွတ်သုတ်၏။ သို့သော် ငိုကြွေးခြင်း၏ အကြွင်းအကျန်တို့သည် မေခိုင့်မျက်နှာထက် တင်ကျန်ဆဲ။ မိတ်ဖွဲ့လိုက်သူကို အားနာသမှုနှင့် ပြုံးသော အပြုံးမှာ မပီပြင်။ အငိုတစ်ဝက် ရောလျက်။

တစ်ဖက်သား၏ အပြုံးမှာကား စူးစမ်းရိပ်ပါသော်ငြား ရွှင်လှသည်။ ချိုလှသည်။ မိုးရေသည် နဂိုနေ လှပမြဲ မျက်နှာကို အလှပျက်စေခြင်းငှာ မစွမ်းသာခဲ့။ ပြတင်းတံခါး မရှိသည့် နံရံနှင့် ကပ်လျက် ခုတင်၊ သူ့ဘေးဘက်ရှိ ခုတင်သို့ သွားရေပျော့ လက်ကိုင်အိတ်လေး တင်လိုက်ပုံ၊ ဆံပင်ကို တစ်ချက်သပ်ကာ တစ်ကျော့ပြုံးပြလိုက်ပုံကို နှုတ်ခမ်းလျက်ပင် ငေးသည်။ ရင်ဘတ်ပေါ်က ရွှေရောင်နာမည် တံဆိပ်ပြားလေးကို အမှတ်မဲ့ပင် ဖတ်မိသည်။ နာမည်ကား ခပ်ရိုးရိုး။ သို့သော် ခေါ်လျှင်တော့ နားဝင်ချိုသည်။ မြသီတာ...။

mgyoe.com

mgyoe.com
SAMPLE BOOK


နောင် လအတန်ကြာသည့်နောက် သတိတရ စကား ပြန်စပ်မိတိုင်း 'စရောက်တဲ့နေ့က ဝိုနေတာ ကလေးလေး ကျနေတာပဲဟာ'ဟု ပြောတတ်မြဲ မြသီတာသည် မေခိုင့်အတွက် ခင်မင်ဖွယ်ကောင်းလှသော အခန်းဖော် ဖြစ်လာခဲ့လေသည်။

+

"ဟော ကြည့်... ခိုင်၊ တံခါးမပိတ် ဘာမပိတ်၊ ပြီးရင် အအေးမိတယ် ဘာဖြစ်တယ် ပြောဦးမယ်"

မြသီတာသည် သည်မိုးဦးတွင်မှ အသစ်ဝယ်သည့် ချောကလက်ရောင်၌ ပန်းပွင့် ဖြူနုပ်နုပ်ပါသော ထီးကို ရေစက်လက်နှင့်ပင် အခန်းထောင့်၌ ထောင်မှီ လိုက်သည်။ ရောဝတီတိုင်း ပုသိမ်မြို့သူဖြစ်သော၊ အသား ဖြူဝင်းဝင်းနှင့် မျက်နှာ ကျပုံ ပြေပြစ်တင့်တယ်ကာ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်သော အသက် ၂၈ နှစ်အရွယ်သူ့ကို ထီးကောက်ရှည်နှင့် မလိုက်ဖက်ဟု ပြောတတ်သူမှာ မေခိုင် တစ်ဦး သာ မဟုတ်ပေ။

မေခိုင့် စိတ်တွင်တော့ သူ့ကို ပုသိမ်ထီးသာ ဆင်ပါသတဲ့။ ပုသိမ်ထီး ဆောင်းလျက် ရန်ကုန်မြို့က လမ်းများပေါ် လျှောက်ရလျှင် ဘယ်လိုနေမှာပါလိမ့်။ အနည်းဆုံးတော့ လူတကာ ဝိုင်းကြည့်မည်။ ရိုက်ကွင်းဟုလည်း ထင်ကောင်း ထင်မည်။ အရွှင်စိတ်နှင့်ပင် တွေးကာ ကိုယ်မှာကပ်သည့် ရေစက်တို့ကို သပ်သည်။

"ငါ စာပို့တာ ရတယ် မဟုတ်လား"

"ရပ့်၊ အဲဒါကြောင့် ထမင်းတောင် ဝင်မစားတော့ဘဲ တန်းပြန်လာတာ၊ ခဏနေမှ ဒီဘက်ဘေးကနေ လှမ်းဝယ်တာပေ့ါ"

ထမင်းဆိုင်ငယ်မှာ အဆောင်ဘေးတွင်ပင် ရှိလေသည်။ လမ်းပေါ် ထွက်ရန် မလိုဘဲ စည်းရိုးအနီး ရပ်လျက် မှာနိုင်သည့် ထမင်းဆိုင်ငယ်အား သူတို့အဆောင်သူ တစ်သိုက် အားပေးတတ်ကြသည်။ ဟင်းများစွာ မရနိုင်။ အသုပ်မျိုးစုံ ရသည်။ ထမင်းဖြူ ပူနွေးနွေးရသည်မှာတော့ မေခိုင့် အကြိုက်တည်း။

"ငါလဲ မစားရသေးပါဘူး မယ်မြရဲ့၊ ညည်းကို စောင့်နေတာပါ"

မြသီတာသည် အိတ်ကို ခုတင်ပေါ် ပစ်ချလိုက်သည်။ မေခိုင့် ခုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်သည်။ အပြင်ဘက်သို့ အကြည့်တစ်ချက် ဝေ့သည်။ လေသံကို နှိမ့်လျက်။

mgyoe.com

mgyoe.com SAMPLE BOOK

"သက်မာနဲ့ အရှေ့မှာ တွေ့ခဲ့သေးတယ် ခိုင်ရဲ့၊ ဒီအရှေ့ဘက် အပြင်ခန်းမှာ နေတဲ့ နှစ်ယောက်ကို အန်တီဝေက ပြောင်းခိုင်းထားတယ်တဲ့"

ဟင်...။ မေခိုင်သည် အံ့အားတသင့် မျက်ဝန်းများနှင့်ပင် ခပ်ဟဟ ဖြစ်နေသော တံခါးမှ အပြင်သို့ လှမ်းကြည့်သည်။

"ဘာဖြစ်လို့တဲ့လဲဟင်"

"အဲဒီနှစ်ယောက်ကို အန်တီဝေ နယ်က အမျိုးတွေဆီ သွားတုန်း အန်တီမေ လက်ခံလိုက်တာတဲ့။ သိတဲ့အတိုင်း အန်တီမေက လူလွတ်နေရင် ဖြည့်ချင်တာ သိတယ်မို့လား၊ ဘာမှလဲ မေးမြန်းထားမှာ မဟုတ်ဘူး၊ အန်တီဝေကသာ စိစစ်တာကိုး။ အဲဒီနှစ်ယောက်က ဘာလုပ်မှန်းလဲ မသိဘူးတဲ့ ခိုင်ရဲ့၊ နေ့ခင်းဘက်ပဲ သင်တန်းတက် ဆိုပြီး အပြင်ထွက်တာတဲ့၊ သူတို့ပုံစံတွေကို သိပ်သဘောမတွေ့တာနဲ့ အန်တီဝေ ခေါ်မေးတော့ ရေရေရာရာလဲ မဖြေနိုင်ဘူး၊ ဒါကြောင့် ပြောင်းခိုင်းတာတဲ့"

"စပ်စုလာတာလဲ ပြည့်စုံလှချေလား ဒေါ်မြသီတာ"

"အံမာ စပ်စုတာ ဘယ်ဟုတ်မလဲ ခိုင်ရ သက်မာ ပြောပြသမျှပဲ နားထောင်လာတာ"

"ဒီည အစည်းအဝေးက အဲဒီအကြောင်းများ ပြောမလို့လား မသိဘူး"

"ငါက အန်တီဝေရဲ့ အတွင်းရေးမှူး မို့လို့ သိရမှာလား"

မြသီတာက ရယ်ကာ မောကာ ဆိုသည်။ ကြိုးတန်းပေါ် လွှားတင်ထားသည့် တဘက်အသေးကို ဆွဲယူကာ ရေစိုဆံပင်ကို ပွတ်သုတ်သည်။

အခန်းဖော်နှစ်ယောက်နှင့်လည်း မေးချင်ရာ ပြောချင်ရာ ရှိမှသာ စကားဆိုတတ်သော ထားထားလွင်သည် မျက်လုံးစေ့ပိတ် ငြိမ်သက်နေဆဲ။ ဂီတသည် သူ့စိတ်နှလုံးကို သိမ်းပိုက်ထား၏။

မေခိုင်ကမူ အပြင်ခန်းဘက်သို့ စူးစမ်းနေသည်။ ပြီးခဲ့သည့် တစ်ညနေက အမှတ်မထင် ဆုံဖူးသည့် သူတို့ ရုပ်သွင်ကို မြင်ယောင်နေသည်။ သူတို့ အသက်ငယ်လှပါသေးသည်။ အလွန်ဆုံး ရှိမှ ၁၈၊ ၂၀ ပေါ့။ မျက်နှာလေးများက နုနုနယ်နယ် လှလှပပ။ မျက်လုံးသည် မီးခိုးရောင်၊ အပြာရင့်ရောင် ဆေးသားတို့နှင့် စိုလက်ကာ နှုတ်ခမ်းတွင်လည်း ဆိုးဆေးတင်သည်။ ဆံပင်မှာ နီစွေးသည့်ဘက်သို့ လုလျက်ရှိကာ အင်္ကျီဝတ်ဆင်ပုံကလည်း ခန္ဓာအလှကို ထင်းခနဲ ဖော်နိုင်ပါသေး။ စကတ်ကမူ တိုပြတ်သည်။ အဆောင်သူအချို့က သူတို့၏ ဝတ်စားဟန်ကို စိတ်ဝင်တစား စူးစမ်းဆဲ

mgyoe.com

မေခိုင်ကတော့ အရိပ်တစ်မျိုး လွှမ်းသည့် သူတို့မျက်ဝန်းများကို မြင်သည်။ ဘယ်သို့ ဆိုရပါ့။ မလုံမလဲ လိပ်ပြာခိုသော မျက်ဝန်းလေလား။

သူတို့နေရသည့် နေရာသည် အပြင်ခန်းဖြစ်၏။ ထိုအပြင်ခန်းကို ဖြတ်ပြီးမှ မေခိုင်တို့အခန်းဆီ ရောက်သည်။ မေခိုင်သည် ရုံးချိန်များ၌ အဆောင်မှာ မရှိတတ်သူမို့ ညနေခင်းနှင့် ညဘက်တွင်သာ သူတို့ ခုတင်နားက ဖြတ်သွားဖြတ်လာပြုရင်း သူတို့ထံ မသိမသာ အကဲခတ်ဖူးသည်။ သူတို့တွင် ပစ္စည်း များစွာမပါ။ စားအိုး စားခွက် လုံးလုံးမတွေ့ရ။ အဝတ်အထည်များ ပါပုံရသည့် ခရီးဆောင်သေတ္တာ တစ်လုံးစီ၊ အလှပြင်ပစ္စည်းများ ထည့်သိုသည့် ပလတ်စတစ်ဘူးများ စသည်သာ တွေ့ရသည်။

တစ်ကြိမ်မှာတော့ မိန်းကလေး တစ်ဦးက မဝံ့မရဲ ပြုံးပြလျှင် တုံ့ပြန်ပြုံးမိသည်။ ဘာကြောင့်ရယ်မသိ ထိုအပြုံးနွမ်းကိုပင် စိတ်ဝင်စားခဲ့ဖူးသည်။ သို့သော် နာမည် မေးမြန်း မိတ်ဆက်သမှုတော့ မပြုမိချေ။ သူတို့ကလည်း နှစ်ယောက်အတူ ပြောင်းလာကြသည်မို့ အဖော်ရှိပြီးသား။ နှစ်ပတ်မျှသာ ကြာမြင့်ခဲ့၍ မေခိုင်တို့တစ်တွေ ရင်းနှီးရန်ပင် အကြောင်းမရှိခဲ့။ ခုတော့ တစ်ခန်း ရပ်လေပြီ။

တစ်ဖန် နားစွင့်တော့ အပြင်ခန်း၌ စကားသံ တီးတိုးတီးတိုး။ ငိုသံ တစ်စ။ တစ်ယောက်က ငိုနေပုံ၊ ကျန်တစ်ယောက်ကတော့ အားပေးနေပုံပဲဟုသာ မေခိုင် ကျိတ်၍ မှတ်ချက်ချသည်။

"ဘယ်တော့ ပြောင်းရမှာတဲ့လဲ မယ်မြ ဟင်"

"ညနေစောင်းပြီဆိုတော့ တစ်ည နေခွင့်ပြုမယ်တဲ့၊ မနက်ဖြန် မနက် ပြောင်းပါတဲ့"

မေခိုင် ပင့်သက်ချ၏။ ဘယ်အရပ်က လွင့်လာသည် မသိရသော ရွက်ဝါတို့သည် တစ်ဖန် ဘယ်အရပ်ဆီမှန်းမသိ လွင့်ကြရတော့မည်။ သူတို့ ဘယ်ကိုများ ရွှေ့ပြောင်းကြမည်နည်း။ လောကဝန်းကျင်တွင် ခြေတစ်စုံစာ ရပ်တည်မှုအတွက် သူတို့ ဘယ်သို့ ရုန်းကန်ကြဦးမည်နည်း။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၂

ခွဲခွာခြင်းသည် အနက်ထင်လေပြီ။

သီရိမြိုင်နှင့် အဆောင်သူတို့ ခွဲခွာရတော့မည်။ ချစ်ခင်လက်စရှိသူ မိန်းကလေး ကြီး၊ ငယ်တို့သည် ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်း ခွဲခွာကြရမည်။ ကျောတစ်ခင်းစာအတွက် ခက်ခဲသော မြို့ပြတွင် နောက်ထပ် နေရာသစ်အတွက် လှည်းတန်း၊ စံရိပ်ငြိမ်တစ်ဝိုက် ခြေရာထပ်မျှ ရှာရဖွေရဦးမည်။ နေရာသစ်၊ လူသစ် များနှင့် အသစ် အသစ်သော နေ့ရက်များကို ရင်ဆိုင်ကြရပေဦးမည်။

အဆောင်ပိုင်ရှင်တို့သည် လာမည့် နှစ်ဦးတွင် သီရိမြိုင်အား အဆောင် အိမ်အဖြစ်မှ အထပ်မြင့်တိုက်ခန်းအသွင် ပြောင်းတော့မည် ဆိုလေပြီ။ မိုးဦးက စ၍ အသိပေးသည်မှာ အချိန် ခြောက်လ ရနိုင်ရန် ဖြစ်ပါသတဲ့။ ဒီဇင်ဘာလ နောက်ဆုံး ထားကာ ပြောင်းရွှေ့ပေးရန် ဖြစ်ပါသတဲ့။ အရေးပေါ် ခေါ်ယူရသော အစည်းအဝေး သည် မျက်ဝန်းသေများ၊ တီးတိုး သက်ပြင်းရှိုက်သံများနှင့်သာ ပြီးဆုံးခဲ့သည်။

ထိုတစ်ညလုံး အိမ်ငယ်ဘက်တွင်ရော အိမ်မကြီးတွင်ပါ သန်းခေါင်တိုင် သည်အထိ လှုပ်ခတ်ဆဲပင် ရှိသည်။ တီးတိုးတိုင်ပင်ကြသည်။ တစ်ယောက် တစ်ခွန်း ထင်မြင်ချက် ဆိုကြသည်။ အကြံပေးကြသည်။ သေချာသည်ကတော့ အဆောင်သစ် ရှာတွေ့စေကာမူ နေရာတစ်နေရာလောက်သာ လွတ်လိမ့်မည်။ ခင်မင်လက်စ နှစ်ဦး၊

mgyoe.com

သုံးဦး စသည်ဖြင့် အတွဲလိုက် အတူတကွ ပြောင်းရွှေ့နိုင်မည် မဟုတ်။ တိုက်ခန်း စုငှားမည် ဆိုသူတို့သာ သည်အရေးက လွတ်မည်။ သူတို့သည် အပင်တစ်ပင်တည်းမှ ကြွေသော ခရေပွင့်လေးပမာ နေရာအစုံသို့ လွင့်ရတော့မည်။

မြသီတာ တစ်ဦးတည်းအတွက်မူ သည်လို ဖြစ်ရပ်သည် ပထမအကြိမ် ကြုံရခြင်း မဟုတ်။ ဒုတိယမြောက် ကြုံတွေ့ခြင်း။ သီရိမြိုင်သို့ သူ ရောက်လာသည်ကပင် သည်သို့ သည်နှယ် ပြောင်းရွှေ့ပုံမျိုးနှင့် ဖြစ်လေသည်။

✦

အဆောင်တွင် ခပ်စိပ်စိပ် ပေါ်နေသည်ဆိုသော ငွေပျောက်၊ ပစ္စည်းပျောက် အရေးအတွက် တရားခံလည်း မမိနိုင်ဘဲ အဆောင်တွင်း ပွက်ပွက်ညံလျက် ရှိသည့် ဒီဇင်ဘာလတွင် သီရိမြိုင်သို့ မြသီတာ ရောက်လာသည်။ သည့်အရင်ကတော့ သူသည် မဟာဆိုရှယ်လမ်းတွင် နေ၏။ အဆောင်အိမ်က ကန်ထရိုက်တိုက် ဆောက်ရန် ပြင်ဆဲမှာပင် သူတို့ အဆောင်သူတစ်သိုက်သည် နေရာသစ် ရှာဖွေ ပြောင်းရွှေ့ကြရသည်။ သည်တုန်းက သူ သီရိမြိုင်နှင့် ရေစက်ဆုံလာသည်။

သီရိမြိုင်သို့မြသီတာရောက်ချိန်သည် တီးတိုးသံများ ညံဆဲကာလတည်း။ မရှိခိုးနိုး၊ မလှစုန်းယိုး ဆိုသလို ဟိုလူ့လိုလို ဒီလူ့လိုလို ထင်ကြေးများ ပေးနေကြဆဲ။ အဆောင်ရှင်တို့သည်လည်း အမှုပတ်မည် စိုး၍ပေလား။ တိုင်ချက်ပင် မဖွင့်။

အဆောင်သူသစ် မြသီတာမှာ လေးယောက်ခန်းတွင် နေရာရသည်။ သည်တုန်းက နံရံကပ်လျက် ခုတင်နေရာ မဟုတ်သေး။ အလယ်ခုတင် ဖြစ်၏။ ယခု သူ နေရသည့် နေရာတွင် နေသော အခန်းဖော်က အင်မတန် အပြောအဆို မောက်မာတာ သတိရသည်။ အသက် ၃၀ ခန့်ရှိပြီ။ မိဘနောက်ခံ အသိုင်းအဝိုင်းလည်း အထိုက်အလျောက် ပြည့်စုံကာ သူကိုယ်တိုင်သည်လည်း ဝင်ငွေ လစာကောင်းသူ။ တစ်ဖက်သားအပေါ် အလွယ်တကူ အထင်အမြင်သေးဟန်သည် မျက်ဝန်းတွင်ပင် အထင်းသား ပေါ်၏။ သေးကျဉ်းသော မျက်ဝန်းများသည် သံသယနှင့် အစဉ်သဖြင့် စူးလျက် ရှိသည်။ ပင်ကို ချွန်သောမေးရိုးမှာ မျက်နှာချိုပင့်ဟန်ကြောင့် ကော့တက်လျက်။ မူလရှိသည့် အခန်းဖော် နှစ်ဦးနှင့်လည်း သဟဇာတဖြစ်ပုံ မရချေ။ သူ ဟက်ဟက်ပက်ပက် စကားလုပ် ပြောတတ်သည်မှာ အဆောင်ရှင်များသာ ဖြစ်ပါသတဲ့။

mgyoe.com

SAMPLE BOOK

မြသီတာသည် ရောက်စတွင်ပင် ယဉ်လှသော ဆီးကြိုပုံကို ကြုံရသည်။ ခုတင်ချင်း ကပ်လျက် နေရမည့်သူဟု မိတ်ဖွဲ့ပြုံးပြစဉ် ဆတ်ခနဲ လှည့်၍ မသိယောင် ပြုသည်။ 'အစ်မနာမည် ဘယ်လို ခေါ်သလဲဟင်' ဟု အမှတ်မရှိ မေးတော့ မဖြေ။ ဘာသဘောမှန်း မသိပြီ။ စပ်တူသုံးရမည့် စားပွဲပေါ် ပြည့်နေသော ပစ္စည်းအတိုအထွာများအား အလိုက်တသိ ရွှေ့ပေးမည် အမှတ်နှင့် စောင့်သည်။ သူက တုတ်တုတ်ပင် မလှုပ်။ နောက်ဆုံးတော့ မိမိဘာသာပဲ တစ်ဖက်သို့ တွန်းကာ ရွှေ့ကာ နေရာချရသည်။ အသစ်အလွင် မဟုတ်သော အိပ်ရာခင်း၊ စောင်တို့ကို သပ်သပ်ရပ်ရပ် ခင်းဖြန့်သည်။ အဝတ်သေတ္တာကို ခုတင်အောက်သို့ ပို့သည်။ အိမ်နေရင်း အဝတ်ဟောင်းများ လဲဝတ်သည်။ မြသီတာ လုပ်ကိုင်သမျှအား တစ်ဖက် ခုတင်မှပင် မသိမသာ အကဲခတ်ပုံကို မျက်ဝန်းထောင့်က ဖျိုးခနဲ ဖျတ်ခနဲ မြင်သည်။

ထိုတစ်ညနေက နောက်ထပ် အခန်းဖော်နှစ်ဦး ပြန်ရောက်လာ၍သာ မြသီတာ အသက်ရှူ ချောင်ရသည်။ ရောက်ရောက်ချင်း တွေ့ရသူနှင့် ဆန့်ကျင်စွာ နှစ်လိုရွှင်ပျပျ ညီအစ်မကို မြင်လျှင် သူ့အတွက် ခင်မင်ဖွယ်ရာ အခန်းဖော်များ ရပေပြီဟု သဘောပိုက်မိသည်။

သီရိမြိုင်တွင် သုံးနှစ်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည့် သူသူဇော်နှင့် သက်သက်ဇော်သည် မေခိုင် ရောက်မလာမီ အဖန်ဖန် ပြောင်းသည့် အခန်းဖော်များအနက် အခင်မင်ရဆုံးလည်း ဖြစ်ခဲ့၏။ သူတို့ညီအစ်မသည် အစဉ် စကားနိုင် လုနေတတ်ကာ အဆုံးတွင်တော့ တဟားဟား ရယ်သံများသာ ကျန်သည်။ လောကကို အကောင်းမြင်တတ်သော မျက်ဝန်းများနှင့် မျက်နှာချိုချိုတို့ကို ပိုင်ဆိုင်သည်။ တစ်ယောက်က စကားတစ်ခွန်း ပြောလျှင် ကျန်တစ်ယောက်က ထိုစကားကိုပင် ပံ့ပိုးပေးတတ်သည်။ မဆုံးနိုင်အောင်လည်း ငြင်းတတ်သည်။ သုံးယောက်သာ ရှိသည့်အချိန်မျိုး၌ အဆောင်သူ အချို့၏ သဘောသဘာဝ၊ ဆောင်ရန် ရှောင်ရန်များကိုပါ ဖောက်သည်ချတတ်သေးသည်။ ထိပ်ဆုံးက ပါလာသည်ကတော့ မြသီတာနှင့် ယခုတိုင် မေးထူး ခေါ်ပြော အဆင့်ထက် မပိုသူ၊ ခုတင်ချင်း ကပ်နေရသူ။

"သူက ဟိုတစ်လောက ပိုက်ဆံ ရှစ်သောင်းလောက် ပါသွားတယ် မမြရဲ့၊ ခုထိလဲ သူခိုးက မပေါ်သေးဘူး ဆိုတော့ ဘယ်သူ့ကိုမဆို သံသယ ဖြစ်နေတာ၊ မီးတို့ကိုလဲ သံသယဖြစ်ရင် ဖြစ်နေမှာ၊ ဒီညီအစ်မ မိဘက ဘယ်လောက်များ ရှိလို့ ပါလိမ့်၊ စားလိုက်ကြတာ၊ သုံးလိုက်ကြတာနဲ့ နေမှာ၊ ထုတ်သာ မပြောတာ"

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကိုယ်သူ ညွှန်းလျှင် မီးဟု နာမ်စား သုံးမြဲဖြစ်သော ညီမငယ် သက်သက်ဖော်က အရယ်တစ်ဝက်နှင့် ဆိုသည်။

"အခု သူ့ပိုက်ဆံတွေ ထားတဲ့ သေတ္တာကို သော့နှစ်လုံး ခတ်တာ တွေ့တယ် မဟုတ်လား၊ ပြီးတော့ သေတ္တာဖွင့်ပြီ ဆိုရင် မျက်လုံးက ဝေ့လိုက်သေးတယ်၊ ဟော့ဒီလို ဟော့ဒီလို"

သူသူဖော်၏ အားကျမခံ အမူအရာကို ငေးလျက်ကပင် သူ့အား ရံဖန်ရံခါ အမှတ်မဲ့ဟန် အကဲခတ်လေ့ရှိသည့် မျက်ဝန်းစိမ်းများကို မြသီတာ သတိတရ ရှိလာသည်။ ရွှေမှုန်တစ်စပင် မကပ်သော၊ အဖိုးတန် အဝတ်အထည် မဆင်သော သူ့အသွင်သည် အထင်ကြီးလောက်စရာ ရှိမည် မဟုတ်။ အလုပ် မဝင်ရမီ သင်တန်းတက်ဆဲ ကာလဖြစ်၍လည်း မိဘထံမှ အလီလီလက်ဖြန့် တောင်းရန် ဝန်လေးသူမှာ အသုံးအစွဲ ကျစ်လျစ်ရသည်။ ထမင်းထုပ်၊ ဟင်းထုပ်လေးများ တစ်နပ်စာ ချွေချွေတာတာ ဝယ်လာသည်ကို 'ဒါလောက်လေးပဲ စားတာ ဝသလား' ဟု တစ်ကြိမ် မေးဖူး၏။ ဘယ်လောက်များ စိတ်ထဲ ကျိတ်ပူပန်နေမှာပါလိမ့်။ ပြီးတော့ ခုတင်ချင်းကလည်း ကပ်လျက်လေ..။

"အေးလေ၊ ပျောက်တာကလဲ ရှစ်သောင်း ဆိုတော့ နည်းမှ မနည်းဘဲ၊ အဆောင်လခပဲ ဆိုရင် တစ်လ ၇၀၀၀ နဲ့ တစ်နှစ်လောက် နေလို့ရတယ်နော်"

"မီးလဲ ပါဖူးတယ် မမမြရဲ့၊ တစ်သောင်းလောက်ပဲ၊ ဒါပေမဲ့ နှမြောလိုက်တာ"

"အခန်းတံခါး ပိတ်မထားလို့လား"

"ပိတ်ထားတာပဲ မမမြရယ်၊ လုပ်တဲ့လူကဖြင့် ပါးလွန်းလို့ ခုထိ မမိတာနေမှာ"

"အဆောင်မှာ ရှိချိန်တွေလဲ တူမှ မတူဘဲကိုး၊ သူသူတို့လို သင်တန်းတက်ပြီး နေ့ခင်း အဆောင်မှာ ရှိနေတဲ့သူတွေလဲ ရှိတယ်၊ ရုံးသမားတွေလဲ ရှိတယ်လေ၊ နေ့ခင်းပိုင်း ရှိတဲ့သူ ဖြစ်မယ်လို့ မှန်းကြရော၊ ဒါပေမဲ့ နေ့ခင်းပိုင်း သင်တန်းသမားကကို ၁၀ ယောက်လောက် ရှိမယ်၊ ဒီအခန်းမှာကို မမမြရော၊ သူသူတို့ရော သုံးယောက်တောင်"

"အမယ်လေးနော်၊ ငါ့မလဲ သေမယ့်နှစ်မှ စစ်ထဲ လိုက်တယ်"

မြသီတာက စိတ်ပျက်လက်ပျက် ကြားမှ အရွှန်းဖောက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ပုသိမ်တက္ကသိုလ်က ဘွဲ့ရသည့်နောက် ရန်ကုန်သို့ ခြေဆန့်၍ အလုပ်ရှာမည်ပြင်စဉ် အဖေ ဆိုဆုံးမဖူးသည်ကို ကြားယောင်သည်။ လူပေါင်းစုံ၊ စရိုက်ပေါင်းစုံ ကြုံရတော့မည်ဖြစ်၍ လောကအလယ် အနေတတ်ရန်၊ တတ်နိုင်သမျှ လူ့ပတ်ဝန်းကျင်ကို အကောင်းမြင် အကျိုးပြုရန်၊ မည်သည့် အခက်အခဲ ကြုံသည် ဖြစ်စေ အရှုံးမပေးရန်…။ တတ်သိလိမ္မာသော သမီးလတ် မြသီတာကို မိဘများက ယုံသည်။ အဝေးသို့ လွှတ်ရလည်း မိမိကိုယ်ကိုယ် ကောင်းစွာ ထိန်းကျောင်းနိုင်မည့်သူဟု ယုံသည်။ အနေအေးသော သမီးကြီး မြနီလာနှင့် ဒေါသထွက်လွယ်၊ သွေးဆူလွယ်သော သားငယ် အောင်ညီထွေးတို့အကြားက သမီးလတ်၏ စရိုက်က တစ်မျိုးတစ်ဘာသာတည်း။ စိတ်ဆတ်ခြင်း၊ သဘောထား ပျော့ပျောင်းခြင်း၊ သံယောဇဉ်ကြီးခြင်း၊ စိတ်မထင်လျှင် ဥပေက္ခာပြု တတ်ခြင်းတို့သည် သမီးလတ်၏ သွေးသားထဲတွင် စိမ့်ဝင်လျက် ရှိသည်။ ရည်မှန်းချက်ကြီးသူ။ ပင်လယ်ပြင်ကျယ်ထဲ ရွက်လွှင့်ထွက်ခွာလိုသူ။ မုန်တိုင်း အရိပ်အယောင်မျှနှင့် ခြေလှမ်းဆုတ်မည့်သူ မဟုတ်။

အဖေ ထုတ်ပေးသည့် ငွေကျပ် တစ်သိန်းကို လက်ထဲ မြဲမြဲဆုပ်ကာ သင်္ချာဘွဲ့ရ မြသီတာတစ်ယောက် ရန်ကုန်သို့ ခြေချခဲ့သည်။ အဆောင်သူဘဝ စသည်။ ကွန်ပျူတာသင်တန်း သုံးလ တက်သည်။ အင်္ဂလိပ်စာကတော့ မူလကတည်းက အခြေခံ ကောင်းခဲ့ပြီးသား။ သူ့ဖခင်သည် အထက်တန်းပြ အင်္ဂလိပ်စာဆရာ..။ အလုပ်ခွင် ဝင်ရန်အတွက် သင်တန်းဆင်းလက်မှတ် မဟုတ်သည်ကလွဲ၍ သူ့တွင် ပညာအခြေခိုင်၏။

ရန်ကုန်သည် သူ့အား နေရာအခက်အခဲနှင့် စတင် နှုတ်ဆက်သည်။ တစ်နေ့ကုန် အဆောင် လိုက်လံရှာဖွေရသည်။ နောက်ဆုံးတော့ မဟာဆိုရှယ်လမ်းမှာ နေရာရသည်။ သုံးလအထိပါပဲ။ သင်တန်းလည်း ဆုံး၊ အဆောင်လည်း ရွှေ့ရသည်။ သီရိမြိုင်အဆောင်ကိုပင် သင်တန်းသူတစ်ဦး၏ အဆက်အစပ်နှင့် ရောက်လာသည်။ သီရိမြိုင်ရှိ အဆောင်သူအချို့လိုပင် မြသီတာသည် အလုပ်ရရန် ကြိုးပမ်းလျက်။ သတင်းစာကို နောက်ကျောက လှန်ကာ အလုပ်ခေါ်ကြော်ငြာ တွေ့လိုတွေ့ငြား နေ့စဉ် ရှာရသည်၊ လေဘာကတ် လုပ်သည်။ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ စသည့် လိုအပ်သမျှ ထောက်ခံစာများ ယူရသည်။ အလုပ်ခေါ်ပါက ထောက်ခံစာများ ဘာကြောင့် တောင်းယူကြသည်ကို သူမသိ။ သို့သော် အကျင့်စာရိတ္တကောင်းမွန်ကြောင်း မိနစ်ပိုင်းအတွင်း ရေးပေးလိုက်သည့် ထောက်ခံစာကို ရလျှင် ကျေးဇူးတင် ဝမ်းမြောက်စွာ ပြန်လာသည်။

mgyoe.com  SAMPLE BOOK 

သူသည် ရုံးလုပ်ငန်းကို စိတ်ဝင်စားသည်မို့ ရုံးဝန်ထမ်း နေရာသာ လျှောက်ရန် ပြင်သည်။ ရုံးသုံးခုသို့ တစ်ပြိုင်တည်း လျှောက်ရသည်။ ဆူးလေ၊ မြေနီကုန်း၊ ပုဇွန်တောင် စသည်ဖြင့် မတူညီသော နေရာသုံးခုသို့ လိပ်စာပါအတိုင်း အူလည်လည် ပင် သွားရသည်။ လျှောက်လွှာတင်သည်။ အင်္ဂလိပ်စာ အသိအမှတ်ပြု လက်မှတ်မေး သော ရုံးကိုတော့ မရှိပါကြောင်း ခေါင်းခါပြခဲ့ရသည်။

သူ လျှောက်ခဲ့သည့် အလုပ်များအနက် တစ်ခုက အင်တာဗျူး ခေါ်ပါ သည်။ ဒုတိယအဆင့်အထိ ရောက်သည်။ သို့သော် အဖြေကို ချက်ချင်း မသိရ။ ခန့်မည်လား၊ ပယ်သည်လား မရေရာ။ နောက်နှစ်ခုကတော့ လှမ်းပင် မဆက်သွယ်။ စာရွက်ပေါ်က မြင်ရသော မြသီတာ၏ အရည်အချင်းမှာ အလုပ်ခန့်လိုသူတို့ အပေါ် ဆွဲဆောင်နိုင်ပုံ မရချေ။

သည်ကြားထဲတော့ အဖေ ပေးလိုက်သော ငွေကလေး ကုန်ခန်းပြီ ဖြစ်ရာ နောက်တစ်ကြိမ် ငါးသောင်းကျပ်ကို မျက်နှာပူပူနှင့်ပင် မှာရသည်။ 'သမီး အလုပ် ရရင် ပြန်ပေးမှာနော်'..။ အဖေ့ရယ်သံ ဝါဝါမှာ အိမ်အဝေးက သမီးကို လှိုက်ခနဲ လွမ်းတစေသည်။ မြသီတာသည် ဒေါ်ခင်မေတို့အခန်းတွင် ဖုန်းပြောရ၍သာ မျက်ရည် မကျအောင် တင်းထားရသည်။ အခန်းတွင်း ရောက်လျှင်ကား တိတ်တဆိတ် မျက်ရည်ကျမိသည်။ သို့သော် သူသူဇော် ညီအစ်မ ပြန်ရောက်လာလျှင်တော့ လွမ်းခန်းမှာ ပျက်ရပါရော။

လေဝင် လေထွက် ညီညွတ်သော်လည်း လေးယောက် နေဖို့ရန် ကျဉ်း မြောင်းသော အဆောင်အခန်းတွင် သူတို့ညီအစ်မ ရှိ၍သာ နေပျော်ခဲ့ရပါပေသည်။ နို့မို့သာဆို မြသီတာအတွက် ရင်ဆိုင်ရ ခက်ခဲသော ကာလများ။ အနာဂတ်သည် ပိန်းပိန်းမှောင်လျက်။ ငွေက ပါးလျလာသည်။ ထမင်းနပ် မှန်သေးသည်ကိုပင် ကြံဖန် ဝမ်းသာနေရသည်။ သို့သော် အသားဟင်းကို မမြင်ရသလောက် ဖြစ်သည်။ ကော်ဖီမစ် တစ်ထုပ်ကို လူမမြင်စေရန် ပုန်းလျှိုးကွယ်လျှိုး ဖောက်လျက် ချန်လျက် နှစ်ကြိမ်ခွဲ သောက်သည်။ အိမ်ကို မြင်ယောင်လျက် အပြေးပြန်လိုသည်မှာ မကြာခဏ။ ထိုထို သော ကာလတွင် ရယ်မောတတ်စေဖို့ရာ ရှိခဲ့ဖူးသော အခန်းဖော်လေးတို့ ကျေးဇူး ကြီးပါပေသည်။

အဆောင်တွင်တော့ သူခိုးဇာတ်လမ်းသည် တွင်ကျယ်ဆဲ။ မြသီတာမှာ အဆောင်သူအသစ်မို့ ရေချိုးကန်တစ်ဝိုက် စကားစမြည်လုပ်ကြသည့်အထဲ မဝင်

mgyoe.com

mgyoe.com

သာသေး။ သူတို့တစ်တွေ ပြောသမျှကိုသာ နားစွင့်ရသည်။ ထင်ကြေးမှာတော့ မရေမရာ ဝေဝေဝါးဝါး။ အဆောင်သူများအားလုံး၏ မျက်နှာရိပ်ကို အကဲဖမ်းပြန်တော့ အဘယ်သူမျှ ထူး၍ မျက်နှာပျက်မနေ။

သည်ကြားထဲ မြသီတာမှာ မနေနိုင် မထိုင်နိုင် မျက်နှာထားရ ခက်မိသေးသည်။ ဒီသူခိုးလည်း မြန်မြန်ပေါ်မှပဲ..။

နောက်တစ်လမျှ ကြာသည့်အခါတွင်တော့ အဆောင်သူများ ရော်ရမ်းမှန်းခဲ့ကြသော မမြင်ကွယ်ရာမှ ပုံရိပ်ရှင်က ကိုယ်ထင်ပြသည်။ လူမှန်ကို မြင်ရပြီ။ အဆောင်မှ နေ့ချင်း ပြောင်းပေးရန်လည်း ဒေါ်ခင်မေတို့ ရာဇသံ ထုတ်ပြီ။

တံခါးမကြီးနှင့် တည့်တည့်ကျသည့် အခန်းက ပစ္စည်းသိမ်းထုပ်စ ပြုသော မိန်းကလေးကို မြင်လျှင် မြသီတာ အံ့အားသင့်ရသည်။ ခင်မင် ရင်းနှီးခြင်း မရှိစေကာမူ ဖြတ်သွားဖြတ်လာ ဆုံလျှင်တော့ ပြုံးပြ နှုတ်ဆက်ရှိသည်။ မိန်းကလေးသည် သူ့ထက်သုံးနှစ်လောက်တော့ ငယ်လိမ့်မည်။ တိုကပ်ကပ်ဆံပင်တွင် ဘီးကုပ်ရောင်စုံဆင်ကာ အရောင်လွှင်လွှင် ဂါဝန်လေးများ ဝတ်တတ်ပုံ၊ ကြိုးသိုင်းဖိနပ်လေးများ စီးတတ်ပုံကို မျက်မှန်းတန်းမိသည့်နောက် လှလှပပ နေတတ်သူဟု သူမှတ်ချက်ချခဲ့ဖူးသည်။ တစ်ချိန်မှာ ဒီအဖြစ်မျိုး ကြုံလိမ့်မယ်လို့ ဘယ်သူ ထင်မလဲ။

အစဉ် မြူးရွှင်သော မျက်ဝန်းများသည် ကိုယ်တိုင် စိုက်ပျိုးသည့် အသီးအပွင့်ကို ရိတ်သိမ်းရချိန်မှာတော့ ညှိုးရော်ခဲ့လေပြီ။ ရယ်သံ ဆိတ်ခဲ့ပြီ။ ညနေစောင်းလျှင်တော့ အဆောင်ဝင်းအပြင်သို့ ခပ်လေးလေးပင် ထွက်ခွာသည်။ ရွယ်တူ လူငယ်လေးတစ်ယောက်က ပစ္စည်း ကူသယ်၏။ အဆောင်ဝင်းအပြင်အထိ အဝတ်အိတ်ခပ်လေးလေးကို တစ်ယောက်တည်း မနိုင်မနင်း သယ်စဉ် အိမ်မကြီးဘေး ခုံတန်းရှည်ရှိ မိန်းကလေးနှစ်ဦးက ခပ်အေးအေးပင် ကြည့်နေသည်။ မူရင်း နေထိုင်ခဲ့ရာ အခန်းငယ်တွင်တော့ တစ်ယောက်တည်းသာ ကျန်ရစ်သည့် အခန်းဖော်၏ ငိုသံက မှန်မှန်ပင် ထွက်ပေါ်နေသည်။ မိဘက ပေးနိုင်သည့် ပမာဏထက် အသုံးပိုခဲ့ပုံရသော မိန်းမချောလေးသည် ခုတော့ အဆောင်၌ တီးတိုးသံများစွာကို ချန်ရစ်ခဲ့လေပြီ။

အဖြစ်မှန် သိရသည့်ညဉ့် ထိုမိန်းကလေး၏ ဇာတ်လမ်းစုံကာသာ အဆောင်သူတို့၏ ညအချိန် စကားဝိုင်းများဝယ် နေရာယူတော့သည်။ မူလက အနေခက်ခဲ့ရသူတို့ ပွင့်လင်းလွတ်လပ်စွာ ရယ်မောနိုင်ပြီ။ မြသီတာတို့ သုံးယောက်မှာလည်း ထိုတစ်ညက တော်တော်နှင့် အိပ်မပျော်။ စကားစမြည် ဆိုစရာများစွာ ရှိကြသည်။

mgyoe.com

mgyoe.com

မြသီတာနှင့် ခုတင်ချင်း ကပ်သည့် အဆောင်သူက ငွေများ ပြန်တောင်းမည် တကဲကဲ လုပ်သတဲ့။ အိပ်ပျော်နေသူကို စောင်းငဲ့ကြည့်ကာ သက်သက်ဇော်က တီးတိုးပြောပြသည်။

"မီးလဲ မီးပိုက်ဆံ တစ်သောင်းကို တောင်းလိုက်ရမှာ၊ မေ့သွားတယ် ကြည့်ဦး"

"နှင့် တစ်သောင်းလောက်များ ရနေဦးမယ်၊ လက်စွပ် ပါဖူးတဲ့သူတောင် ဘာမှ မလုပ်နိုင်ဘဲ ကျန်ခဲ့တဲ့ဥစ္စာ"

"တစ်သောင်းလဲ နည်းသလား မမသူသူရဲ့၊ တစ်သောင်း ဆိုတာ ရခိုင် မုန့်တီ စားရင်၊ မုန့်ဟင်းခါး စားရင် အပွဲတွေ အများကြီး စားရမှာ သိလား၊ မီး ဘယ် လောက် နစ်နာတယ်မှတ်လဲ"

"အံမာ၊ ပိုက်ဆံပျောက်သလေး ဘာလေးနဲ့ နင် မေမေ့ဆီက ပျစ်ခွဲပြီး ပြန်တောင်းပြီးတော့များ"

"မေမေ ပေးတော့ မမသူသူလဲ ရတာပဲဟာ၊ ပိုက်ဆံလဲ မပျောက်ဘဲ မီးနဲ့ အတူတူ ရပြီးတော့"

"တော်ကြပါတော့ဟ"

မြသီတာ ရယ်ကာမောကာ ဝင်ပါတော့မှ စကားနိုင်လုတာ ရပ်သည်။ မရပ်၍လည်း မဖြစ်။ အိပ်ပျော်နေလျက်က အင်းခနဲ အသံပြုကာ တစ်ချက် လှုပ် သည်ကိုး။ အခန့်မသင့်လျှင် နံရံကို ဒိန်းခနဲ တစ်ချက်လောက် ထုတာ ကြုံရနိုင်သည်။ ဒေါ်ခင်မေ၊ ဒေါ်ခင်ဝေတို့ထံ တိုင်ချက်ရောက်နိုင်သည်။

ညဉ့်နက်တော့ ညီအစ်မနှစ်ဖော် အိပ်ပျော်လျှင် အခန်းမီးပိတ်သည်။ လရောင်ရိပ်ကမူ အခန်းတွင်း မရဲတရဲ တိုးဝင်လင်းဖြာလျက်၊ မြသီတာသည် ငိုးတဝါး အလင်းတွင်ပင် မျက်လုံးဖွင့်ကာ တွေးငေးနေသည်။ မျက်နှာကြက်တွင် ရုပ်ရှင်ပမာ မြင်ကွင်းများစွာ မြင်သည်။ ဘဝတစ်ကွေ့၌ အဖန်ဖန် တွေ့ခဲ့သော အရိပ်များစွာ။ သူ့ဘဝသည် ဘယ်အထိ ခရီးဆက်ဦးမည်နည်း။ အနာဂတ်ကကော ဘယ်သို့ဘယ်ပုံ ရှိမည်နည်း။ စိတ်ကူး မျှော်လင့်ခဲ့သလောက် ဆေးသား တောက်ပ ရှိနိုင်ပါ့မလား။

ထိုစဉ်ကတော့ မြသီတာ၏ အနာဂတ်အိပ်မက်သည် မိဘများ အိုမင်း ချိန့်၌ အားကိုးအားထား ပြုရမည့်သမီး ဖြစ်လိုသည်။ အလုပ်အကိုင် ကောင်းကောင်း၊ ဝင်ငွေကောင်းကောင်း ရှိနေချင်သည်။ ကိုယ်တိုင်လည်း တစ်ဖက်တစ်လမ်းက ပညာ ဆက်၍ ဆည်းပူးဦးမည်။ သည့်မျှသာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


အနာဂတ်ဟု တွေးလျှင် သူငယ်ချင်းမိတ်ဆွေအပေါ် ထားအပ်သော ချစ်ခြင်းမှအပ အခြား တစ်ပါးသော မေတ္တာသည် အရိပ်မျှပင် မပါရှိခဲ့။ နောင် နှစ်နှစ်မျှ ကြာသောအခါ တစ်မိုးအောက်၌ နောက်တစ်ဖန် ရှာမတွေ့နိုင်တော့မည့်ပမာ ချစ်ရသူ ရှိလာမည်ဟု ထိုစဉ်က တစ်ယောက်ယောက်များ ဆိုလျှင်လည်း မြသီတာ ပြုံးခဲ့မိပေမည်။

✦

"ထားထား ငိုနေတယ် သိလား မယ်မြ၊ ထမင်းလဲ မစားဘူးလို့ ပြောနေတယ်"

မေခိုင်သည် ရေချိုးကန် ရေပိုက်မှ လွှင့်ကျသည့် ရေမှုန်ရေမွှားများကို လက်နှင့် ထိခတ်လိုက်သည်။ ဖြူကြည်နေသော ရေမှုန်အရိပ်တွင်ပင် မျက်ရည်ပြည့်သည့် ထားထားလွင်၏ မျက်နှာကို မြင်သည်။ အငိုမျက်ဝန်း၊ နာကျင်အရိပ်။

သည်ညနေခင်း ရုံးအပြန် အခန်းတွင်း ဝင်လိုက်ရုံ ရှိသေး၊ ငိုသံသည် မေခိုင့်အား နှုတ်ဆက်နေပြီ။ တအိအိ ရှိုက်လျက် လှိုက်လျက်နေသော ငိုသံ။ ထားထားလွင်သည် ခုတင်ပေါ် ခွေခေါက်နေ၏။ ရှိုက်သံသည် သူ့ထံမှ မှန်မှန် ထွက်ပေါ်လျက်။ အိတ်ကို ခုတင်ပေါ် အသာချကာ ထားထားလွင်ထံ ဦးတည်ရသည်။ စနေနေ့ ဆိုလျှင် နားရက်မို့ အခန်းတွင်း ရှိနေမြဲ မြသီတာကိုလည်း မတွေ့ရ။ တစ်ယောက်တည်း ကျန်နေခိုက် သည်လို မျက်ရည်လည်ရွဲဖြစ်ရတာသည် အိမ်လွမ်းလို့ပါပဲဟု မေခိုင် တွေး၏။ ထားထားလွင်တွင် ချစ်သူ မရှိပေ။

"ဘာဖြစ်တာလဲ ထားထား ဟင်"

ထားထားလွင်သည် ခေါင်းကို တစ်ချက် ခါယမ်း၏။ မျက်နှာကို ခေါင်းအုံးနှင့် အသက်ရှူကျပ်မတတ် ဖိကပ်ထားရာက မခွာ။

"ဘာလို့ဒီလောက် ငိုနေရတာတုံး ထားထားရဲ့ ဟင်... မငိုနဲ့နော်၊ ခေါင်းတွေ မူးကုန်မှာပေ့ါ"

မေခိုင့် စကားသံသည် ထားထားလွင်အဖို့တော့ ခေါင်းခါရန် အချက်ပေးသံပမာ။ ရှိုက်သံပင် ပိုကျယ်လာပြီ။ ဘယ်လို မေးမြန်းနှစ်သိမ့်ရပါ့။ သည့်ထက်လည်း သူ မဆိုတတ်။ မြသီတာ ဆိုရင်တော့ ဒီထက် ပြောတတ်မှာ။

စားပွဲတင် နာရီမှ လက်တံရှည်သည် ၆ ဂဏန်းသို့ ညွှန်လျက် ရှိပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

"ထနော် ထားထား၊ ရေချိုးပြီးပြီလား၊ ထမင်း အတူစားရအောင် နော်၊ ထ..ထ.. မငိုနဲ့တော့"

"ဟင့်အင်း မစားချင်ဘူး၊ မစားဘူး"

ထားထားလွင်၏ ဖြူဖျော့ဖျော့ မျက်နှာသည် မျက်ရည်ရိပ်နှင့် ရဲလျက်ရှိ၏။ နှာခေါင်းဖျားမှာ ရဲရဲနီနေသည်။ ဖိမှိတ်ထားသော မျက်လုံးအိမ်မှ မျက်ရည်က တလိမ့်လိမ့်စီးကျ၏။ မေခိုင်သည် သက်ပြင်းရှိုက်ကာ ငိုသူအပါးမှ ခွာသည်။ ဘာဆက်ဆိုလိုက်ရမည် မသိပြီ။ လောလောဆယ်တော့ ငိုနေရမှ နေသာလည်း ရှိပါစေ။ မပြောလိုလည်း ရှိပါစေ။

မြသီတာ၏ ခုတင်ကို တစ်ချက်မျှ အကဲခတ်ကာ ရေချိုးကန်ဘက်ဆီသို့ မေခိုင် ထွက်လာသည်။ အပြင်ထွက်လျှင် ပါစမြ လက်ကိုင်အိတ်ရှိနေမှတော့ မြသီတာ အဆောင်တွင်သာ ရှိလိမ့်မည်။ ထမင်းမစားမီ ရေချိုးတတ်သူသည် ရေချိုးကန်တွင်သာ ရှိလိမ့်မည်။

ထင်သည့်အတိုင်းပင် မြသီတာကို အသင့်တွေ့ရသည်။ ရေတင်သံ၊ ရေကျသံ ကြားမှပင် မြသီတာ၏ ရေတဖွမ်းဖွမ်း လောင်းသံက တစ်ဆက်တည်း ရောနှော ပေါ်ထွက်လျက်။

သတင်းစကားနှင့်အတူ ရေချိုးကန်အနီး ရောက်လာသော မေခိုင့်ကြောင့် ရေတစ်ခွက်ပြီး တစ်ခွက် လောင်းချိုးနေရာက မြသီတာ တန့်ခနဲ ရပ်သည်။

"ခုနကတည်းက ငိုနေတာပဲ ခိုင်ရဲ့၊ ငါ ချော့ပြီးပြီ၊ မရဘူး"

"ဘယ်လို ဖြစ်တာတဲ့တုံး"

"သူ့ကို အိမ်က ပြန်ခေါ်နေပြီတဲ့၊ အဆောင်သစ်လဲ ရှာမနေနဲ့တော့၊ သင်တန်းလဲ တက်မနေနဲ့တော့တဲ့၊ ပြန်လာခဲ့တော့ ဆိုလား"

"အေးလေ၊ ပြန်ပေါ့၊ သူက အဖေ၊ အမေသာ မရှိရှာတော့တာ၊ သူ့ကြီးကြီးနဲ့ ဒေါ်လေးက သိပ်ချစ်တာဆို၊ သားသမီးလဲ မရှိတဲ့ အပျိုကြီးတွေမို့ သူ့ကိုပဲ ပုံချစ်နေတာဆို၊ သူပဲ ပြောပြောနေတာ"

"ဒါပေမဲ့ အိမ်မှာ သူ မပျော်ဘူးတဲ့၊ မပြန်ချင်ဘူးတဲ့"

'အိမ်မှာ မပျော်ဘူး' ဟု ဆိုတတ်သူများကို မေခိုင် လုံးလုံး နားမလည်ချေ။ သူတို့တစ်တွေ ဘာကြောင့် အိမ်မှာ မပျော်ပါသနည်း။ သူကကော အိမ်မှာ ဘာကြောင့် ပျော်မိပါသနည်း။ ပျော်ရွှင်သော အရပ်ကို စွန့်ရသည့် အနာသည် မပျော်ရွှင်ရာ အရပ်သို့

mgyoe.com

SAMPLE BOOK

ဦးတည်ရသည့် အနာနှင့် ထပ်တူသာ ဖြစ်၏။ သူကတော့ ပျော်ရာအိမ်ကို ထားခဲ့ရသူ။ မြင်မြင်လေရာ လူများစွာသည်လည်း သူ့လို အိမ်လွမ်းသူများသာဟု ထင်သည်။ အိမ်မပြန်ချင်ဘူးဟု ထားထားလွှင် ပြောစဉ် ထိုစကားကိုပင် အံ့အားသင့်ရသည်။ ခုလည်း သည်စကားကို ကြားရပြန်ပြီ။

"သူ့ကို သိပ်ချုပ်ချယ်တာ ဆိုလား ငါ့ကို တစ်ခါ ပြောဖူးတယ် မယ်မြရဲ့၊ အပြင်ထွက်တာတောင် သိပ်မကြိုက်ဘူးတဲ့၊ အိမ်မှာပဲ နေစေချင်တာတဲ့၊ သူငယ်ချင်းတွေနဲ့ သွားတာ လာတာ ပြောတာဆိုတာ မကြိုက်ဘူး ဆိုလား၊ အေးလေ၊ နှစ်ဆယ်ကျော်ကျော်လေးပဲ ရှိသေးတာ၊ လွတ်လွတ်လပ်လပ် နေချင်တဲ့အရွယ် ဆိုတော့လဲ ပြောရခက်သားပဲ"

မြသီတာသည် ဝါးလုံးတန်းထက် တင်ထားသည့် ရေလဲလုံချည်ဟောင်းကို ဆွဲယူလဲလှယ်သည်။ ပခုံး၊ လည်ပင်းတစ်ဝိုက်တွင် ကပ်သည့် ရေစက်တို့ကို တဘက်နှင့် ပွတ်သုတ်သည်။ မျက်နှာကိုမူ ရေစက်လက်ပင် ချန်ထားသည်။ ရေစက်များ တဖြည်းဖြည်း သွေ့ခြောက်သည်ကို သူ အလွန် နှစ်လိုသည်။ ရေစက်တို့သည် ပါးပြင်မှာ၊ နှုတ်ခမ်းထောင့်စွန်းမှာ၊ နဖူးဆံစမှာ၊ မျက်ခုံးထက်မှာ။

ရေချိုးကန်ပေါင်ပေါ်တွင် စီတန်းတင်ထားသော ဆပ်ပြာဘူး၊ မျက်နှာသစ်ဆေးဘူး စသည်တို့ကို ခြင်းလေးထဲ စီထည့်သိမ်းဆည်းသည်။ လေယူရာယိမ်းနွဲ့ ဝေ့ဝိုက်သည့် သစ်ခက် သစ်ရွက်တို့ကို ငေးကာ မေခိုင် တီးတိုးဆိုပုံကို မြသီတာ ပြုံးလိုစိတ်ဝင်သည်။

"သူ့လို နင့်အိမ်က ပြန်ခေါ်ရင် နင်ကော ပြန်မှာမို့လား"

"ဟဲ့– ငါက လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ ပြန်လို့ ဖြစ်မလား"

"သူလဲ သူ့ကိုယ်သူ အဲဒီလို ထင်ရင် ထင်မှာပေါ့"

"မတူပါဘူး မယ်မြရယ်၊ သူက အိမ်မှာ မပျော်လို့ မပြန်ချင်တာပါ၊ ငါက အိမ်မှာ ပျော်ရက်နဲ့ မပြန်နိုင်တာပါ"

မေခိုင်သည် ကန်ရေအပြည့်၌ ရေစက်အမောင်းရပ်ပြီမို့ လှုပ်ခတ်ဆဲ ရေပြင်ကို ငေးနေသည်။ မတည်ငြိမ်သော ရေပြင်တွင်ပင် အမေ့ရုပ်သွင် ထင်ဟပ်သလို မြင်လာသည်။ နောက်တော့ မောင်ငယ်လေး၏ နုသစ်ရွှင်လန်းသော မျက်နှာ။ အိမ်သည် ရယ်သံများနှင့် ပြည့်လျှမ်းသော ပျော်မွေ့ဖွယ် ရိပ်မြုံ။ သို့သော် ဝေးမြဝေးသည့် ရိပ်မြုံ။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဒါနဲ့ ငါတို့ အဆောင် ဘယ်တော့ ရှာကြမလဲ"

မေခိုင့်အသံက စိတ်မသက်သာခြင်းဖြင့် တိုးလျလျက်။

မြသီတာသည် တဘက်ကို ကိုယ်ပေါ်သို့ ဆွဲယူခြုံလွှမ်းကာ ရေချိုးပစ္စည်းများ ပါဝင်သည့် ပလတ်စတစ်ခြင်းငယ်ကို ဆွဲကာ ရေချိုးကန်မှ ထွက်ရန် ခြေလှမ်းပြင်ရာက မေခိုင့်ထံ လှည့်ကြည့်သည်။ အစည်းအဝေး ပြီးပြီးချင်း ညက မျက်ရည်ကျသေးသော မိန်းကလေးသည် ခုလည်း မျက်နှာညှိုးလျက်။ စိတ်မာမယောင်နှင့် အားငယ်လွယ်သော၊ သို့သော် လိုအပ်လျှင်တော့ ဇွဲခတ်ကာ စိတ်ဆောင်တတ်သော မေခိုင်။

ထိုတစ်ညက မေခိုင့်အား အငိုတိတ်ရန် နှစ်သိမ့်နိုင်ခဲ့သည့် မြသီတာသည် ခုလည်း နေရာသစ် ရှာတွေ့ခဲ့ပြီးသူပမာ ရွှင်ရွှင်မြူးမြူး ရယ်မောလိုက်လေသည်။

"ခိုင်ကလဲ၊ အခုမှ ဇွန်လကွဲ့၊ အဆောင်က ပြောင်းပေးရဖို့ ဒီဇင်ဘာလ ရောက်ဖို့ နောက် ခြောက်လကြီးများတောင် လိုသေးတယ်"

✦

"မြသီတာ ပြောတာ ဟုတ်သားပဲ၊ အချိန်ရှိပါသေးတယ် ခိုင်ရဲ့၊ ဒီလောက် စိတ်ပူစရာ မလိုသေးတဲ့ ဥစ္စာကို ကြံဖန် စိတ်ပူနေတာ ခိုင်ပဲ ပင်ပန်းတာပေါ့"

မေခိုင်သည် ကော်ဖီခွက်ထဲက အငွေ့ရိပ်ရိပ်ကလေး တက်သည်ကို ငေးသည်။ သင်းပျံ့ပျံ့ ရနံ့ကို ရှိုက်သည်။ ညိုရင့်ရင့် ကော်ဖီရည်သို့ သကြား ဖြည့်ကာ မွှေသည်။ ခွက်နှင့် အသင့်ချပေးသည့် နို့ကို ဖြည့်သည်။ တစ်ချက်၊ နှစ်ချက် မွှေကာ အရသာ မြည်းစမ်းသည်။ ခါးဆိမ့်ဆိမ့်။

ကော်ဖီအရသာကို ကျေနပ်တော့မှ မေခိုင် မျက်လွှာပင့်သည်။ ရှေ့တူရူတွင်တော့ ချစ်သူ ရှိသည်။ မေခိုင့်ချစ်သူ လေးသက်ထင်သည် စကားမပြန်သေးပုံကို ပင် စောင့်စားလျက် ရှိလေသည်။

"မယ်မြနဲ့ မောင်က မောင်နှမဆို ယုံလောက်တယ်၊ ခိုင့်ကို တစ်ခါ တစ်ခါ ဆူကြတာ တစ်လေတည်း"

"ဟ... ဆူနေတယ် သဘောထားတယ်ပေါ့၊ စေတနာနဲ့ ပြောနေတယ်လို့ နည်းနည်းလေးမှ တွေးမကြည့်ဖူးဘူးလား"

mgyoe.com

SAMPLE BOOK

မေခိုင်သည် နူတ်ခမ်းထောင့်စွန်းလေး ကော့တက်သွားအောင်ပင် ပြုံးလိုက်၏။ မေခိုင့် အပြုံးကြည်ကြည်မှာ လတ်တလော စိတ်ငြိမ်းချမ်းခြင်းကို ပြလေသည်။ အပြုံးရိပ် ကြည်လဲ့နေခိုက် မျက်ဝန်းများက ပို၍ပင် စူးလက်သည်။ မျက်ဝန်းညိုသည်သာ အလှဟု ကွင်းကွက် ဆိုနိုင်သော မျက်နှာမှာ သည်လိုအပြုံး ခိုတွယ်ချိန်၌ ကြည့်အကောင်းဆုံး ဖြစ်ရသည်။

"ဆူနေကြတာပဲ မဟုတ်ဘူးလား၊ ခိုင်က စိတ်ပူတတ်တာပဲ ပြောနေကြတယ်၊ ရန်ကုန်မှာ အလုပ်ထက် နေစရာ ပိုခက်တာ မောင်ရော၊ မယ်မြရော မေ့နေကြသလား ကဲ"

မေခိုင်သည် ကော်ဖီ တစ်ငုံ သောက်၏။ လည်ချောင်းတစ်လျှောက် ကော်ဖီနွေးနွေး စီးကျပုံကို သဘောတကျရှိသည်။ လျှာဖျားတွင် စွဲထင်နေသော ခါးရှရှ ဆိမ့်တိမ့်တိမ့် အရသာကို မက်မော နှစ်လိုသည်။ လေးသက်ထင်၏ ရယ်သံကို အကြား၌ မျက်စောင်းချိရန်လည်း မမေ့မလျော့။ နောက်တော့ ပြုံးလိုက်ပြန်သည်။

ကော်ဖီဆိုင်တွင်းတွင်တော့ သာယာငြိမ့်သော သီချင်းသံက မတိုးမကျယ်။

လေးသက်ထင်နှင့် မေခိုင်တို့ တစ်ပတ် နှစ်ကြိမ်၊ သို့မဟုတ် သုံးကြိမ်လောက် အတူထိုင်ဖြစ်ရာ ကော်ဖီဆိုင်သည် လူပ်ခတ်သည့် လှည်းတန်းညနေများတွင်သာ ခုံပြည့်လူပြည့် စည်ကားမြဲဖြစ်ကာ သည်လို နေ့ခင်းပိုင်းများတွင်တော့ ဆိုင်ထိုင်သူ အထိုက်အလျောက်သာ ရှိတတ်သည်။ မှန်သားပြင်ကို ဖြတ်မြင်ရသည့် မုန့်အလှများစွာသည် ကြည့်ငေးချင်စဖွယ်၊ ဆာလောင်နေချိန်မျိုး ဆိုလျှင်တော့ တစ်ခုမကျန် စားချင်စဖွယ်။ ဆိုင်လေးအတွင်း၌ မျက်နှာချိုသော ဆင်တူ ဝတ်စုံဝတ် ဝန်ထမ်းလူငယ်များ သွက်သွက်လက်လက် လှုပ်ရှားပုံကို မြင်ရမည်။ အလင်းရောင်ကြဲပက်သည့် စားပွဲဝိုင်းလေးများတွင် အေးအေးလူလူ စကားဆိုသူတို့ကိုလည်း တွေ့ရလေမည်။

မေခိုင်တို့ မိတ်ဆွေ သက်တမ်း တစ်နှစ်ကျော်၊ ချစ်သူသက်တမ်း နှစ်နှစ်ခန့် ရှိသည့်အတွင်း သည်ကော်ဖီဆိုင်လေးသို့ ရောက်ဖြစ်သည်မှာတော့ တစ်နှစ်ကျော်သာ ရှိပါသေးသည်၊ ဆိုင်ဖွင့်သည်မှာ မကြာသေး။ နာမည်ရ စားသောက်ဆိုင်၊ အဝတ်အထည်ဆိုင်၊ ကော်ဖီဆိုင် စသည်တို့၏ ဆိုင်ခွဲများ လှည်းတန်းရပ်၌ ဖွင့်လှစ်စည်ပင်သည့် သည်ဘက်နှစ်များအတွင်း ပေါ်ပေါက်လာသော ဆိုင်များထဲက တစ်ဆိုင်သာ ဖြစ်သည်။ တစ်ဖက်တွင်တော့ လက်ဖက်ရည်ဆိုင်အချို့ ကွယ်ပျောက်ခဲ့ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

လေးသက်ထင်သည် လက်ဖက်ရည်ကိုသာ စွဲမြဲသော်လည်း လူသူသံ စီညံသည့် လက်ဖက်ရည်ဆိုင်ကြီးသို့မူ မေခိုင့်အား ခေါ်မရ။ မေခိုင်က နားအေး ပါးအေးသာ နေလိုသူ။

သူတို့သည် အလုပ်ချင်း နီးသော်လည်း အလုပ်ဆင်းချိန်မှာ နာရီဝက် ကွာသည်။ ရုံးဆင်းချိန် စောသော လေးသက်ထင်သည် ရှစ်မိုင် ကားမှတ်တိုင်၊ သို့မဟုတ် လက်ဖက်ရည်ဆိုင်၌ မေခိုင့်အား စောင့်စားရမြဲ။ ရုံးအဆင်း ချစ်သူနှင့် တွေ့မည့် အခြားမိန်းကလေးများလို အဆီပြန်မျက်နှာကိုပင် ပေါင်ဒါရိုက်ရန် မေခိုင် သတိမရ တတ်။ လက်ဖက်ရည်ဆိုင် ရောက်လျှင်လည်း ချစ်သူ့မျက်နှာကို ရင်တခုန်ခုန် ငေးရန်ထက် အသင့် မှာပေးထားသည့် မုန့်ဟင်းခါးအား ဆာလောင်ဟန်အပြည့်နှင့် စားတတ်ပုံကို မြင်ရလျှင် လေးသက်ထင် အံ့အားသင့်လေ့ မရှိ။ မြင်နေကျမို့သာ တည်း။

"ခိုင်"

"ပြော၊ ဘာတုံး၊ အဆောင်ရှာပေးဖို့လား၊ မလိုဘူး၊ ခိုင့်ဘာသာ ရှာမယ်၊ မယ်မြနဲ့ အတူရှာမှာ၊ ခြေတော့ တိုမှာပဲ၊ ဒါပေမဲ့ ရှာရမှာပေါ့၊ ရမှာပါ"

"ဟောဗျာ၊ နားပဲ ထောင်ပါဦး၊ ဘာပြောမလဲ ဆိုတာ နားထောင်ပြီးမှ ခင်ဗျား ပြောချင်တာကို ဆက်ပြော၊ ပြောချင်တာချည်းပဲ စွတ်ပြောနေတာ ပြောမယ့်စကား တောင် ဘယ်ရောက်လို့ ရောက်မှန်း မသိတော့ဘူး"

မေခိုင်သည် အမှားမြင်ကာ ဟက်ခနဲ ရယ်မော၏။ ဟုတ်ပါရဲ့...။ သူက အင်မတန် စိတ်မြန်တတ်သူ။ စိတ်မထင်လျှင် စကားက အရင်ထွက်သည်။ မြသီတာ ဘယ်သို့ ဆုံးမ နားချပါစေ၊ လေးသက်ထင် မည်မျှ ဖျောင်းဖျပါစေ သည်အကျင့်ကို မပြင်နိုင်။

လေးသက်ထင်သည် သက်ပြင်းသာ ရှိုက်သော်လည်း မေခိုင့် အရယ်ကို ငေးသည့် မျက်ဝန်း၌ ချစ်ခြင်းက အရိပ်ထင်၏။ မေခိုင့်ထက် လပိုင်းမျှသာ ကြီးသော် လည်း နှစ်နှစ်၊ သို့မဟုတ် သုံးနှစ်နီးပါး ကြီးရင့်လေဟန် ထင်ရကြောင်း ပတ်ဝန်းကျင် က ဆိုတတ်လျှင် နှစ်ဦးသား ရယ်မောရစမြဲ။

သူတို့သည် နွေနှင့် ဆောင်းပမာ ဆုံလာရလေသည်။

"ဆောဒီး၊ ပြော၊ ဘာပြောမှာတုံး"

"အဆောင်မရှာနဲ့တော့လို့ ပြောမလို့"

mgyoe.com

"ဟင်... မရှာလို့ ခိုင်က ဘယ်လို လုပ်ရမတုံး၊ အိမ်ပြန်ရမလား၊ မပြန်ဘူး နော်"

"သြော်... ပြောနေရက်နဲ့ ထင်ရာ စွတ်ပြောပြန်ပြီ"

မေခိုင့် ရယ်သံသည် သီချင်းသံကို ဖောက်လျက် ထွက်ပေါ်၏။ ဘေးဘီ ဝိုင်းများထံ အကြည့်ဝေ့ကာ အသံလျှော့၏။ အပြုံးကမူ နှုတ်ခမ်းထက် ချိတ်ခိုဆဲ။ ပြော..။

မေခိုင့်အကြည့်သည် ချစ်သူ့မျက်နှာထက် ငြိလျက်။

"အဆောင် မရှာနဲ့၊ တိုက်ခန်းပဲ လိုက်ရှာရအောင်လို့ ပြောမလို့"

မေခိုင်သည် မျက်မှောင်ကြုတ်လျက်။ ကျဉ်းမြောင်းသော တိုက်ခန်း များကို မြင်ယောင်သည်။ တိုက်ခန်းကိုမှ တစ်ဖန် ဖွဲ့စည်းထားသော အခန်းလေးများ။ အခန်းမဖွဲ့ထားသော တိုက်ခန်းများမှ တသီတတန်း အိပ်ရာတန်းများ။

"ဟင့်အင်း၊ တိုက်ခန်းအဆောင်တွေ ခိုင် မကြိုက်ဘူး၊ တိုက်ခန်း စုနေတာ မျိုးလဲ မလုပ်ချင်ဘူး ပြီးတော့..."

"ခိုင်"

မေခိုင်သည် စကားတံ့ကာ လေးသက်ထင်ထံ အကြည့်စိုက်သည်။ ချစ်သူ ၏ မျက်နှာရိပ်မှာ ငြိမ်လျက်။ နောက် အပြုံးစွက်သော မျက်လုံးအစုံ..။ ထိုမျက်လုံး တို့တွင် စကားလုံးများစွာ ချိတ်လျက်ရှိသယောင်။

"ခိုင် ပြောနေတာ တစ်ခုမှ မဟုတ်ဘူး၊ မောင်တို့ နေဖို့ တိုက်ခန်း ရှာကြရ အောင်လို့ ပြောချင်တာဗျာ ကဲ"

"ဘာ... ဘာပြောတာ"

မေခိုင့် နှလုံးခုန်သံသည် တဒိတ်ဒိတ် တိုးကာ တိုးကာ။

"ဟုတ်တယ် ခိုင်၊ မောင်တို့ လက်ထပ်ကြရအောင်"

လေးသက်ထင်သည် ကော်ဖီခွက်ရှေ့ ဝိုက်ယှက်ထားသည့် မေခိုင့် လက် အစုံအား ဆုပ်ကိုင်လိုက်သည်။ ဖောင်းပြည့်ပြည့် လက်ချောင်းလေးများသည် ရှည်သွယ်သော လက်တစ်စုံထံ နစ်ဝင်လျက်။

အုပ်မိုးထားသည့် လက်တစ်စုံကိုသာ မေခိုင် ငေး၏။ စကားတစ်စပင် မဟနိုင်။ ခန္ဓာက ငြိမ်သက်သက်။ စိတ်ကမူ လေပွေထက်ပင် ဝဲလှည့် လှုပ်ခတ်။ ရှေ့တွင် ကမ္ဘာသစ်က ရေးရေးမျှ ပေါ်လေပြီ။

□

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ၃

ချစ်သူထံမှ စကားတစ်ခွန်းသည် မေခိုင်၏ နိစ္စဓူဝ ပြုဖွယ်ကိစ္စများအား နှောင့်စပြု လေသည်။

ယခင်ကတော့ မေခိုင်သည် နံနက်ခင်းတိုင်း အိပ်ရာက နိုးထသည်နှင့် အလုပ်သွားရန် အပြေးအလွှား ပြင်ဆင်ရမြဲဖြစ်ရာ အတွေးစိတ်တို့ လွန့်လူး စီးမျော လေ့ မရှိချေ။ မြသီတာနှင့်ပင် စကားစမြည်များစွာ မဆိုဖြစ်ဘဲ အလုပ်သွားရန် အာရုံ တစ်ခုနှင့်သာ ပြင်ဆင်ရတတ်သည်။

အဆောင်တွင် နံနက်ချိန်တိုင်း ရေချိုးကန်၌ လူစည်စမြဲမို့ နေရာ လစ်လပ် ချိန်ကို စောင့်ဆိုင်းရသည်။ နေရာလေး ရသည်နှင့် ကပျာကယာ ရေချိုးရသည်။ လျှပ်စစ်မီး သုံးရန်ဖြစ်သည့် ဘုံနေရာ၌ အသင့်တည်ခဲ့သော ရေနွေးအိုး ဆူလျှင် ရေချိုးခြင်းအမှု ပြီးပြီ။ အခန်းတွင်း ရောက်သည်နှင့် ကော်ဖီဖျော်သည်။ မျက်နှာ လိမ်းသသည်။ အဝတ်လဲသည်။ ကော်ဖီပူပူနှင့် မုန့်တစ်ခုလောက် နင်မတတ် ဝါးကာ ကားမှတ်တိုင်ဆီ ဦးတည်ရသည်။ ရုံးချိန်ကား နံနက် ၉ နာရီခွဲ။ မေခိုင်သည်လည်း ထိုနည်းလည်းကောင်း၊ မြသီတာသည်လည်း ထိုနည်းလည်းကောင်း။

သို့သော်လည်း ခုတော့ဖြင့် အတွေးတို့သည် အိပ်မက်ဆောင်ကာ မေခိုင့် စိတ်အစဉ်သို့ ချင်းနင်းခဲ့ပြီ။ အနာဂတ်ကို စိတ်စောမျှော်လင့်ခြင်း၊ ရင်ခုန်ခြင်းသည် သူ့အား ပြုစားလျက်။

mgyoe.com

mgyoe.com SAMPLE BOOK

မေခိုင်သည် ရေချိုးကန်တွင် ရေတစ်ခွက်ချင်း ခပ်ရာ၊ ရေစက်တို့အား တဘက်နှင့် သုတ်ရာ၌ ဖြစ်စေ၊ မျက်နှာပြင်အား အဆင့်နည်းပါးလှသော လိမ်းခြယ်ခြင်း ပြုရာ၊ နံနက်စာ ကော်ဖီသောက်ရာ၌ ဖြစ်စေ၊ ညနေခင်း အလုပ်က ပြန်ရောက်ပြီးနောက် ညစာစားချိန်၌ ဖြစ်စေ ချစ်သူ့မျက်နှာကို မြင်ယောင်သည်။ သူ့စကားသံကို ကြားသည်။ မျက်နှာရိပ်မှာ အခန်းတစ်ဝိုက် အစဉ်ဝေ့ဝဲလျက် ရှိလေသည်။

"ဒီကလေးမ စိတ်နဲ့ ကိုယ်နဲ့ မကပ်ပါလားကွယ်"

မြသီတာ၏ ရယ်မောသံကို အကြားတွင် မေခိုင့်မျက်နှာ၌ ရှက်ပန်း ပွင့်သည်။ မေခိုင့်အပြုံးသည် အခါများစွာ ပြုံးတတ်သော အပြုံးမျှ။ သို့သော်လည်း အပြုံးရိပ်ကား ပြောင်းခဲ့ပြီ။ ကြည်နူး ရင်ခုန်ခြင်း စီးမျောလျက်။

ညအမှောင်ဦးသည် သီရိမြိုင်အား လွှမ်းခြုံခဲ့ပြီ။ မိန်းကလေးနှစ်ဦးသည် ညစာစားပြီးနောက် စကားစမြည်ဆိုကြသည်။ နောက် စာအုပ်တစ်အုပ်စီနှင့် ငြိမ်ရန် ပြင်သည်။ ထားထားလွင်ကမူ မျက်လုံးမှေးမှိတ် အိပ်စက်ခဲ့ပြီ။

မေခိုင်သည် စာအုပ်ကို စူးစိုက်ကြည့်သော်လည်း စာလုံးလေးများကို သဲသဲကွဲကွဲမမြင်ပေ။ စာမျက်နှာထက်တွင် ချစ်သူ့မျက်နှာ ထင်သည်။ တည်ငြိမ်သော အပြုံးကို သတိရသည်။ မေတ္တာပြည့်သည့် မျက်ဝန်းများကို အမှတ်ရသည်။ သူ့ပခုံးထက် မှီလိုက်စဉ်ပင် စိတ်ခွန်အား ရဖူးသည်ကို လည်းကောင်း၊ သူ့လက်များနှင့် ဆုပ်တွယ်မိစဉ်တွင် အနာဂတ်ကို ခုပင် ရင်ဆိုင်ရဲတော့မလို ရဲရင့်ဖူးသည်ကို လည်းကောင်း အမှတ်ရသည်။ စာအုပ်ကို ရင်ဘတ်တွင် မှောက်ချလိုက်ကာ မျက်လုံးများ စေ့မှိတ်လိုက်သည်။ သို့သော် အပြုံးကား သက်ဝင်မြဲ။

"မဟုတ်ပါဘူးဟ၊ ငါ့ဘာသာ အလုပ်အကြောင်း စဉ်းစားနေတာ"

"အမယ်လေး မိခိုင်ရယ်၊ တခြားသူ သွားပြောပါလားဟယ်၊ ငါ့ လာလိမ်လို့ ရနေဦးမယ်၊ နင့်မျက်နှာကို တစ်ချက်ကြည့်တာနဲ့ နင့်စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ ငါ သိပြီးသား၊ နင်ပြုံးလိုက်တာ မြင်တာနဲ့ ဒါက အလုပ်အကြောင်းတွေးရင်း ပြုံးတာလား၊ ဒါက မောင်သက်ထင်အကြောင်း တွေးရင်း ပြုံးတာလား ဆိုတာ သိပ့်ါ"

"ဟင်... အဲဒီလိုကို သိသာနေတာလား"

"သိသာတာပေါ့၊ တခြားသူတွေတော့ ဘယ်သိပ့်ါမလဲ၊ ငါကတော့ ဟိုတစ်ညနင် ပြောပြတာကြားပြီး နင်တို့စိတ်ကူး သိနေတော့ မှန်းနိုင်တာပေါ့ကွယ်"

မေခိုင်သည် ရှက်ပြုံး ပြုံး၏။ လက်ချောင်းများကို အချင်းချင်း ဆုပ်နယ်ကာ မြသီတာ၏ မျက်နှာကိုပင် ပြုံးတုံ့ငေးသည်။

mgyoe.com

mgyoe.com

"ဘယ်တော့လောက်လို့ မှန်းထားတာလဲ ခိုင် ဟင်"

"ငါတို့ တိုင်ပင်တုန်းပါပဲ မယ်မြရယ်၊ အခု သူလဲ ခရီးခဏထွက်ရမယ်၊ သူ့ရုံးက ထိုင်းကို သင်တန်းလွှတ်တယ်တဲ့၊ နှစ်ပတ်လောက် ကြာမယ်၊ ငါ့ကို အိမ်ကို ပြောထားနှင့်တဲ့၊ ပြန်လာရင် အချိန်ရွေးတာတွေ ဘာတွေ လုပ်ကြမယ်တဲ့"

"နင် အန်တီ့ကို မပြောရသေးဘူးလား"

မေခိုင် ခေါင်းတစ်ချက် ခါယမ်းသည်။

"ဘာလို့ မပြောသေးတာလဲ"

"ပြောမလို့ပါပဲ မယ်မြရယ်၊ ဒါပေမဲ့ ဘယ်လို ပြောရမလဲ စဉ်းစားရင်း စဉ်းစားရင်းနဲ့ ကြာနေတာ၊ ငါ မပြောရဲဘူးဟ"

"အခုက မပြောလို့မှ မရတော့ဘဲ၊ ပြောရတော့မှာ၊ လူကိုယ်တိုင် သွားပြောမလား၊ ဖုန်းနဲ့ပဲ ပြောမလား စဉ်းစားပေါ့၊ ပြောတော့ ပြောတော့၊ အခုကတည်းက ပြောထားမှ နင်လဲ စိတ်အေးရမှာ၊ တော်ကြာ ပြောပြီးပြီလား မောင်သက်ထင် မေးရင် နင် ဘယ်လို ဖြေမလဲ"

"ငါ အမေ့ကို ကြောက်တယ်ဟ"

သည်လိုနှင့် နေ့ရက်တို့သည် သစ်ရွက်ရော်များနှယ် တဖြုတ်ဖြုတ် ကြွေ၏။ မေခိုင်သည် အမေ့ကို ပြောမှပဲဟု တွေးကာ ဖုန်းကို ကိုင်၏။ သို့သော် တစ်ဖန် တွေဝေလျက် ပြန်ချမိပေါင်းလည်း မနည်းချေ။ သမီးကြီးအပေါ် ချစ်ခင်အားကိုးလှသည့် အမေ့မျက်နှာသည် ချစ်သူစကားကြောင့် ရင်ခုန်ယောင်ယမ်းရသော နေ့ရက်များထဲ မကြာမကြာ ရစ်ဝဲ ပေါ်လာမြဲ။

ချစ်ရသူ၏ မျက်နှာကို မြင်ယောင်ခိုက်၊ အသံကို ကြားယောင်ခိုက် မိခင် မျက်နှာက ဖျတ်ခနဲ ပေါ်ထင် အစားဝင်ပြန်တော့ မေခိုင့်မှာ သက်ပြင်းသာ ရှိုက်မိချေသည်။

✦

လွန်ခဲ့သော သုံးနှစ်ကျော်တုန်းကတော့ မေခိုင်သည် မိခင်၊ မောင်ငယ်တို့နှင့် ထပ်တူ ပြုရမည့်သူ လောကတွင် မရှိတော့သည့်ပမာ ထင်မှတ်ခဲ့သူ ဖြစ်လေသည်။

ရန်ကုန်သည် မေခိုင့်အား အခက်အခဲ တစ်လှည့်၊ ထိုအခက်အခဲမှ လွတ်မြောက်ကာ ပျော်ပိုက်ညွတ်နူးရခြင်း တစ်လှည့် ပေးစွမ်း၏။ ရန်ကုန် ရောက်ပြီး ငါးလမျှ

mgyoe.com

mgyoe.com

အကြာဦ သူ ရခဲ့သော အလုပ်သည် အစဉ် စိတ်ကူးမျှော်မှန်းခဲ့သော ပုံသွင်မျိုးသာ ဖြစ်လေသည်။ အလုပ်သင် သတင်းထောက်..။ စာပေ အနုပညာဂျာနယ်၏ အလုပ်သင် သတင်းထောက်။

အလုပ်ရပြီဆိုမှ မေခိုင် သက်ပြင်းချနိုင်သည်။ အလုပ်ခေါ် ကြော်ငြာ၊ သတင်းစာများ၊ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီ၏ အသိပေး ကြော်ငြာဘုတ် စသည်တို့ကို အဖန်ဖန် လေ့လာကာ ဝါသနာနှင့် မကိုက်ညီသမျှ ပယ်စာရင်း ပို့ကာ ခေါင်းခဲမတတ် ရှာဖွေ စိတ်စောရသော ဘဝက လွတ်ပြီ။ အမေသည်လည်း မေခိုင့်ကို စိတ်ချနိုင်ပြီ။

စင်စစ် အမေသည် မေခိုင့်အား ငါးလ၊ ခြောက်လကျော်၍မှ အလုပ်မရ သေးလျှင် အိမ်ပြန်ရန် ပြောလှပြီ။ အိမ်တွင် အခြေမပျက် နေကာ စာသင်သော အလုပ်ကလေးကိုပင် လုပ်ကာ နေစေလိုသည်။ မိသားစုနှင့်လည်း ခွဲခွာရန် မလို။ ရောင့်ရဲနေပျော်ဖွယ်..။

သို့သော် မေခိုင့်မှာတော့ ခြေတစ်နေရာစာ ချရန်ပင် ခဲယဉ်းသော ရန်ကုန် မှာသာ တွယ်ကပ်နေလိုမြဲ။ အလုပ်ရခြင်းက သူ့အတွက် အသက်ရှူ ချောင်ဖွယ်ရာ ဖြစ်လာသည်။ လစာ သောင်းဂဏန်းသာ ရခြင်းကလည်း အရေးမကြီးလှ။ အိမ်ကို ပြန်ထောက်နိုင်မည် မဟုတ်သော်ငြား ကိုယ့်တစ်ကိုယ်စာ ရပ်တည်နိုင်လျှင်ပင် မေခိုင် ရန်ကုန်မှာ နေပါမည်။

တစ်ဖက်တွင်တော့ သူသည် ဝတ္ထုတိုလေးများ ရေးရခြင်း၌ ပျော်မွေ့လှ သည်။ စာမျက်နှာထက် စာလုံးများအဖြစ် မြင်တွေ့ခွင့် မရသေးသော်လည်း စိတ် အားပျက်ခြင်း မရှိ။ အဖန်ဖန် အားထုတ်စမြဲ။ ပထမဆုံး စတင် ထိတွေ့ရသည့် အလုပ်ခွင်၌လည်း ကြိုးစားသင်ယူမြဲ။ သီရိမြိုင်တွင်လည်း အခန်းဖော် မြသီတာ၏ ချစ်ခင် ဂရုစိုက်မှုက အားအင်ဖြစ်စေသည်။ တည်ငြိမ်သော၊ စိတ်ဓာတ် ခက်မာသော မြသီတာနှင့် စိတ်ဆတ် စိတ်ထက်သလောက် အားငယ် လွယ်သော မေခိုင်တို့ အပြန် အလှန် စောင့်ရှောက်ခြင်း ပြုကြသည်မှာ အလေ့တစ်ခုသဖွယ် ဖြစ်နေသည်။

အဆင်ဆန်း ပေါ်သမျှ ဆင်လိုသော မိန်းကလေးများ၏ စိတ်အာရုံမျိုး ကပ်ငြိခြင်း မရှိသည့် မေခိုင့်အတွက်တော့ ပစ္စုပ္ပန်သည် ဆင်းရဲပင်ပန်းခြင်း ကင်း၏။ ထမင်းနှင့် ဟင်း တစ်နပ်စာမှ သုံးရာ၊ သို့မဟုတ် လေးရာဖိုးမျှသာ စားရလည်း အရေး မဟုတ်။ တစ်ရန်လျှင် တစ်ထောင်စွန်းစွန်းသာ ကျသည့် ဖိနပ်လေးအား အလုပ်ခွင်

mgyoe.com

mgyoe.com

အထိ စီးရလျှင်လည်း အရေးမဟုတ်။ ကျေနပ် နေပျော်ခြင်းကသာ တကယ့်အရေး ဖြစ်သည်။ မေခိုင် သည်လိုသာ တွေးသည်။

ပြက္ခဒိန်တစ်ခုမှ တစ်ခုသို့ လဲပြောင်းသည့်နောက် နှစ်နှစ်မျှ ရှိသည်အတွင်း ဝတ္ထုတိုလေး အချို့အား စာမျက်နှာထက် တွေ့မြင်ခွင့် ရလာခြင်းမှအပ မေခိုင့် ဘဝတွင် အပြောင်းအလဲ များစွာ မရှိ။ လစာငွေ အထိုက်အလျောက် တိုးတက်လာခြင်း တစ်ခုတော့ ပြောစရာ ရှိသည်။ သို့သော် လူနေမှုစရိတ်ကလည်း မြင့်ခဲ့ပြီ။ အဆောင်လခ တိုးလာသည်။ စားစရိတ် ကြီးလာသည်။ လိုင်းကားခများ တိုးလာသည်။ လခမှာ ရက် ၂၀ ကျော်လျှင် ကုန်လုလု ဖြစ်ရသည်။

ပြင်ပလောက၌ မောရသည့် အမောဟူသမျှသည် သီရိမြိုင်သို့ပြန်ရောက်သည့်အခိုက် နေနှင့်ထိသော နှင်းပမာ ပျောက်လွင့်ရသည်။ သည်ကတည်းက မြသီတာတွင် ချစ်သူရှိနေပြီ။ သို့သော် မြသီတာသည် ရဲဘော်ရဲဘက် ဖြစ်သော မေခိုင့်အတွက်လည်း အချိန်ပေးတတ်သူ။ သောက ဝေမျှယူသူ။ သူတို့သည် အခြားအခြားသောအဆောင်သူများစွာလိုပင် ပူပန်သောကအားမိတ်ဆွေအဆောင်သူချင်း ရယ်ပွဲဖွဲ့ခြင်း၌ မေ့ဖျောက်ကြသည်။ မနက်ဖြန် များစွာကို ရင်ဆိုင်ကြသည်။ နေ့ရက်တို့ တည်ငြိမ်စ ပြုလာသည်ဟုပင် ဆိုစမှတ် ပြုနိုင်သည်။

သည်မှာပင် လေးသက်ထင်ကို စတွေ့ခြင်း မည်လေသည်။

✦

လေးသက်ထင်အား စတင်ဆုံတွေ့ရသည့် ထိုတစ်ညနေကို မေခိုင် ယခုတိုင် အမှတ်ရမြဲ။ မေခိုင့်အထက်လူကြီးဟု ဆိုနိုင်သော မခင်လေးရည်နှင့် ရုံးအဆင်း လက်ဖက်ရည်ဆိုင်သို့ လိုက်ပါခဲ့မိသည့် ထိုတစ်ညနေသည် မေခိုင့် ဘဝအချိုးအကွေ့ ဖြစ်ခဲ့သည်။

မုန့်ဟင်းခါး၊ အသုပ်စုံ စသည်ရသော၊ လက်ဖက်ရည်လည်း ကောင်းသောဆိုင်သည် မေခိုင်တို့ ရုံးနှင့် မလှမ်းမကမ်းမှာပင် ရှိသည်။ နေ့ခင်း ထမင်းစားချိန် အောက်ဆင်း ဖြစ်လျှင် ရောက်ရသည့်ဆိုင်၊ သို့သော် များသောအားဖြင့်တော့ နေ့ခင်းစာကို ရုံးက မီးဖိုခန်းတွင်သာ စားဖြစ်စမြဲ။ ရေနွေးကြမ်း တစ်ခွက်နှင့် ထမင်းကို မျှောချတတ်သည့် မေခိုင်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


ရုံးဆင်းချိန် ညနေခင်းများတွင်တော့ မေခိုင်သည် အဆောင်သို့သာ တန်းပြန်တတ်၏။ ရုံးက လုပ်ဖော်ကိုင်ဖက်များနှင့် တစ်နေရာရာ စုသွားသည် ဆိုတာလည်း တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်မျှသာ။ အိမ်ထောင်ရှင်မများက အိမ်အပြေးပြန်ကြသည်မို့ အဖော်သဟဲ မရှိသူမှာ အဆောင်သို့သာ ခြေဦးလှည့်ရသည်။

ထိုတစ်ညနေကတော့ မခင်လေးရည်က လက်ဖက်ရည်ဆိုင် ခဏ လိုက်ပေးပါဦးတဲ့။ မေခိုင်သည် ထူးထူးထွေထွေ တွေးမနေ။ အဆောင်ကို စောစောရောက်လျှင်လည်း မြသီတာအား ညစာစားရန် စောင့်ရမည်။ မခင်လေးရည်နှင့်သာ လက်ဖက်ရည်ဆိုင်သို့ လိုက်ရန် ဆုံးဖြတ်ရသည်။

ထိုညနေသည် ပြင်ပတွင်တော့ ပုံမှန် ရာသီကြည်လင်သည့် ညနေခင်းသာ။ တိမ်ရောင်စုံ တောက်ပဆဲ။ အထပ်မြင့်တိုက်တာများ၏ အထက်ဆီတွင် ပီသကြည်လင်သော အပြာ၊ ထိုအပြာ နောက်ခံ၌ မီးခိုးရင့်ရောင်၊ လိမ္မော်ရောင် တိမ်မျှင်တိမ်စ တိမ်အုပ်များ။ ဆည်းဆာ လှပသက်ဝင်ဆဲတွင် မေခိုင်သည် အနာဂတ်ကို မြင်၏။

လေးသက်ထင်…တဲ့။ မိတ်ဆက်ရခြင်း၌ အလိုက်သင့် ပြုံးရယ်ကာ တစ်ဖက်လူကို မသိမသာ အကဲခတ်သည်။ မခင်လေးရည်၏ ဇာတိဖြစ်သော မုံရွာမြို့ကပင် ရောက်လာသူ။ မန္တလေးရှိ ရတနာပုံတက္ကသိုလ်မှ ကုန်ထုတ်ဓာတုနှင့် ဘွဲ့ရခဲ့သူ။ စားသောက်ကုန်ထုတ် ကုမ္ပဏီမှာ အလုပ်ရနေသူပေ။

သာမန်လူများစွာလို မထူးခြားလှသော ရုပ်ရည်မှာ တည်ငြိမ်ဟန်စွက်၍ပင် မြင်သည်နှင့် နှစ်လိုခင်မင်ဖွယ် ဖြစ်ရသည်။ မေခိုင့်လို လက်ဖက်ရည် ကျဆိမ့်ပင် မှာသူ။ ဆေးလိပ်သောက်ရန် ပြင်ပြီးခါမှ စိတ်ပြောင်းပုံနှင့် မသောက်ပြန်သူ။ 'မေခိုင်က စာတွေလဲ ရေးတယ်' ဆိုသော မခင်လေးရည် ၏ အညွှန်း၌ ဝင့်လာသော မျက်ဝန်းညိုသည် နောင်ကာလများစွာတိုင် စွဲထင်ရတော့မည့် မျက်ဝန်းများ ဖြစ်ကြောင်း အသိပေးခဲ့လေသလား။

"ကိုလေးက မမရည်တို့နဲ့ ရပ်ဆွေရပ်မျိုးတွေလို နေကြတာရယ်၊ ရန်ကုန်ရောက်တာတော့ တစ်နှစ်လောက်ပဲ ရှိသေးတာနော် ကိုလေး။ မမရည်ပဲ သူ့ကို စံရိပ်ငြိမ်မှာ အဆောင်ရှာပေးရတာ၊ အဲဒီတုန်းကတော့ လူရည်မလည်သေးဘူး ပေါ့ကွယ်၊ အခု တစ်နှစ်လောက်ရှိပြီ ဆိုတော့ ရန်ကုန်ရည်တော့ လည်လောက်ပါပြီ"

"နည်းနည်းပါဗျာ၊ လိုင်းကား မှားမစီးရုံ၊ ကားငှားရင် ကားဆရာတွေ ဈေးလိမ်တောင်းတာ မခံရရုံလောက်ပါပဲ"

m g y o e . c o m

mgyoe.com

မေခိုင်သည် ကော်ဖီပြီးလျှင် လက်ခံနိုင်သည့်အရသာ ဖြစ်သော ကျဆိမ့်ကို မှုတ်ညှင်းသောက်ကာ မခင်လေးရည်နှင့် လေးသက်ထင်တို့ ရယ်သံကို နားစိုက် ပြုံးတုံ့၏။ အသုဘကားကိုပင် ဆူးလေ ရောက်မည် အမှတ်နှင့် သူ တက်စီးခဲ့ဖူးပုံကို သတိရလာသည်။

"မမရည်လဲ ရန်ကုန် ရောက်တာ ငါးနှစ်ကျော်ပြီ၊ အခုထိ လုံးလည်ချာလည် လိုက်တုန်းပါပဲ ငါ့မောင်ရယ်၊ အိမ်မရှိတာက တို့ကို ပိုပြီး ပင်ပန်းစေတာ သိလား။ တို့နှစ်ယောက် ရတဲ့ လစာကို သုံးပုံပုံ၊ အိမ်ငှားခ ဖယ်ပြီးရင် နှစ်ပုံလောက်ပဲ ကျန်တော့တာ၊ စားစရိတ်၊ သွားလာစရိတ်၊ တခြားတခြား စရိတ်တွေ ပေါင်းလိုက်ရင် ဘယ်စုမိမလဲ၊ ကလေးတောင် ခုထိ မယူသေးတာသာ ကြည့်"

"မမရည်တို့က ခုတော့ မောစရာ ပြောပြီပေါ့"

"ဟယ်– မဟုတ်ပါဘူး ကိုလေးရယ်၊ အရင်ကတည်းကလဲ ဒီလို မောရမယ် ဆိုတာ သိပါတယ်။ သူရော ကိုယ်ရော နယ်က တက်လာတာ၊ ရုန်းရမယ်ဆိုတာ သိတာပေါ့။ ဒါပေမဲ့ ချစ်တာကိုးဟဲ့၊ ဘယ်လို ဒုက္ခတွေ့မလဲ လာစမ်းဆိုပြီး အိမ်ထောင်ရေး ဆိုတာကြီး ပြေးတွေ့လိုက်တာပဲ၊ အမေတို့က အိမ်ထောင်မပြုစေချင်သေးဘူးလေ၊ ပြုရင်လဲ ကိုယ့်အရပ်က လူနဲ့ပဲ ပြုပြီး မိဘနဲ့ ပြန်နေစေချင်တာ၊ ဒါပေမဲ့ ဘယ်တတ်နိုင်မတုံး ချစ်လာမှကိုး"

"မမရည် အမေက ခုထိ စိတ်ပူလို့ မဆုံးဘူးဗျ၊ ငါ့သမီးလေး အဆင်မှ ပြေပါ့မလားနဲ့ နေတာပဲ၊ ကျွန်တော် သွားမယ်ဆိုတော့ ကိုလေးရယ်... နင့် အစ်မ သွားတွေ့ချေပါဦး၊ ဒါလေး ပေးလိုက်ပါဦး၊ ဟိုဟာလေး ပေးလိုက်ပါဦး ဆိုလို့ သယ်လာရတာ ကြည့်ပါလား"

"ငါလဲ အိမ်ပြန်မရောက်တာ နှစ်နှစ်လောက်ရှိပြီ ကိုလေးရဲ့၊ ပြန်မယ် ပြန်မယ်နဲ့ မပြန်ဖြစ်တာရယ်"

ထိုခဏ၌ မေခိုင့်စိတ်အာရုံသည် စကားဝိုင်းမှ ဖယ်ခွာ၏။

မျက်ဝန်းအကြည့်သည် လမ်းသွားလမ်းလာတို့အပေါ် စိုက်လျက်၊ ရုံးဆင်းချိန်မို့ ရှစ်မိုင် ကားမှတ်တိုင် ဟိုဘက်ခြမ်း၊ သည်ဘက်ခြမ်း၌ ထမင်းချိုင့် လက်ဆွဲကာ စောင့်စားသူများစွာ။ မင်္ဂလာဒုံဘက်သို့ဦးတည်သည့်ဘက်ခြမ်းတွင်တော့ စောင့်စားသူ ပိုသည်။ ကားတစ်စီး ထိုးဆိုက်သည်နှင့် တက်သူ များများ၊ ဆင်းသူ နည်းနည်း။ လှည်းတန်း၊ ဆူးလေဘက်သို့မူ ရွေးစရာကား များလှသည်။ နေရာလည်း ရနိုင်သေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မေခိုင်သည် ကားမှတ်တိုင်သို့ ဦးတည်ရာ လမ်းတစ်လျှောက် ခပ်သုတ်သုတ် လျှောက်သော၊ ကားမှတ်တိုင်တွင် ခပ်ငေးငေး ရပ်ကာ ကားလာမည့် လမ်းဆီ ငေးမျှော်သော ချွေးစေးမျက်နှာများစွာကို ငေးလျက် သူတို့၏ အိမ်အပြန်ခရီးကို စိတ်ကူးနှင့် မကြာမကြာ မှန်းဆဖူးသည်။ အိမ်တွင် သူတို့အား စောင့်စားနေသူ မိခင်၊ ဖခင်၊ ဇနီး၊ သို့မဟုတ် သားသမီး ရှိကြမည်။ စောင့်စားသူ မရှိသော အိမ်သို့ ပြန်ရသူလည်း ရှိကောင်း ရှိလိမ့်မည်။

သို့သော် အဘယ်သူဖြစ်စေ အိမ်သို့ချောချောမွေ့မွေ့ ပြန်ကြရသည် မဟုတ်။ စိတ်အား၊ လူအားဖြင့် ပန်းသော အလုပ်ခွင်မှ ပြန်လာသူများသည် ကားပေါ်မှာပင် မိနစ်ပေါင်းများစွာ တစ်ဖန် စတေး နွမ်းလျရလေသည်။ အချို့အတွက်မူ အိပ်ချိန်ကို ထည့်မတွက်ဘူး ဆိုလျှင် အိမ်နေချိန်ထက် ကားပေါ် နေရချိန်က ပိုကောင်း ပိုလိမ့်မည်။

သီရိမြိုင်တွင်လည်း ည ၉ နာရီ အဆောင်ပိတ်ချိန်အမီ အပြေးပြန်လာရသူများစွာ။ ထမင်းထုပ်၊ ဟင်းထုပ်များ ဆွဲကာ ချွေးသံတရွှဲရွှဲ ပြန်ရောက်လာကြသည့် ထိုထိုသော အဆောင်သူတို့သည် နောက်တစ်ရက် နံနက်တွင်လည်း နာရီနှင့်ချိန်၍ အချိန်ပေးကာ အလုပ်သွားခြင်းအမှုကို တစ်ဖန် ပြုကြရလေသည်။

"အဲဒီနေ့က ခိုင် ငေးနေလိုက်တာ ဒီဘက်က မောင်တို့ ဘာပြောနေကြမှန်းတောင် မသိတော့ဘူး မဟုတ်လား၊ အဲဒီတုန်းကတည်းက ခိုင့်စိတ်က တစ်ခါတစ်ခါ လေထဲမှာ လွင့်သလို လွင့် လွင့်နေတတ်တယ် ဆိုတာ မောင် သတိထားမိတာပဲ၊ သူငယ်ချင်းဘဝ ရောက်တော့ သာဆိုးသေး"

ဟု လေးသက်ထင်က နောင်တွင် မကြာမကြာ ပြောတတ်သည်။

မေခိုင်သည် ထိုစကားကိုကြားစဉ် ခဏ အားတုံ့အားနာဖြစ်လျက် အမှတ်တရ ညနေကို ပြန်ပြောင်းအောက်မေ့၏။ စကားဝိုင်းသို့ ဝင်မိစေရန် ခေါ်ယူသော မခင်လေးရည်၏ စကားများကို လည်းကောင်း၊ တစ်ခဏသာ တွေ့ရသော်လည်း ရှေးက တွေ့ခဲ့ဖူးသည့်ပမာ ခင်မင်ဟန်ပြသော လေးသက်ထင်ကို လည်းကောင်း အာရုံတွင် တစ်ဖန် အရိပ်ထင် မြင်ကြား၏။

"မောင်က ခိုင့်ကို အဲဒီတုန်းကတည်းက အဲဒီလို မရိုးမသားစိတ်နဲ့ ကြည့်နေတယ်ပေါ့၊ ကြည့်စမ်း"

"ဟာ- မဟုတ်ဘူး ခိုင်ရ၊ အဲဒီတုန်းက တကယ် ရိုးသားပါတယ်၊ နောက်

mgyoe.com

mgyoe.com

တစ်ခေါက် တွေ့ကြတော့လဲ ရိုးရိုးသားသားစိတ်ပဲ ရှိပါသေးတယ်။ ခိုင်နဲ့ ခင်ပြီး တစ်လ၊ နှစ်လ ကြာတဲ့အထိ ဆိုပါတော့"

"ဘယ်လောက်အထိ သူငယ်ချင်းစစ်စစ်စိတ် ရှိသလဲ ပြောပါဦး"

"ခိုင် တစ်ခါ နေမကောင်းဖြစ်တုန်းက မောင် ခိုင့်အဆောင်ရှေ့ကို ပထမဆုံး ရောက်ဖူးတုန်းက ခိုင် ထွက်လာတာ မှတ်မိတယ် မဟုတ်လား၊ မျက်နှာလေး ငယ်လို့ နီလို့၊ သနားစရာလေးလိုပဲ၊ ခိုင့်မျက်နှာက ငိုလဲ ငိုထားသလိုပဲ"

"အမေ့ကို လွမ်းလို့ ငိုတာ"

မေခိုင်သည် အတိတ်ကို လွမ်းစိတ်နှင့် ညွတ်နူးရွှင်ပျ၏။ အဲဒီ တစ်ခဏကို ခိုင် ဘယ်လို မေ့နိုင်ပါ့မလဲ..။ အမေ့ကို လွမ်းရာ အားငယ်ရာက မောင့်ကို မြင်ရတဲ့ ခဏ ချက်ချင်းပဲ အားအင်ပြည့်လာတော့သလို ခံစားလိုက်ရတာ ခိုင် ဘယ်လို မေ့လို့ ရပ့ါမလဲ။

"အဲဒီမှာ မောင့်စိတ်တွေ စပြောင်းတော့တာပဲ၊ ဟာ... ဒီကလေးမ သနားစရာလေးပါလားဟ၊ ငါ မကယ်ရင် သေဖွယ်ရာပဲ တွေးပြီး ညီမလေးလို၊ နောက်တော့ ချစ်သူလို ဂရုစိုက်ရတာ"

"ဘာ ငါ မကယ်ရင် သေဖွယ်ရာလဲ"

"ဟာ မဟုတ်ဘူးလား၊ ခိုင် အခုလောက် ပျော်ပျော်နေတတ်လာတာ မောင့်ကြောင့်ပါဆို"

"ဘယ်တုန်းက ပြောမိလို့တုံး"

ကြည်နူးရွှင်ပျသည့် ရယ်သံနှင့်အတူ မေခိုင်သည် ချစ်သူ ပခုံးထက် မှီနွဲ့၏။ ဆံနွယ်တို့မှာ သူ့ပခုံးကို ကျော်ကာ အိကျလျက်၊ ခေါင်းလျှော်ရည်ရနံ့ သင်းဆဲ ဆံနွယ်များကို ချစ်သူက ထိခတ်သည်။

မြက်ခင်းစိမ်းသည် ထိုခဏတွင် ရေးကထက် စိမ်းမြ၏။ လေပြည်က အခါများစွာထက် ပို၍နူးညံ့၏။ ကျေးငှက်တို့သည်ပင် မေခိုင်တို့အနီးမှ ရှောင်ခွာ တွန်ကျူး၏။ ညင်သာစွာ လှုပ်ခုန်သည့် ရင်ခုန်သံများသည်သာ လောကတစ်ခွင် အကျယ်လောင်ဆုံး ဖြစ်ရလေသည်။

မေခိုင်တို့ ချစ်သူနှစ်ဦး၏ အမှတ်တရများစွာထဲက ညနေများ။

သူငယ်ချင်း မိတ်ဆွေ ဖြစ်လာစေရန် ဆုံရသော ညနေ၊ ချစ်သူဘဝ ရောက်ရန် အစပြုသည့် ညနေ၊ ချစ်စကားကို အဖြေပြန်ဆိုရသည့် ညနေ၊ ထိုထိုသော

mgyoe.com

m g y o e . c o m

SAMPLE BOOK


ညနေများမှတစ်ဆင့် အဆင့်ဆင့် ပြဋ္ဌာန်းသော ကံသည် လည်းကောင်း၊ သည်တစ်ယောက်ကိုသာ တစ်ဘဝစာ မြတ်နိုးရသော ချစ်ခြင်းမေတ္တာသည် လည်းကောင်း ခုတော့ မေခိုင့်အား တစ်မျိုးတစ်ဖုံသော အပြောင်းအလဲသို့ ချိုးကွေ့စေရန် ပေါင်းစည်းတွန်းပို့ခဲ့ပြီ။

ရှေ့က ရေးရေးမြင်သည့် အချိုးအကွေ့သည် မေခိုင့်ဘဝတွင် မည်သို့သော အပျော်၊ အမောများကို ဆောင်ခဲ့မည်နည်း။ မသိနိုင်ပြီ။

သီရိမြိုင်နှင့် ဆုံစည်းပြီးသည့်နောက် သုံးနှစ်မျှအကြာတွင် ပိုင်ဆိုင်ခဲ့ရသူ။ ခုလို သီရိမြိုင်နှင့် ခွဲရမည့်အချိန် ဆိုက်ရောက်တော့ ထိုတစ်ယောက်သောသူနှင့် တစ်ဘဝစာ ဆုံစည်းရန် မေခိုင့်ကံက ဖန်ခဲ့လေပြီ။

တစ်ဖက်တွင် မြသီတာ အပါအဝင် ချစ်ခင်ရသူများနှင့် ခွဲခွာခြင်း။ နောက်တစ်ဖက်တွင်တော့ ချစ်သူနှင့် ဆုံစည်းခြင်း။

✦

"ပြောင်းတော့ ပြောင်းရမှာပဲအေ၊ ဒါပေမဲ့ ဘယ်ကို ပြောင်းရမယ်တော့ မသိဘူး"

ခင်သစ္စာသည် ဆေးစိုဆဲဖြစ်သည့် လက်သည်းများကို လေနှင့် ခပ်သာသာမှုတ်လျက်ရှိရာက ရယ်သံနှင့် ဆိုသည်။ အခန်းကူး၍ စကားစမြည် ဆိုရာက မြသီတာ၏လက်သည်းဆိုးဆေးအရောင်သစ်ကိုနှစ်သက်လှသည်ဆိုကာလက်ဆယ်ချောင်းစလုံး ဆိုးသည်။ ခြေချောင်းများကိုမူ သည်အတိုင်းပင် ချန်ထား၏။ ရွှေအိုရောင်..။ ဖြူဝင်းသော မြသီတာ၏ လက်ချောင်းများထက် တင့်တယ်မြဲ ထိုအဆင်းသည် ခင်သစ္စာ၏ ညိုစိုသော အသားအရေနှင့်လည်း လိုက်ဖက် ကြည့်ကောင်း၏။

လက်ချောင်းများကိုကျေနပ်စွာ ပြုံးမြိုက်ကြည့်ရာက ခင်သစ္စာက တစ်ချက်ရယ်ပြန်သည်။ သူ့တွင် ရယ်စရာ အကြောင်းအရာ မြောက်မြားစွာ ရှိသည့်ပမာ။ စင်စစ် ထိုရယ်သံသည် အတွင်းစိတ်နှင့် ဆန့်ကျင်ဘက်သာ ဖြစ်ကြောင်း မြသီတာ စင်းစင်း သိသည်။ သူ့ထက်ပင် သီရိမြိုင်ကို စောရောက်လေသော ခင်သစ္စာသည် သီရိမြိုင်က တစ်နေ့ ခွာရလိမ့်မည်ဟု ယောင်၍ပင် တွေးခဲ့ဖူးမည် မဟုတ်ချေ။

"ငါလဲ အတူတူပါပဲဟာ၊ တိုက်ခန်းငှားနေဖို့တော့ စဉ်းစားသားပဲ၊ ဒါပေမဲ့ မရဘူး၊ အဆောင်ပဲ နေချင်တာ၊ အဆောင်တောင်ပဲ ဒီလို ဝင်းခြံကလေးနဲ့ နေချင်တာ"

m g y o e . c o m

 mgyoe.com SAMPLE BOOK 

မြသီတာသည် လက်ဖက်ပန်းကန်တွင်းသို့ ဇွန်းကလေးနှင့် မွှေသည်။ ပုစွန်ခြောက်၊ ခရမ်းချဉ်သီးမှည့်၊ ငရုတ်သီးစိမ်း၊ ဂေါ်ဖီထုပ်၊ ကြက်သွန်ဖြူ၊ လက်ဖက်၊ အကြော်စုံတို့ ရောစပ်သုပ်ထားသော လက်ဖက်သုပ်မှာ ခတော့ အတော်ပင် လျော့ပါးခဲ့ပြီ။ မေခိုင့် လက်ရာ..။ လက်ဖက်သုပ်ကြိုက်သော မေခိုင်သည် လက်ဖက်ကိုလည်း စားကောင်းအောင် သုပ်နိုင်သည်။ မြသီတာကတော့ အကြော်စုံတစ်ပုံ၊ လက်ဖက်တစ်ပုံ၊ ပုစွန်ခြောက်တစ်ပုံ ပုံသည့် လက်ဖက်ပွဲကိုသာ မြင်ဆင်တတ်သည်။ အိမ်တွင် အထူးတလည် မစားမိ။ အဆောင်သူဘဝရောက်တော့ စားစရာ ရှားလှသည့်အခါ မေခိုင် သုပ်ကျွေးသည့် လက်ဖက်ကို နတ်သုဓာအမှတ်နှင့် စားတတ်လာသည်။

ချဉ်ငန်စပ် အရသာ အဝင်တော်လှသည့် လက်ဖက်ကို မြသီတာ တစ်ဇွန်း ဝါးလိုက်သည်။ လက်ဖက်သုပ်ပေးခဲ့သော မေခိုင်ကတော့ အခန်းတွင်း မရှိပြီ။ လေးသက်ထင် ရောက်လာပြီမို့ တနင်္ဂနွေ အပြင်ထွက်မြဲတိုင်း ထွက်ပြီ။ မနက်ဖြန်ဆိုလျှင် ခရီးထွက်ခွာမည့် လေးသက်ထင်အား နှုတ်ဆက်ရသည့် ညနေလည်း မည်ပေသည်။

"ငါလဲ တိုက်ခန်း မနေချင်ပါဘူး မယ်မြရယ်၊ အသက်ရှူ ကျပ်လိုက်တာ၊ ငါ့အခန်းဆို ပြတင်းပေါက်ရှိသမျှ အကုန်ဖွင့်ပစ်တာပဲ၊ ပြတင်းပေါက် မရှိရင် ငါ လုံးဝ နေတတ်မှာ မဟုတ်ဘူး။ ဟိုတစ်လောတုန်းက တို့ ညောင်ဦးက သူငယ်ချင်းကို လိုက်ရှာပေးလိုက်ရတဲ့ အဆောင်က ပြတင်းပေါက် မရှိဘူးအေ သိလား၊ ဒါပေမဲ့ နေစရာ လိုနေတော့လဲ နေလိုက်ရတာပဲ၊ ငါ့သူငယ်ချင်းမှာ ကြောက်ကြောက်နဲ့ ခြေရင်းက တံခါးပေါက်ကိုပဲ ညည ဖွင့်အိပ်ရတယ်တဲ့၊ ကောင်းရော"

ခင်သစ္စာ၏ ရယ်သံက ခပ်လွင်လွင်၊ မြသီတာသည် လက်ဖက်ကို အရသာခံရင်း ခင်သစ္စာ၏ အပြုံးအရယ်မျက်နှာကို တဒင်္ဂ ငေး၏။ မျက်နှာကျပုံ ပြေပြစ်သည့် အထဲ မပါသော ခင်သစ္စာသည် အသားအရေက ညိုညိုစိုစို၊ ခန္ဓာက ပြည့်ဖြိုးဖြိုး။ နာမည်သာ လှတာပါဟယ်ဟု သူ့ကိုယ်သူ ညွှန်းဆိုမြဲ မိန်းကလေးတွင် ကိုယ်တိုင်မမြင်သည့် အလှကတော့ အပြုံးတစ်ခုသာ ဖြစ်သည်။

ခင်သစ္စာ၏ အပြုံးသည် ဘယ်တော့မဆို သက်ဝင်မြဲ။ စိတ်ပါလက်ပါ ပြုံးတတ်သူ။ သူ့အပြုံးက တစ်ဖက်လူကို ရင်အေးစေသည်။ ထိုအပြုံးကြောင့်ပင် ခင်သစ္စာကို တွေ့သူတိုင်းက ခင်မင်နှစ်လိုသည်။ အမြဲပျော်နေတာပဲနော်ဟု မှတ်ချက်ပြုကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အပြုံးမျက်နှာနှင့် အစဉ်တွေ့ရတတ်သော ခင်သစ္စာသည် မိသားစုတစ်စုလုံး၏ ဝန်ကို အားနှင့်မမျှအောင် ထမ်းနေရကြောင်း၊ မောပန်းပြိုလဲလုပြီ ဖြစ်ကြောင်း ဘယ်သူများ သတိထားမိပါ့မလဲ။

လက်ချောင်းလေးများကို ထောင်မြှောက်၍ အပြန်ပြန် အလှန်လှန် ကြည့်ရာက ပြန်အချတွင်လည်း အပြုံးက မျက်နှာထက် ချိတ်တွယ်ဆဲ။

"ထီပေါက်ရင်လဲ ကောင်းသားပဲ မယ်မြရယ်၊ ငါ တိုက်ခန်း တစ်ခန်း ဝယ်မယ် သိလား၊ သိန်းငါးရာလောက် ပေါက်ရင် တိုက်ခန်းဝယ်၊ အဲဒီမှာ တစ်ယောက်တည်း နေလို့တော့ ဘယ်ဖြစ်မလဲ၊ ဟုတ်တယ်မို့လား၊ ညည်းကို ခေါ်ထားမှာပေါ့"

"နင်က ထီထိုးထားတယ်ပေါ့ ထူးထူးဆန်းဆန်း"

"အေးဟ့၊ အရင်ကတော့ မထိုးပါဘူး၊ နမြောလို့ ငါ မုန့်ပဲ ဝယ်စားပစ်တာ၊ ဒီလတော့ ဩော်- ထိုးဦးမှပဲ၊ ငါတို့ အဆောင်ပြောင်းရတော့မှာ အိမ်လေးများ ဝယ်ရအောင်လို့ ဆိုပြီး ၁၀ စောင်ကြီးများတောင် စွန့်စားပြီး ထိုးခဲ့ပါတယ်"

"အေးပါအေ၊ ကြားရတာ ဝမ်းသာစရာပါ"

"ငါ့ကို ထီသည်ကောင်လေးက ဖုန်းနံပါတ် ပေးပါတဲ့၊ ငါလဲ ပေးခဲ့ပါတယ်၊ ဇူလိုင် ၁ ရက်နေ့ ရောက်လို့မှ ဖုန်းမဆက်ရင်တော့ အသိပဲ လို့တော့ ပြောခဲ့လိုက်တယ်"

နောက်ဆုံးလက်ကျန် လက်ဖက်တစ်ဖွန်းကို ခပ်ကာ မြသီတာ သူ့ထံ ကမ်းပေးသည်။ ခင်သစ္စာသည် ရယ်သံ တဟက်ဟက်နှင့်ပင် လက်ဖက်ဖွန်းကို ယူသည်။ 'အပျိုကြီးဖြစ်လဲ ရပါတယ်ဟယ်' ဆိုတာသည် နောက်ဆုံး လက်ကျန် တစ်ခု၊ တစ်ဖွန်းတို့ကို သူ့ထံကမ်းပေးတာ ကြုံရလေတိုင်း ခင်သစ္စာ ပြောမြဲစကားသာ ဖြစ်သည်။

'အပျိုကြီးဖြစ်ရင် ငါ အခု လုပ်ကျွေးသလို ငါ့မောင်၊ ညီမတွေက သိတတ်ပါ့မလား၊ သိတတ်စရာလဲ မလိုပါဘူးလေ၊ ကိုယ်က တာဝန်ကျေရင် ပြီးရော မဟုတ်လား' ဟု ပူပန်ဟန်ကိုပင် အရယ်ဖုံးလျက် ဆိုတတ်သည့် ခင်သစ္စာ။

ခင်သစ္စာနှင့် မေခိုင်သည် မိခင်သာ ရှိတော့တာချင်း တူလေသည်။ သို့သော် မေခိုင့် မိခင်ကတော့ ဝင်ငွေရှာလိုလျှင် ရှာနိုင်ဆဲ ဖြစ်သော၊ ကျန်းမာသော မိခင်သာ ဖြစ်သည်။ မောင်ငယ်တစ်ဦး၏ ဝန်သာ အိမ်တွင် စောင့်ရှောက်စရာ ကျန်သည်။ မေခိုင်သည် အိမ့်တာဝန်ကို မထမ်းဆောင်ရဘူး မဟုတ်သော်လည်း ခင်သစ္စာလို ပူပန်ဖွယ် မများလှ။

mgyoe.com

mgyoe.com

SAMPLE BOOK


ခင်သစ္စာမှာမူ မကျန်းမာသော မိခင်အို၏ သမီးကြီး ဖြစ်လေသည်။ ညီမလတ်က အိမ်ထောင် စောစီးစွာ ကျသည်။ အိမ်ကို လှည့်ကြည့်ရန် ဝေးစွ၊ သူ့အိမ်ထောင်နှင့်သူပင် ရုန်းရဆဲ။ ထိုညီမလတ်အောက်က ညီမငယ်နှင့် မောင် အငယ်ဆုံးမှာမူ ပညာရေး ဆုံးခန်းမတိုင်သေး။ တစ်ဦးက အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ၊ တစ်ဦးက ကိုးတန်းကျောင်းသား။

ရုံးဝန်ထမ်းနှင့် စာသင်သူ နှစ်ဘဝတွင် ကျင်လည်သော ခင်သစ္စာတစ်ယောက် ညဘက် ညဘက် စာသင်ဝိုင်းက ပြန်ရောက်ချိန်မှာ ၉ နာရီပင် ထိုးတော့မည်။ ညနေ ၅ နာရီ ဆင်းသော ရုံးမှ စာသင်ရမည့် အိမ်သို့ အပြေးသွားရတတ်သူ။ မောမောပန်းပန်း ပြန်ရောက်လာတတ်သော ခင်သစ္စာကို မြင်ရပြန်တော့လည်း အခက်အခဲများသည့် အလုပ်ထဲ ကျင်လည်ရသမျှ ကိုယ့်ကိုယ်ကိုယ် ပင်ပန်းလှချည့်ထင်တတ်သည့် မြသီတာမှာ ငဲ့ကြည့်စာနာစရာ ဖြစ်ရလေသည်။

"နေပါဦး၊ ခိုင့်ကိုလဲ ငါ့အိမ်မှာ ပေးနေရဦးမှာပဲ၊ နင်တစ်ယောက်တည်း ခေါ်ထားရင် သူ ကျန်ခဲ့မှာပေါ့။ သနားပါတယ်၊ ထားထားကိုတော့ မခေါ်တော့ပါဘူး အေ၊ ဒီကလေးမက အလွှမ်းမင်းသမီး ဆိုတော့ ငါ့အိမ် ရေနစ်မှာ"

ထားထားလွင်၏ ခုတင်မှာ လွတ်ဟာလျက်။ သင်တန်းချိန်။ တစ်နေ့က ပင် နောက်တစ်ကျော့ အားပါးတရ ငိုလိုက်သေးတာကို ခင်သစ္စာ မေ့ပုံ မရ။ မပိုင်သေးသော အိမ်ကိုပင် ကြောင့်ကြလျက်။

"ခိုင်က နင့်အိမ်မှာ လိုက်နေမှာ မဟုတ်ဘူး သစ္စာရဲ့၊ သိလား"

"ဘာလို့တုံး၊ မန်းလေး ပြန်မယ်တဲ့လား"

"မပြန်ပါဘူး၊ တခြားကိစ္စပါ"

"နေဦး၊ နေဦး၊ ငါ မှန်းလိုက်မယ်အေ"

ခင်သစ္စာက ပြုံးမြမြပင် လက်ညှိုးဖျားနှင့် မေးစေ့ကို ထောက်လိုက်သည်၊ မျက်လုံးများကို မှေးစင်းလိုက်သည်၊ တစ်ခဏအကြာတွင် ဟာခနဲ အာမေဍိတ်သံနှင့်အတူ အပြုံးက ပို၍ လင်းပွင့်၏။

"ငါ သိပြီ၊ နင် ငါ့ကို မပြောချင်လဲ ရတယ်၊ ငါ့ဘာသာ မှန်းလိုက်ပြီ၊ အဲဒါ ဟုတ်တယ် မဟုတ်လား ကဲ"

"ဟင် ဘာမို့လဲ"

"ခိုင် ယောက်ျားယူတော့မယ်မို့လား"

mgyoe.com

mgyoe.com SAMPLE BOOK

"သူ့ မေးကြည့်ပေါ့"

မိုးသက်လေသည် အခန်းပြတင်းမှ တိုးဝင်၏။ အေးစိမ့်စိမ့်။ လေပြည်ကို ထိတွေ့သိမိ၍မှ မိနစ်ပိုင်း လွန်မြောက်ရုံနှင့် မိုးစက်ပေါက်တို့ကို မြင်ရပြီ။ ပထမတော့ တဖွဲဖွဲ။ နောက်တော့ သည်းစပြုလာသည်။ အခန်းပြတင်းကိုမူ ပိတ်ရန် မလို။ အိမ်အပေါ်ထပ် အိမ်ဦးခန်းကြမ်းပြင်သည် ပြတင်းကို ရိပ်မိုးထား၏။

"နင်ကော မယ်မြ"

"ဟင် ဘာလဲ"

"နင်ကော ဇေဦးနဲ့ ဘယ်တော့ လက်ထပ်မှာတုံးလို့"

မြသီတာသည် ခင်သစ္စာ၏ အမေးကို မဖြေ။ မိုးစက်များကို ငေးလျက်။ အမိပွာယ် ဖော်ရခက်သည့် အပြုံးတစ်စ နှုတ်ခမ်းထက် ချိတ်လျက်။ ခင်သစ္စာကမူ မြသီတာ၏ အသိရခက်သော အပြုံးကိုသာ ငေးနေလေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၄

ငွေရောင်ရေိယာဖြန့်ကြက်စပြုသည့် ဆံနွယ်တို့သည် ဖြူဖိုင်း ပြည့်ဝသော၊ ကျက်သရေ ရှိရှိ အလှတရားကို ပိုင်ဆိုင်ဆဲဖြစ်သော ဒေါ်ခင်ဝေ၏ မျက်နှာပြင်ကို ရစ်ခွေထား သည်။ သူသည် ဆံပင်ကို အစဉ်သဖြင့် ထုံးဖွဲ့ထားတတ်သည်။ ငယ်ထိပ်နား မကျ တကျ ရောက်သည့် ဆံပင်ထုံးပုံမှာ ပင်ကို မျက်နှာအကျအလှနှင့် လိုက်ဖက်သည်ဟု မြင်သူတိုင်းက ဆိုစမှတ်ရှိသည်။

နှုတ်ခမ်းဆိုးဆေး ရေးရေးတင်သော နှုတ်ခမ်းထက်က အပြုံးကတော့ သူ့ကိုယ်ပိုင်ဟန်။ အပြောချိုသာခြင်းကိုလည်း လူတို့ အသိအမှတ် ပြုကြသည်။ လူကြီးမဆန်ဟု ထင်ရလောက်အောင် စိတ်မြန်လက်မြန် ဆုံးဖြတ်တတ်၊ ပြောတတ် ဆိုတတ်သော ဒေါ်ခင်မေနှင့် ဆက်ဆံရမည်ကို ထိတ်လန့်သူများသည် ညီမဖြစ်သူ ဒေါ်ခင်ဝေကိုတော့ နှစ်လိုကြသည်။ စင်စစ် စိတ်အတွင်းက သဘောနှင့် နှုတ်က ထွက်သော စကား၊ အပြုံးတို့သည် ထပ်တူကျသည် မဟုတ်။ စိတ်ကို ထိန်းချုပ်တတ် စေရန် နှစ်များစွာ ကျင့်ကြံခဲ့၍ပင် ထိုအလေ့ကောင်းမှာ သူ့အမှတ်အသားတစ်ခုနှယ် စွဲနေပေသည်။

သီရိမြိုင်အဆောင်သူတို့သည် ဒေါ်ခင်ဝေ၏ စည်းကမ်းစကားသံတို့ကို နားဝင်ချိုသလိုရှိကြသည်၊ အပြစ်ဆိုစကားကိုပင် အချိုဖုံးတတ်သူဆိုတော့ ပိယာသလေး နှင့် ဘေးပစ်ခြင်းလောက် အခံရ မခက်ကြ။

mgyoe.com

mgyoe.com SAMPLE BOOK

'သမီးတို့ရေ' ဟု အစချီသော ဒေါ်ခင်ဝေ၏ လေသံအောက်တွင် သီရိမြိုင်သည် ငြိမ်ဝပ်ခြင်းဂုဏ်ကို ဆောင်စမြဲ။ မိခင်ထံက ရသော အုပ်ချုပ်ခြင်း အတတ်ပညာသည် သူ့အသွေးအသားထဲ အမြစ်တွယ် စွဲလျက်။ နေ့ရှိသရွေ့ သီရိမြိုင်သည်သာ သူ့စိတ်ကို ပိုင်စိုး၏။ သူ့ဘဝတွင် အစ်မလို၊ မောင်ငယ်လို အိမ်ထောင်ပြုခြင်းအမှုကိုပင် ကြုံခဲ့သည် မဟုတ်။ သီရိမြိုင်သည် သူ့ဘဝ၊ သူ့ကမ္ဘာ။

နံနက်လင်းသည်နှင့် ကိုယ်လက်သန့်စင်ပြီး ဘုရားဝတ်တက်ပြီးလျှင် ခြံထဲ လှည့်ပတ်လမ်းလျှောက်တတ်သော ဒေါ်ခင်ဝေအား အဆောင်သူတို့ တွေ့ရမြဲဖြစ်လေသည်။ နံနက် အိပ်ရာထချိန် ဆိုသော်လည်း ဝတ်စားပုံ သပ်ရပ်လျက်။ ပါတိတ်လုံချည်၊ ချည်သားပွင့်ရိုက်လုံချည်နှင့် ချည်သားဖြောင်အင်္ကျီ စသည် တွဲဖက်ဆင်သည့် အဆောင်ရှင်အရိပ်ကို မြင်လျှင် အပြင်က ဘုံသုံးရသော နေရာ၌ ကရိကထမခံလို၍ အခန်းတွင်းမှာပင် ရေနွေးကျိုသော မိန်းကလေးတို့ အရှိန်တန့်သည်။ သိမ်းဝှက်ကြရသည်။

ဒေါ်ခင်ဝေအား ခြံဝင်းထဲ လှည့်ပတ်ပုံ မြင်ကြရသည်မှာ နံနက်ခင်း တစ်ခုသာ မဟုတ်။ ညနေခင်း၊ ညဦးအချိန်များတွင်လည်း တွေ့ရတတ်မြဲ။ ည ၉ နာရီထိုးချိန် ခြံတံခါးသော့ ဆင်းခတ်သူမှာလည်း သက်မာ မဟုတ်။ ဒေါ်ခင်ဝေ ကိုယ်တိုင်သာတည်း။

အဆောင်ရှင်ညီအစ်မနှင့် သွေးသား မတော်စပ်သည့်ပမာ နွေးထွေး ပျူငှာမေတ္တာထားစဖွယ်ကောင်းသောသက်မာကမူအဆောင်သူတို့နှင့်ထွေးလားလုံးလားနေလေ့ရှိသည်။ သက်မာကိုဆိုလျှင် ရင်းရင်းနှီးနှီး ပြောရဲ ဆိုရဲ ရှိကြသည်။ ပုပုသေးသေး၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးဝိုင်းဝိုင်းနှင့် မျက်နှာမြင် ချစ်ခင်စရာ သက်မာသည် အမိ၊ အဖ မရှိတော့ပြီ ဆိုသည့် တစ်ချက်နှင့်ပင် သူ့အပေါ် မေတ္တာထားကြသူများစွာ။ စောဒကတက်စရာ ဟူသမျှမှာလည်း သက်မာထံက တစ်ဆင့်သာ နားသွင်းရစမြဲ။ ကြီးတော်နှစ်ဦး၏ အတင်းကိုပင် သက်မာအား ပြောရဲကြသေးသည်။

အဆောင်သူများနှင့် ရင်းနှီးပုံကြောင့် သက်မာအပေါ် ဒေါ်ခင်ဝေ အလုံးစုံမယုံပေ။ သက်မာများ သော့ကိုင်ရင် ညဉ့်နက်မှ တံခါးခိုးဖွင့်မပေးဘူးလို့ ဘယ်သူပြောနိုင်မလဲ။ မိန်းကလေးတွေတန်မဲ့ ညဉ့်နက်သန်းခေါင် အဆောင် ပြန်ဝင်လို့ကတော့ အဆောင်နာမည် ပျက်ရချေရဲ့။ နဂိုရှိတဲ့ သွေးတိုး ဒီထက် ဆိုးရချေရဲ့..။

သက်မာမို့ အောက်ထပ်ဆင်းလျှင် အဆောင်သူတစ်သိုက်နှင့် ပေါင်းစည်းမိသော ရယ်သံများ အပေါ်ထပ်သို့တိုင် ပျံ့လွင့်လာတတ်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဒီကလေးမဟာ အနေမတတ် အထိုင်မတတ်' ဟု ဒေါ်ခင်မေ မကြာမကြာ ပြောတတ်သည်။ သို့သော် သည်ကလေးမမှ သူတို့အပါး မရှိလျှင် အခြားဘယ်သူမှ ရှိမည်မဟုတ်။ ဘဝတစ်သက်တာတွင် အိမ်ရာထူထောင်ခြင်း တစ်ကြိမ်တစ်ခါ ပြုသော်လည်း ကံမကောင်း အကြောင်းမလှခဲ့ပေ။ သားသမီး မပွားစည်းဘဲ ကွဲကွာကိန်းသာ ဆိုက်ခဲ့သည်။ အမွှန်အမြတ် ထင်ခဲ့သည့် ချစ်ခြင်းသည် အရေးကြုံတော့ သည်းမခံနိုင်စရာများစွာကို မကျော်ဖြတ်နိုင်။ အထူးသဖြင့် မျိုးတူမိန်းမနောက်တစ်ဦး ရှိလာခြင်းအပေါ် သူ ဘယ်လိုမှ ခွင့်မလွှတ်နိုင်။

နောက်ဆုံးတော့ လမ်းခွဲတွင်ပင် နောက်ပြန်လှည့်ကာ ဒေါ်ခင်မေ မိဘအိမ်သို့ ရောက်လာသည်။ သီရိမြိုင်သည်ပင် သူ့လောကနယ် ထင်မှတ်ရပြန်သည်။ မိခင်ကြီးက အိုမင်းမစွမ်းချိန်မို့ သီရိမြိုင်အား ညီမငယ် ဒေါ်ခင်ဝေ ပိုင်စိုး ခြယ်လှယ်သမျှကိုလည်း ငြူစူလိုခြင်း မရှိ။ စိတ်မထင်လျှင် မြည်တွန် တောက်တီးရုံမှအပ လောကအပူ ဟူသမျှ ကိုယ်နှင့် မဆိုင်သလိုသာ နေတတ်တော့သည်။ သက်မာကို ချစ်ရတာကတော့ နောက်ထပ် အပူပေပဲ။

ရံဖန်ရံခါတော့ အဆောင်သူလေးများကို အမှတ်မထင် ငေးမိသည့်အခိုက် သည်လို သမီးကလေးများ ဘာလို့ မပိုင်ခဲ့ရပါလိမ့်ဟု တွေးမိစမြဲ။ မိန်းကလေးတို့က တစ်ခွန်းတလေ ချွဲနွဲ့သလို ဆိုလျှင် ညီမလောက် လှပခံ့ထည်ခြင်း မရှိသည့် မျက်နှာပြင်ထက် အပြုံးက ဖူးပွင့်ပေါ်လာတတ်သည်။ အခန်းတွင်း ရေနွေးကျိုခြင်း၊ ခေါက်ဆွဲပြုတ်ခြင်းကိုပင် မြင်လျက်နှင့် မသိဟန်ပြုသည်။ မျက်နှာငယ်ပုံ မြင်သည်နှင့် စုံစုံစေ့စေ့ မေးမြန်းမနေတော့ဘဲ အဆောင်သူအဖြစ် ချက်ချင်းဆိုသလို လက်ခံသည်။

"ဒီအိမ်မှာ ကျွန်မတစ်ယောက် ရှိလို့ပဲ၊ နို့မို့ဆို အကုန်လုံး ညာချခံရမှာ" ဟု စိတ်အခန့်မသင့်တိုင်း ဒေါ်ခင်ဝေ ဆိုလေ့ ရှိပေသည်။

ခြံဝင်းထဲ အေးအေးလူလူ လမ်းလျှောက်စဉ် မျက်လုံးရှင်ရှင်ထားကာ အကဲခတ်လေ့ရှိသော ဒေါ်ခင်ဝေသည် အိမ်အပေါ်ထပ်သို့ ပြန်ရောက်ချိန်တွင်လည်း သည်ကြည့်ပုံမျိုးနှင့်သာ။ နံနက်စာ ပြင်ပေးသော သက်မာမှာ မကြာခဏ ကယောင်ကတမ်း ဖြစ်ရသည်။

အိမ်ကြီးရှင်တို့၏ နံနက်စာသည် အထူးအထွေတော့ မဟုတ်။ ထမင်းကြော်၊ ကြက်ဥကြော်နှင့် ကော်ဖီ၊ လက်ဖက်ရည်။ သူတို့သည် အစားအစာအတွက် ထွေလီကာလီ စီစဉ်လေ့ရှိသူများ မဟုတ်ချေ။

mgyoe.com

m g y o e . c o m SAMPLE BOOK


အဆောင်သူတို့ အလုပ်သွားချိန်၊ သင်တန်းသွားချိန် ဆိုလျှင်တော့ သီရိမြိုင်သည် ဆိတ်ငြိမ်ခြင်းနှင့် အသားကျလေ့ ရှိသည်။ မကြာမီပင် အဆောင်အိမ် ဖျက်တော့မည် ဆိုသော အသိပေးသံသည် တစ်ရက်၊ နှစ်ရက်တော့ သီရိမြိုင်မှာ ပွက်ပွက်ဆူလိုက်သေးသည်။ ခုတော့ နေ့စဉ်ပြဖွယ်တို့သည် ပုံမှန် လည်ပတ်မြဲ။ အချို့က နေရာသစ် ရှာဖွေဆဲ။

အဆောင်အဖြစ်က ပိတ်သိမ်းကာ အထပ်မြင့်တိုက်တာ ပြောင်းလဲ ဆောက်မည့် သတင်းသည် ပြင်ပသို့တော့ ပျံ့နှံ့ပုံ မရသေးပေ။ အဆောင်သူ အသစ် အသစ်တို့ပင် ရောက်လာရန် စိုင်းပြင်းဆဲ။

ဇူလိုင်လသို့ စဝင်သည့် နံနက်ဦးမှာပင် အဆောင် စုံစမ်းရန် ရောက်လာသူ ရှိသေးတော့ ဒေါ်ခင်ဝေ ပြုံးမိသည်။ သီရိမြိုင်ဟာ အတော်ဂုဏ်ကြီးပါလားဟု ကျေနပ်ခြင်း ဖြစ်သည်။

အဆောင်နေရာ ရှာဖွေဆဲ သားအမိနှစ်ဦးကမူ အဆောင်ရှင်၏ အပြုံးကိုသာ အားကိုးတကြီး ငေးနေကြလေသည်။

"ကျွန်မလဲ အဝေးမှာ ထားခဲ့ရမှာ ဆိုတော့ စိတ်ချရတဲ့ နေရာမှာပဲ ထားခဲ့ချင်တာပဲ"

မြောင်းမြက လာပါသည် ဆိုသော တောင်သူအမျိုးသမီးသည် စီးပွားရေး တက္ကသိုလ် ပထမနှစ်ကျောင်းသူ သမီးငယ်ကို ငဲ့ကြည့်ကာ ဆိုသည်။

"အခုလောလောဆယ်တော့ သူ့အဒေါ်အိမ်မှာ နေတယ်၊ ဒီဇင်ဘာ ကျောင်းဖွင့်တုန်းကလဲ အဲဒီ နေတာပဲ၊ တိုက်ခန်း ဆိုတော့လဲ သူ့မိသားစုနဲ့တင် ပြည့်နေတာ၊ သမီး နေရတာ အဆင်မပြေဘူး ဆိုတော့ ကဲ အဆောင် ရှာရအောင် ဆိုပြီး ရှာလာတာပဲ၊ ကျွန်မလဲ သူ့အဆောင် ရှာပေးပြီးရင် နောက်နေ့ ပြန်ရမှာ"

မိန်းကလေးသည် လက်ချောင်း အချင်းချင်း ဆုပ်နယ်လျက်။ မျက်လွှာချထား၏။ နားရွက် ကျော်လွန်စ ဆံပင်အုပ်အုပ်လေးကြောင့်ပင် မျက်နှာလေးက ပို၍ နုနယ်သလို။

သည်မျက်နှာလေးကို တွေ့တော့လည်း ဒေါ်ခင်ဝေမှာ မဖြစ်စဖူး သနားခြင်း ဖြစ်ရသည်။ သို့သော် မတတ်နိုင်ပြီ။

"နောက် ခြောက်လပဲ ထားတော့မှာ ဆိုတော့လေ၊ အခုတောင် လူလျှော့နေတာ၊ ကျွန်မတို့ လက်မခံနိုင်တော့ပါဘူး၊ တခြားမှာ ရှာကြည့်ပါ ညီမရယ်၊ လှည်းတန်းတော့ ပေါပါတယ်"

m g y o e . c o m

mgyoe.com

စိတ်ပျက်အားလျော့ဟန် မျက်နှာများဆီမှ ဒေါ်ခင်ဝေ အကြည့်လွှဲသည်။ သူ့တစ်သက်တွင် မိဘပေါင်းများစွာ၊ အဆောင်သူပေါင်းများစွာ တွေ့ရလှပြီ။ ဆယ်ကျော်သက်၊ နှစ်ဆယ်ကျော်စ သမီးပျိုများအား အဝေးတစ်နေရာတွင် ပညာသင်၊ အလုပ်လုပ်ရန် ခွင့်ပြုရခြင်း၏ နောက်ဆက်တွဲ သောကအပူကို စာနာနိုင်ပါ၏။ မိဘမပါဘဲ တစ်ဦးတည်းပင် အဆောင်လာရှာသူလည်း မရှား။ လောကအလယ် ခြေခိုင်ခိုင် ရပ်နေပြီ ဖြစ်သည့် ရဲဝံ့သော မျက်နှာများ၊ လောကသစ်သို့ ယခုမှ တိုးဝင်မည့် စိုးရွံ့ရွံ့ မျက်နှာများကို အဖန်ဖန် တွေ့ဖူးပေပြီ။

"ဟောတော်၊ ဒုက္ခပါပဲ၊ ကျွန်မတို့ ဒီအဆောင် ရောက်လာတာတောင် တော်တော်ရှာခဲ့ရတာ"

"ကျွန်မလဲ ငြင်းရတာ စိတ်မကောင်းပါဘူးရှင်၊ ဒီမှာ ခြောက်လလောက် နေပြီး ထပ်ပြောင်းရပြန်ရင် ဒုက္ခတွေ့မှာစိုးလို့ ကြိုပြောရတာ"

မိခင်၏ မျက်နှာက တစ်ချက် ဝင်းလက်လေသည်။

"ဒီလိုဆို သမီးရေ၊ နောက် တစ်နှစ်ကျမှ ထပ်ရှာမလား၊ အခုတော့ ဒီမှာ နေခဲ့မလား"

"ဟုတ်..."

တိုးလျလျ အသံသည် သမီးငယ်ထံက ထွက်လာသည်။

"ဒီလိုဆိုလဲ နေပေါ့၊ အခက်အခဲ ဖြစ်နေတယ် ဆိုလဲ နေပါလေ၊ ဒီဇင်ဘာလလောက် ဆိုရင်တော့ နောက်တစ်နေရာ ရှာပေါ့"

မိခင်၏ အပြုံးက ခုတော့ ပို၍ လက်ပလာသည်။ နောက်ခြောက်လဆို နောက်တစ်နေရာတော့ တွေ့မှာပါ။

သက်မာရေဟု ဒေါ်ခင်ဝေ အသံပြုသည်။ နားစွင့်နေသော သက်မာသည် လွင့်ခနဲပင် ရောက်လာသည်။

"ထားထားလွင်ကို သူ့အိမ်က ပြန်လာခေါ်မယ် ပြောတယ်၊ ဒီတစ်ပတ် ထဲပဲ ရောက်မှာပဲ၊ ဒီသမီးလေးကို သူ့နေရာ ပို့လိုက်၊ ခုတင်နှစ်လုံး ကြိုက်တဲ့ တစ်လုံး နေပါစေ၊ သမီး နောက်တစ်ပတ်လောက် နေရင် ပြောင်းလာလို့ ရပြီနော်၊ ဖုန်းနံပါတ် ယူသွား၊ ဖုန်းတော့ ကြိုဆက် ဟုတ်လား"

"ဟုတ်ကဲ့"

သက်မာနှင့် မိန်းကလေးထံက အသံပြိုင်တူထွက်လာသည်။ မိန်းကလေးသည် သက်မာထံသို့ အကြည့်ရွှေ့ကာ မဝံ့မရဲ ပြုံး၏။ သက်မာ တုံ့ပြန်လိုက်သော

mgyoe.com

m gyoe.com SAMPLE BOOK


အပြုံးမှာတော့ ကြည်လင်တောက်ပသည်။ တစ်ဖက်သားကို အင်အား ရှိစေ၊ နှစ်လိုစေသည့် အပြုံး။ မျက်နှာချိုချို အဆောင်ရှင်ရှေ့ အနေကျုံ့လျက်ရှိသော မိန်းကလေးသည် ခုမှပင် စိတ်သက်သာရာရဟန် ပြုံးလိုက်လေသည်။

"သမီး နာမည် ဘယ်လို ခေါ်သလဲ၊ စာရင်း ကြိုမှတ်ထားရအောင်"

မိန်းကလေးက ဒေါ်ခင်ဝေ့ထံ အကြည့်ရွှေ့လိုက်သည်။

"နွေရီထွန်း ပါရှင့်"

✦

မျက်လုံးပေါင်း သုံးစုံ၏ စူးစမ်းခြင်းကို မသိနိုင်တော့သည့်အလား ထားထားလွင်သည် အိပ်ရာပေါ် ခွေခွေခေါက်ခေါက် အိပ်ပျော်နေလေပြီ။ တစ်ချက် တစ်ချက် ထွက်ပေါ်သော ရှိုက်သံတစ်စမှာ အိပ်မပျော်ခင် အချိန်ပိုင်းတုန်းက နင့်နင့်သည်းသည်း ငိုခဲ့ပါကြောင်း ပြနေ၏။ မျက်ရည်စီးကြောင်း ကျခဲ့ရာ ပါးပြင်ထက် အစိုရိပ် ကျန်ဆဲ။ နာကျင်နိုရဲသည့် မျက်လုံးမို့မို့သည် ခုတော့ စေ့ပိတ်လျက်။

ပထမဦးဆုံးသော သက်ပြင်းချသံသည် မေခိုင့်ထံမှ လာသည်။ ဒုတိယမြောက် ပင့်သက်ရှိုက်သည်မှာတော့ ခင်သစ္စာ။ မြသီတာကမူ တွေးငေးသော အကြည့်နှင့်ပင် ထားထားလွင်ထံ စူးစိုက်လျက် ရှိလေသည်။

အလှကုန်အချို့၊ စာအုပ်၊ ကော်ဖီခွက်၊ ပန်းအိုးငယ် စသည် စသည် နေရာယူသော စာကြည့်စားပွဲပေါ်ရှိ စားပွဲတင်နာရီလေးကတော့ ည ၁၀ နာရီကျော်ပြီဆိုသည်ကို ပြနေပြီ။ အဆောင်ပိတ်ခဲ့ပြီ။ အခန်းကူး လည်ပတ်မှု ပြုသူတို့ ပြုသည့်အချိန်။ စာအုပ်ဖတ်ခြင်း၊ သီချင်းနားထောင်ခြင်း၊ လက်ပ်တော့နှင့် ရုပ်ရှင်ဇာတ်ကားကြည့်ခြင်းတို့ဖြင့် အပန်းဖြေမှု ပြုကြချိန်။

သည်လေးယောက်ခန်းတွင်တော့ အဆောင်ပိတ်ချိန် နားနေချိန်သည် တစ်မျိုး တစ်ဘာသာ။

ညဦးပိုင်းမှ စကာ ထားထားလွင် မျက်နှာမကောင်းလှပုံကို မြသီတာ သတိပြုမိသည်။ ထားထားလွင် သင်တန်းပြန်ရောက်ချိန်က စောသည်။ သူတို့ အားညစာစားရန် စောင့်စားလေ့ မရှိ။

သည်ညနေလည်း သင်တန်းက ပြန်ရောက်သည်နှင့် တစ်ခဏ နားကာ ညစာစားသည်။ ရုံးဆင်းလာသည့် မေခိုင်နှင့် နှုတ်ဆက်စကား တစ်ခွန်း နှစ်ခွန်း

mgyoe.com

ပြောသည်။ နှုတ်ခမ်းလှုပ်သည် ဆိုရုံ အပြုံး။ ညအိပ်ဝတ်စုံအောက်က တဖြည်းဖြည်း ပါးလျလာသော သူ့ကိုယ်နေဟန်ကို မေခိုင် သတိပြုမိသည်။ အိမ်က ပြန်ခေါ်မည် ပြင်ချိန်ကတည်းက အအိပ်အစား နည်းလာသူ။ ငိုကြွေးပုံကို မြင်ရချိန်တော့ နည်းလာသည်။ သို့သော် အိပ်ပြန်လျှင်တော့ ကြက်အိပ် ကြက်နိုး။

ညဦးပိုင်းတစ်ချက်အိပ်ပျော်ကာသန်းခေါင်ကျော်ပြန်လျှင်ထားထားလွင် နိုးထသည်။ သည်ကတည်းက မအိပ်သည်မှာ မိုးသောက်ယံ တိုင်ပါရော။ မေခိုင်နှင့် မြသီတာမှာ မီးဖွင့်အိပ်လျှင်လည်း မပြူစူတတ်သူများမို့သာ တော်ပါသေးသည်။ ညဥ့်သန်းခေါင်ကျော်များ ထကြည့်မည်ဆိုလျှင် အခြား အခန်းများနှင့်မတူ၊ မီးရောင် ထိန်လင်းဆဲ အခန်းတွင် နံရံကို ကျောကပ်၍ဖြစ်စေ၊ ပြတင်းမှတစ်ဆင့် ပြင်ပကို ငေးမော၍ဖြစ်စေ ရှိနေတတ်သော ထားထားလွင်ကို တွေ့ရမည်။ သူ့နားတွင်တော့ နားကြပ်တပ်လျက်သား။ အချိန်ပြည့် သီချင်းနားထောင်တာများ နား မနာတတ် တော့သလိုဘဲ။

မေခိုင်သည် ထားထားလွင်၏ ပါးလျလိုက်လာသော ဟန်ကို အားမရ။ သို့သော် ညီမအရင်း မဟုတ်လေရာ ဘယ်သို့ ပြောမည်လဲ။

"ထမင်းကော သေချာများ စားရဲ့လား ထားထားရယ်၊ ထားထား ကြည့်ရ တာ ပိန်လာလိုက်တာ၊ အားမရှိသလို ပိန်နေသလိုမျိုးရယ်"

ကြိုက်မည်၊ မကြိုက်မည်ကို မတွေးဘဲ တစ်ခွန်းတော့ဖြင့် မေခိုင် ဆိုမိ သည်။ 'စားပါတယ် အစ်မရဲ့' ဟူသော ဖြေသံသည်ပင် အားအင် နည်းပါးဟန်။

ပြန်ရောက်ချိန် ကျောခဏ ခင်းပြီးလျှင် ရေမိုးချိုး၊ အဝတ်လျှော်နှင့် မအား လပ်ပြန်တော့ ထားထားလွင်ကို သတိမရတော့ချေ။ ဆပ်ပြာရေ စိမ်ထားသော အဝတ်တို့ကို စိမ်ပြေနပြေ ထိုင်လျှော်ရသည်။ ရုံးဖွင့်ရက်များတွင် ရေချိုးကန်၌ အဝတ်လျှော်သူ မရှိသလောက်။ ရေချိုးရုံသာ။ နေရာလွတ် တန်းမစီလိုသော မေခိုင် တို့လို လူတွေသာ ရုံးက ပြန်ရောက်ချိန် ညနေခင်းတွင် အဝတ်လျှော်တတ်ကြသည်။

အဝတ်များကို နောက်ဆုံးရေတစ်ထပ်နှင့် သန့်စင်ပြီးသော် မြသီတာ၏ ခေါ်သံသဲ့သဲ့ကို ကြားသည်။ ခိုင်ရေ...တဲ့။

မေခိုင်သည် သံကြိုးတန်းထက် ရှိနှင့်ပြီးသား အဝတ်ခြောက်တို့ကို ဘေးသို့ တိုးကပ်ကာ အဝတ်စိုတို့ကို တစ်ထည်ချင်း ချိတ်နှင့် ချိတ်သည်။ ရေစက်တို့သည် မြေသားပြင်သို့ တတောက်တောက် ကျလျက်။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်းသို့ ပြန်ရောက်လျှင်တော့ မြသီတာတစ်ယောက် ညစာအတွက် ပြင်ဆင်စောင့်နေတာ တွေ့ရသည်။ မေခိုင် ဝယ်လာသည့် ကန်စွန်းရွက်ကြော်၊ ရေဆေး လှီးချတ်ထားသည့် သခွားသီးစိတ်များ၊ မြသီတာ ပုသိမ် အိမ်အပြန် ယူလာသည့် ငါးခြောက်ကြော်၊ ငံပြာရည်ကြော်။ ဝမ်းဟာဟာနှင့်မို့ ထမင်းဖြူထဲ ငံပြာရည်ကြော် လိမ္မော်လှူးကာ သခွားသီး တဂျွတ်ဂျွတ်ဝါးသည့် မေခိုင့်ကို မြသီတာ လက်တို့သည်။ တစ်ဖက် ခုတင်ဆီသို့ မေးငေါ့ပြသည်။

ထားထားလွင်...။ ညဥ့်သန်းခေါင်များတွင် တွေ့ရပုံမျိုးနှင့် ထားထားလွင်။ ငိုတော့မလား မသိဘူးဟု မြသီတာက တီးတိုးဆိုသည်။ နှစ်ယောက်သား စကားတော့ မစရဲ။ စကားစတော့မှ ငိုချမည်ကို စိုးရွံ့လှသည်။ ထမင်းသာ ခပ်သွက်သွက် စားကြရသည်။

ထင်သည့်အတိုင်း ထားထားလွင်၏ ငိုသံကို ည ၉ နာရီသာသာလောက်မှာ ကြားကြရတော့သည်။ သို့သော် ခပ်တိုးတိုး။ မြသီတာသည် ခင်သစ္စာ အခန်းတွင်းရောက်သည်နှင့် တံခါးကို ချက်ချသည်။ အခြားသူတော့ ဝင်မလာစေလို။ ခင်သစ္စာကတော့ ဘာအရေးလဲ။ ထားထားလွင်ကို အခန်းဖော်တို့ ဂရုစိုက်သလို စိတ်ထားတစ်ထပ်တည်း ရှိသူပဲ။ နှစ်သိမ့်မလိုနှင့် စကားနှိုက်ထုတ် အတင်းဆိုမည့်သူများ ဆိုလျှင်တော့ သည်အချိန် အခန်းတွင်း ခြေဦးမလှည့်စေလိုပေ။

"ထားထား ဘာဖြစ်လို့လဲ"

ခင်သစ္စာသည် ထားထားလွင်၏ ပခုံးကို ခပ်ဖွဖွ ဖက်သည်။ မြသီတာနှင့် မေခိုင်ကမူ ခုတင်လွတ်တွင် ပစ္စည်းများ ဘေးကပ် တိုးထိုင်ကာ ထားထားလွင်နှင့် ခင်သစ္စာကို အကဲခတ်နေသည်။ ထားထားလွင်သည် သည်သုံးဦးကိုတော့ အစ်မရင်းချာများပမာ ခပ်ရွံ့ရွံ့ရှိသည်။ ရင်းရင်းနှီးနှီး မနေဖြစ်စေကာမူ အခြားသူများထက် ခင်မင်ပုံပြသည်။ အထူးသဖြင့် ရယ်မော ပြုံးရွှင်နေတတ်သော ခင်သစ္စာကို ပို၍ နှစ်လိုဟန် ရှိသည်။

"အိမ်က ဖုန်းဆက်တယ်"

ထားထားလွင်၏ အသံမှာ အားစိုက် ပြောရဟန် တိုးသဲ့လှုပ်ခါလျက် ရှိပေသည်။


mgyoe.com

mgyoe.com

ထားထားလွင်သည် ဝမ်းနည်းဖွယ် စကားလုံးများ သယ်ဆောင်ခဲ့တာ မဟုတ်သည့် ပမာ စာကြည့်စားပွဲပေါ် ငြိမ်လျက်ရှိသော အနက်ရောင်ဖုန်းကို တစ်ချက် ကြည့်လိုက်သည်။

ည ၈ နာရီလောက်ဆီက ကြားရသည့် ကြီးတော်နှင့် ဒေါ်လေးတို့၏ စကားသံများမှာ ခုထိ သူ့အနီး ဝေ့ဝိုက်ဆဲ ရှိလေသည်။ အလျှင်မကြာ အရောက် လာတော့မတဲ့။ ရန်ကုန်မှာ နေခွင့်မပြုတော့ပါတဲ့။ သင်တန်းတက်စရာ၊ အလုပ် လုပ်စရာလည်း မလိုပါတဲ့။

လက်ကိုင်ဖုန်းသည် စကားသံများကိုသာ သယ်ဆောင်သော်လည်း ထားထားလွင်ကတော့ မျက်နှာပုံသွင်များကိုပါ မြင်သည်။ ကြီးတော်၏ ခက်ထန် သော၊ မာနစွက်သော မျက်နှာ၊ ဒေါ်လေး၏ မာထန်ထန် မျက်နှာ။ ထိုထိုသော မျက်နှာ များနှင့်အတူ နေပျော်ဖွယ်ကင်းသည့် အိမ်ကို မြင်စဉ်မှာတော့ သူ့အတွက် အားထား ရာမှာ မျက်ရည်သာ ရှိပါတော့သည်။

စင်စစ် အဆောင်သူ အများစုအတွက် မပျော်သော်လည်း နေရသည့် ရန်ကုန်သည် သူ့အတွက်တော့ နေပျော်ရာအရပ် ဖြစ်သည်။ သူ့အတောင်ပံများအား ကိုယ်တိုင်ကိုယ်ကျ ဆန့်ခွင့်ရခဲ့သည့် ပထမဆုံးသော ကမ္ဘာ။

အင်္ဂလိပ်စာ၊ ကွန်ပျူတာ သင်တန်းလေး တက်ခွင့်ရရန်ပင် သူသည် အိမ် တွင် တိုက်ပွဲဆင်ရသလို အကျောက်အကန် ပြောခဲ့ရသည်။ မိဘများ ဆုံးပါးခဲ့သော တစ်ဦးတည်းတူမ သူ့ကို အုပ်ချုပ်သည့် ကြီးတော်နှင့် ဒေါ်လေးတို့ အတွက်တော့ သည်လို အိမ်၏ အဝေးသို့ လွှတ်ရမည် ဆိုသည်မှာ ရာဇဝတ်မှု ကျူးလွန်ရသည့်နှယ် တည်း။

ကြီးတော်တို့သည် ထားထားလွင်အား ငယ်စဉ် ကလေးဘဝက စကာ အိမ်ပျော်ကလေးသာ ဖြစ်စေသည်။ ခြံဝိုင်းထဲ ကြိုက်သလို ဆော့ကစားခွင့် ရသော် လည်း ခြံဝိုင်းအပြင် ထွက်ကာ ကလေးတစ်သိုက်နှင့် ပူးပေါင်းခွင့် မရှိ၊ ကလေးတို့က ခြံဝိုင်းတွင်း ဝင်ဆော့မည် ဆိုလျှင်တော့ ခွင့်ပြုသည်။ သို့သော် ထားထားလွင်တို့ ခြံ သည် ကလေးတို့အတွက် ပျော်စရာ မကောင်းလှ။ အထူးသဖြင့် မနွေးထွေးသော လူကြီးများရှိရာ ခြံ ဆိုတော့ ကလေးတို့သည် တစ်ကြိမ်၊ နှစ်ကြိမ်အပြင် ပိုမရောက် ကြပေ။

ထားထားလွင်သည်အထီးကျန်ဆန်ဆန်ပင်ကြီးပြင်းလာသည်၊ ဆယ်တန်း အောင်သည်အထိ လည်ပင်းဖက် ပေါင်းရသော သူငယ်ချင်း မရှိသလောက် ရှားခဲ့

mgyoe.com

m gyoe.com SAMPLE BOOK

သည်။ အိမ်နှင့်ကျောင်း ကူးနေရသော ဘဝသည် နွေတွင် သစ်ရွက်များစွာ ကြွေသည့်နောက် ကျန်ရစ်ခဲ့သည့် သစ်ကိုင်းခက်များနှယ် ထီးတည်းနိုင်လှသည်။

တက္ကသိုလ် တက်ရမည် ဆိုတော့လည်း သူသည် အဝေးသင်တက္ကသိုလ်ကျောင်းသူသာ ဖြစ်လာသည်။ အချို့လူငယ်များလို မိဘက မတတ်နိုင်၍ အလုပ်တစ်ဖက်နှင့် ကျောင်းတက်ရသည် မဟုတ်ပေ။ သူ့ကြီးတော်၊ ဒေါ်လေးတို့သည် အစဉ်အဆက်က ပြည့်စုံသူ၊ ပြည့်စုံသလောက် လူသိမခံဘဲ မသုံးမဖြုန်း ခပ်ကုပ်ကုပ်နေတတ်ခဲ့သူများသာတည်း။ ထားထားလွင်သည် အလုပ်လုပ်စရာ မလို။

အလုပ်လုပ်ခြင်း၊ အပြင်ထွက်ကာ ပညာသင်ခြင်းသည် စောစီးစွာ အိမ်ထောင်ပြုရမည့် လမ်းသို့ ပို့ခြင်းသာ ဖြစ်သည်။ အစ်မနှင့် ညီမတို့၏ သဘောကိုဆန့်ကျင်ကာ အိမ်ထောင်ပြုသော ထားထားလွင် မိခင်ဟာ ဘယ်လောက် ဒုက္ခရောက်ခဲ့သလဲ။ သည်သို့ပင် ကြီးတော်တို့က နှစ်များစွာ သင်ကြားခဲ့သည်။

ဟုတ်ကဲ့ပေါင်းများစွာ ပြောတတ်ခဲ့သော ထားထားလွင်သည် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ်မှာတော့ အခွင့်အရေးအတွက် အရေးဆိုရကောင်းမှန်းသိလာပြီ။ တိုက်ခံအိမ်ကြီးထဲ နေ့ရှိသရွေ့ အိမ်မှုကိစ္စများနှင့် လုံးထွေးခြင်း၊ စားခြင်း၊ အိပ်ခြင်း၊ သီချင်းနားထောင်ခြင်း စသော ပုံစံခွက်ကို စွန့်ခွာလိုသည်။ ကမ္ဘာသစ်သည် ဘယ်မှာပါနည်း။

"သမီး ရည်းစားမထားပါဘူး ကြီးကြီးရဲ့၊ ဘွဲ့ရရင် အလုပ်တော့ လုပ်ပါရစေ၊ ကျောင်းမှာ ခင်တဲ့ သူငယ်ချင်းတွေဆို ပဲခူးမှာ အလုပ်လုပ်တဲ့ လူနဲ့၊ ရန်ကုန်မှာ အလုပ်လုပ်တဲ့ လူနဲ့ အရမ်းအားကျစရာ ကောင်းတာပဲ"

"အမယ်လေး... နဖူးက ချွေး ခြေမ ကျပြီး တစ်ပဲခြောက်ပြားလောက် ရတာများ အားကျစရာ ကောင်းသတဲ့ မိထားထားရယ်"

"ဒါပေမဲ့ သူတို့က သမီးထက် လွတ်လပ်တယ်"

ထားထားလွင်၏ အသံတိုးသဲ့သဲ့မှာ ဒေါ်သူပုန်ထသော အမျိုးသမီးကြီးနှစ်ဦး၏ အပူရောင် စကားသံများအောက် စုံးစုံးမြုပ်လေသည်။

"လွတ်လပ်တယ် ဟင်၊ လွတ်လပ်တယ် ဆိုတာ ဘာကို ပြောတာလဲ၊ ငါတို့က ချုပ်ချယ်ထားလို့လား"

"နင့်အမေ ဆုံးတုန်းက နင်က လသားလေးနဲ့ ကျန်ခဲ့တာ၊ ငါတို့ ပိုးမွေးသလို မွေးခဲ့ရတာ မသိတော့ဘူးလား ဟင်၊ သူ့ဘာသာ မူးရူးပြီး သေသာ သွားရော

mgyoe.com

mgyoe.com  SAMPLE BOOK 

နင့်အဖေက နင့်ကို လှည့်ကြည့်ခဲ့လို့လား။ နင့်အမေ လွတ်လပ်ချင်သူကြီး၊ ချစ်တတ်သူကြီး နောက်ဆုံးတော့ ဘယ်လို ဆင်းဆင်းရဲရဲ သေသွားခဲ့သလဲ၊ မသိဘူးလား"

"ဒီမှာ မိထားထားရဲ့၊ ငါဆို နင့်ကို မခွဲနိုင်လွန်းလို့ အိမ်ထောင်ပြုဖို့ကို တောင် ငြင်းပြီး နင့်ကို သမီးရင်းလို ပြုစုခဲ့တာပါ။ အခုတော့ ငါတို့ကပဲ နင့်ကို ချုပ်ချယ်ထားသလို ပြောထွက်တယ် ကြည့်စမ်း"

ကြီးတော်သည် လည်းကောင်း၊ ဒေါ်လေးသည် လည်းကောင်း မျက်ရည်တွေတွေကျ၏။ စည်းကမ်းတင်းကျပ်လှသော်လည်း မိခင်ပမာ ဂရုစိုက်ခဲ့မှုများကို တစ်ဖန်မြင်ယောင်၏။ သနားစိတ်ဝင်၏။ သို့သော် နောက်ဆုံးမှာတော့ သနားစဖွယ်အကောင်းဆုံးသူမှာ မိမိကိုယ်တိုင်သာ ဖြစ်ကြောင်း ထားထားလွင် တွေးသည်။ သည်တစ်ကြိမ် လျှော့မည် မဟုတ်။

နှစ်ဖက် တင်းမာမှု၏ ကြိုးစကို စတင်ဖြေလျှော့ပေးသူကတော့ ဒေါ်လေးသာတည်း။ ထားထားလွင်သည် တစ်နှစ်နီးပါး သင်တန်းတက်ပြီးနောက် ပဲခူးပြန်လာရမည်၊ အလုပ်လုပ်ချင်လျှင် ပဲခူးမှာသာ လုပ်ရမည်။ ရည်းစားသနံ ထားခွင့်လုံးဝ မရှိ၊ သတင်းတစ်စ ကြားသည်နှင့် အိမ်က ဘယ်တော့မှ ထွက်ခွင့်ပေးတော့မည် မဟုတ်။

ထားထားလွင်သည် သီရိမြိုင်သို့ ကတိစကားပေါင်းများစွာနှင့် ရောက်လာခဲ့သည်။ မိမိနှင့် ရွယ်တူဖြစ်သော၊ မိမိအောက် ငယ်သော၊ မိမိထက် ကြီးသော အဆောင်သူများစွာ တွေ့ရသည်။ ကြီးပြင်းနေထိုင်ခဲ့သည့် အလေ့အတိုင်း ဘယ်သူနှင့်မှ သတ်သတ်မှတ်မှတ် ရောရောထွေးထွေး မပြုမိသော်လည်း ထားထားလွင် အတွက်တော့ သီရိမြိုင်သည် သူ အစဉ် တောင့်တခဲ့သည့် လွတ်လပ်သော ကမ္ဘာ။

နံနက် အိပ်ရာက နိုးလျှင် စာအုပ်တစ်အုပ် ဆွဲကိုင်ဖတ်လည်း ဆူမည့်သူ မရှိ။ သီချင်းနားထောင်ပြီးမှ မျက်နှာသစ်လျှင်သော် လည်းကောင်း၊ မနက်စာကို တို့ကနန်း ဆိတ်ကနန်း စားလျှင်သော် လည်းကောင်း လွတ်လပ်လှသည်။ ည ၁၀ နာရီ ထိုးသည်နှင့် အိပ်ရာဝင်ရန် မလို။ စိတ်ထင်လျှင် အော်ဟစ် ရယ်မောခြင်းသည် ပြစ်မှုမမြောက်။ စသည် စသည် မတူခြင်း များစွာ။

သီရိမြိုင်နှင့် ရေစက်ဆုံသည်မှာ ခုနစ်လမျှ။ ခုတော့ ခွဲခွာရန် ဖန်ပြီ။

"ထားထား အိမ်မပြန်ချင်ဘူး သိလား၊ အခု ထားထားကို လာခေါ်ကြတော့မှာ"

mgyoe.com

mgyoe.com SAMPLE BOOK

"ပြောကြည့်ပါဦးလား ထားထားရယ်၊ သင်တန်း မပြီးသေးဘူးလို့ ပြောပေါ့"

"သင်တန်းက အရေးမကြီးဘူးတဲ့ မမသစ္စာရဲ့"

ထားထားလွှင်သည် တအိအိ ရှိုက်ငင်၏။

"ဘယ်က ဘယ်လို ဖြစ်ရတာလဲ အဆောင်ဖျက်မယ် ဆိုလို့ ပြန်ခေါ်တာလား၊ အဆောင်သစ် ရှာလို့ရတယ်လို့ ပြောပြပါလား"

မြသီတာနှင့် မျက်လုံးချင်း ဆုံကာ မေခိုင် ခေါင်းညိတ်လိုက်သည်။ မြင်ရ၊ ကြားရသည်မှာ စိတ်မသက်သာစဖွယ်။ သို့သော် မိသားစုအရေးမို့ စွက်ဖက်လိုခြင်း မရှိပေ။

"အဆောင်သစ် ရှာလို့ မရဘူး၊ ပြန်ကို ပြန်ရမှာတဲ့"

"ဘယ်လို ဖြစ်ရတာလဲကွယ်၊ နည်းနည်းမှ ပြောလို့ မရတော့ဘူးလား"

"ထားထား ဟိုတစ်နေ့က သင်တန်းအဆင်းမှာ အတန်းထဲက သူငယ်ချင်းနဲ့ အတူတူ ဆင်းလာတာ မသစ္စာရဲ့၊ အဲဒါ အိမ်နားက အန်တီကြီးတစ်ယောက်က တွေ့လို့ ရည်းစားနဲ့ တွေ့ခဲ့တယ်လို့ပြန်ပြောတယ်တဲ့၊ ထားထား ဘယ်လိုမှ ရှင်းပြလို့ မရတော့ဘူး၊ ခု အဆောင်သစ်ရှာမယ် ဆိုတာ ဘယ်လိုမှ ပြောလို့ မရတော့ဘူး"

"ဘယ်တော့ လာမှာတဲ့လဲ"

"သန်ဘက်ခါ မနက်တဲ့"

သုံးဦးသား မတိုင်ပင်ပါဘဲ သက်ပြင်းသာ ရှိုက်မိကြသည်။ ကူကယ်ရာ လမ်းလည်း မမြင်တော့ပြီ။ နှစ်သိမ့်ရန်မှ လွဲ၍ အခြား မရှိပြီ။

ရေစက်ပါသည့်အခိုက် ဆုံလာရသူများ။ ဆုံစည်းခြင်း ဖြစ်တည်သည့် နောက်တစ်နေ့သော အခါတွင်မူ တစ်ပြန်တစ်လှည့် ခွဲခွာကြရပြန်သည်။ ခုနစ်လ ဆိုသော အချိန်အတွင်း မေခိုင့် စိတ်သည် ထားထားလွှင်အပေါ် များစွာ ညွှတ်ခြင်း မရှိပေ။ မိန်းကလေးက သီးသန့်နေလိုတာအပြင် အသက်အရွယ် ကွာဟနေတာ ကြောင့်လည်း ဖြစ်မည်။ ခုလို ကြားရပြန်တော့ စာနာမဆုံး ရှိလှသည်။ သို့သော် လောကတွင် စာနာရုံမှအပ မကယ်မ နိုင်သည့် ဖြစ်ရပ်များစွာ ရှိပါပေသည်ဟု မေခိုင် သဘောပိုက်ရလေသည်။

ခင်သစ္စာသည် ည ၁၁ နာရီနီးပါး ထားထားလွှင် အိပ်ပျော်တော့မှသာ သူတို့အခန်းတွင်းမှ ခွာနိုင်သည်။

mgyoe.com

mgyoe.com

သီရိမြိုင်၌ အခန်းအတော်များများ မီးပိတ်ကြပြီ။ သီရိမြိုင်တွင် အခန်း မီးပိတ်ခြင်း၊ မပိတ်ခြင်းကို မကန့်သတ်ပေ။ သို့သော် အခန်း အများစုကတော့ မီးပိတ် အိပ်ကြလေသည်။

"အိပ်တော့မလို့လား ဟင် မယ်မြ"

အိပ်ရာပြင်လျက်ရှိရာက မေခိုင့်ထံ မြသီတာ လှမ်းကြည့်သည်။ မေခိုင် သည် စာအုပ် တစ်အုပ်ကို ရင်ဝယ်ပိုက်ကာ သူ့ထံ အကြည့်စိုက်လျက်။ မျက်ဝန်းတွင် စကားလုံးများစွာ။ ငါးနှစ်ကျော် ပေါင်းသင်းလာခဲ့သူမို့ မေခိုင့်တွင် ပြောစရာ တစ်ခုခု ရှိနေပြီဟု မြသီတာ ရိပ်မိသည်။

"မအိပ်သေးပါဘူး၊ အိပ်ရာခင်းရုံပါပဲ၊ ဘာတုံး ဘာပြောမလို့တုံး"

မေခိုင့် မျက်နှာမူရာမှာ ပြုံးတုံ့တုံ့။

"ဟို... ဟိုလေ ငါ အိမ်ထောင်ပြုတော့မယ် ဆိုတာ အမေ့ကို နောက် တစ်ပတ်လောက် နေရင် ပြောမလားလို့"

'ဟဲ့' ဟု အာမေဍိတ်ပြုကာ မြသီတာ ရယ်သည်။ ခက်လိုက်တဲ့ ခိုင်..။ ပြောပြီးလောက်ရောပေါ့ဟု သူ ထင်ခဲ့တာ တကယ်တကယ်စင် မှားပါပကော။

"မောင်သက်ထင်က မနေ့က သွားပြီ မဟုတ်လား၊ ပြန်လာတော့ မေးရင် နင် ဟုတ်ပေ့ ဖြစ်နေဦးမယ်၊ ပြောမှာဖြင့် မြန်မြန်ပြော"

"ငါ ကြောက်တယ်ဟ မပြောရဲဘူး"

မြသီတာ၏ ရယ်သံမှာ ခပ်အုပ်အုပ်။

"နင့်မှာ ချစ်သူရှိနေတာ အန်တီ သိသားပဲ၊ တစ်နေ့ ဒီစကား ကြားရမှာပဲ ဆိုတာ အန်တီ သိမှာပေါ့ မဟုတ်ဘူးလား"

"ငါ အိမ်ကို စိတ်မချသလိုဘဲ မယ်မြရယ်၊ အခုလဲ တာဝန်တွေ အများကြီး ယူနေရတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ မောင်လေးက ပညာမစုံသေးဘူး မဟုတ်လား၊ အမေတို့အတွက် ငါ အဆင်သင့်ဖြစ်ဖို့ လိုနေသေးတာ မဟုတ်လား၊ ငါ အိမ်ထောင် ပြုလိုက်ရင် အမေများ စိတ်အားငယ်သွားမလားလို့"

မြသီတာသည် မေခိုင်နှင့် မျက်နှာချင်းဆိုင်၏။ စိုးရွံ့ချိန်တိုင်း ဝန်းဝိုင်း လာတတ်သည့် မျက်လုံးများကို တည့်တည့်ကြည့်သည်။

"အန်တီ ဘယ်လို တုံ့ပြန်မယ် ဆိုတာ နင် စိတ်ကူးနဲ့ပဲ တွေးပြီး ပူမနေနဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK

ပြောပဲ ပြောပါဦး၊ ပြောမယ်ဖြင့် မရှိဘူး။ ဒီမယ် ခိုင်ရဲ့ တစ်ခါတလေကျတော့ နင်က ခေါင်းမာ တစ်ဇွတ်ထိုး၊ တစ်ခါတလေကျတော့ လူကြောက်လေးပဲဟ"

"ဘာ လူကြောက်လေးလဲ"

"အေး– ဟုတ်တယ်၊ နင်က လူကြောက်လေး၊ အိမ်ထောင်ကျရင်တော့ လူကြောက်လေးကနေ လူခြောက်လေး မွေးရင် မွေးလာမှာ"

မေခိုင့်ရယ်သံနှင့် မျက်စောင်းသည် မြသီတာထံ ရွှင်သောအရိပ်နှင့် လွင့်၏။

သို့သော် တစ်ဖက်လူက ဝမ်းနည်းသမှုနှင့် ပြုံလဲအိပ်စက်နေခိုက် မိမိက ရယ်မောရွှင်ပျခြင်း ဖြစ်သင့်ပါရဲ့လားဟု အတွေးရောက်သည့်အခိုက်တော့ ထိုရယ်သံက တိမ်ဝင်တိုးလျလေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၅

မှန်သားပြင်မှ ထွင်းဖောက်မြင်ရသော ဆိုင်အပြင်ဘက် မြင်ကွင်းကို မြသီတာ ငေး နေသည်။

လူသူစည်ကား ရှုပ်ထွေးမြဖြစ်သော ဆူးလေဝန်းကျင်တွင် ညနေ ၆ နာရီ မှာ ရိုးရာမပျက် သက်ဝင်မြဲ။ အလုပ်ခွင်မှ အိမ်ပြန်သူများ။ မြန်သော ခြေလှမ်းများ၊ နှေးသော တွေးသော ခြေလှမ်းများ။ မောပန်းနွမ်းလျပုံရသည့် မျက်နှာများစွာမှာ ကားမှတ်တိုင် အသီးသီးသို့ ဦးတည်နေပေသည်။

ဆူးလေဘုရားကို ကွေ့ပတ်ကျော်လွန်ကာ မြို့တော်ခန်းမ တစ်ဝိုက်ဆီမှ သည် ဆူးလေမှတ်တိုင်အထိ တသီတတန်း ရှိနေသော လိုင်းကားများပေါ်သို့တိုးတက် သူများ။ ကားတို့သည် ဘီးလိမ့်ရုံသာ ရွေ့နိုင်သည်။ ရန်ကုန်မြို့၏ လမ်းများစွာထက် ကားကျပ်ခြင်းသည် ယခုအခါ အဆန်းလုပ်စရာ သတင်းတစ်ရပ် မဟုတ်တော့ပေ။

အရင့်အရင်က လှည်းတန်းမှသည် ဆူးလေသို့ မိနစ် ၂၀၊ နာရီဝက်မျှနှင့် ရောက်ခဲ့ပုံမှာ ခုနေတော့ ပုံပြင်တစ်ပုဒ်သာ ဖြစ်ပါတော့သည်။ မြသီတာတို့လို ဆူးလေတစ်ဝိုက်သို့ အလုပ်ဆင်းရသူများစွာသည် နာရီနှင့်ချီကြာသော လမ်းကြော ပေါ် ရှိနေရသည်။ မနက်ဆိုလျှင် ၈ နာရီမှ ထွက်လျှင် ၉ နာရီ တက်သော အလုပ်ခွင် သို့ မီမည် မဟုတ်။ ၇ နာရီခွဲလျှင် အဆောင်က ထွက်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြသီတာသည် ကားစီးချိန် ကြာမြင့်လှခြင်းကို ညည်းညူမည် ပြင်တိုင်း လိုင်သာယာ၊ ရွှေပြည်သာ စသည့် စသည့် အရပ်များမှ လာကြရသူများစွာကို အားနာ မဆုံး ရှိပေသည်။ တစ်ပွဲလျှင် ၃၀၀၊ ၄၀၀ မျှ ကျသင့်သည့် မုန့်ဟင်းခါး၊ ရခိုင်မုန့်တီ၊ အသုပ်တို့ကပျာကသီစားကာ သူပြန်တတ်သည့်ညနေခင်းများတွင် မစားမသောက် ဘဲ ကားတစ်စီးပေါ် ပါလာသူ များစွာ ရှိလေမည်။ နှစ်နာရီ နီးပါးမျှ လိုင်းကားတစ်စီး ပေါ် မတ်တတ်ရပ် လိုက်ပါရသော ဒုက္ခမှာ သေးလှသည် မဟုတ်။

ခုလည်း အိတ်၊ ချိုင့် စသည်ဆွဲကာ ကားမှတ်တိုင်ဆီ ဦးတည်သူများ၊ လိုင်းကားများပေါ် တိုးဝှေ့တက်ကြသူများ၊ မတိုးတက်သာတော့၍ ရပ်ကျန်သူများ ကို မြသီတာ ငေးကာ ပင့်သက်ရှိုက်မိသည်။

တဒင်္ဂတော့ဖြင့် မိမိအပူကို မေ့လျော့မိပေသည်။

သို့သော် အပူသည် မှန်တံခါးချပ်အား ဖွင့်လှစ်ခြင်းဖြင့် မြသီတာကို နှုတ် ဆက် ထိတွေ့သည်။ သီချင်းသံ ကင်းလျက် စကားသံသာ ပျံ့လွင့်သော ကော်ဖီဆိုင် သို့ လှမ်းဝင်လာသူသည် မြသီတာအတွက် အပူရောင်အပြုံးကို ဆင်ထား၏။ အခါ များစွာ ပြုံးတတ်သော အပြုံး။ ကာလများစွာ ယုံကြည် ညွတ်နူးဖူးသော အပြုံး။ ခုတော့ အပူကို ပေးသည့် အပြုံးလေ။ နှုတ်ခမ်းလှုပ်ရုံ ပြုံးတတ်ပုံသည် မြသီတာ၏ ရင်ကို ဆုပ်ခြေစ ပြုခဲ့ပြီ။

သံသယတစ်ဝက်၊ ကြည်နူးခြင်းတစ်ဝက် ရှိခဲ့ဖူးသော ထိုအပြုံးသည် ခုတော့ဖြင့် သံသယသာလျှင် ချန်ရစ်တော့သည်။ အပြုံးဆင်သော မျက်နှာနှင့် တစ်ယောက်သောသူသည် မြသီတာ ရှိရာ ဝိုင်းဆီ ဦးတည်လာသည်။ အငွေ့ငြိမ် သက် အေးစက်စပြုသည့် ကော်ဖီခွက်ကို တစ်ချက်မျှ ငုံ့ကြည့်ကာ တုံ့ပြန်ပြုံးမိ သည်။ စကားသံတစ်စက ချိုချိုသာသာပင် ထွက်ကျသည်။

"ရောက်နေတာ ကြာပြီ ဖေဦးရဲ့"

"ထွက်လာတာ ကြာပြီဟ၊ ကားပိတ်နေတာ၊ လုပ်ပါဦး မယ်မြ၊ ငါ့ကို ကော်ဖီတစ်ခွက်လောက် မှာပေး"

မြသီတာ၏ ချစ်စဖွယ်အပြုံး တစ်ချက် လင်းလက်သည်။ ကောင်တာသို့ ဦးတည်သည်။ 'ကော်ဖီပူတစ်ခွက်' ဆိုသော လေသံမှာ သက်ပြင်းနှင့် ရောလျက်။ ငွေရှင်းကာ စားပွဲနံပါတ် ကတ်ပြားလေး ယူကာ နေရာသို့ ပြန်လာသည်။

အစောင့်ကြီး စောင့်ခဲ့ရသော ချစ်သူသည် စားပွဲပေါ် လက်တင်ကာ

mgyoe.com

mgyoe.com SAMPLE BOOK


ခပ်မတ်မတ် ထိုင်ဟန်နှင့် မြသီတာကို စောင့်ကြို၏။ မျက်နှာထက်မှာတော့ မူပိုင် အပြုံး ချိတ်တွယ်ဆဲ။

ညှိုစင်စင် အသားအရေနှင့် သာမန်ရုပ်ရည်သာ ရှိသော ကျော်ဇေဦးသည် သပ်ရပ်သန့်ပြန့်သော ဝတ်စားဆင်ယင်ပုံ၊ အဆင့်အတန်းတစ်ခု ရှိလေဟန် ပြုမူ ပြောဆိုတတ်ပုံတို့ကြောင့် ပတ်ဝန်းကျင်တွင် ခံ့ထည်ကာ မြသီတာ၏ မိတ်ဆွေ အပေါင်းက သူတို့နှစ်ဦး လိုက်ဖက်သည် ယူဆကြစမြဲ။ ဝင်းဝင်းစင်စင်လှသော မြသီတာနှင့် မလိုက်ဖက်ကြောင်း ကျော်ဇေဦး ရှေ့တွင်ပင် အတိအလင်း ပြောတတ် သူမှာတော့ မေခိုင်တစ်ယောက်သာ ရှိလေသည်။

"မနက်ဖြန်ဆိုရင် ငါ ခရီးသွားရမှာ မယ်မြရဲ့၊ ဒါကြောင့် ဒီညနေ တွေ့ကြရ အောင်လို့ ပြောတာ"

မြသီတာသည် ကော်ဖီခွက်ကို မွှေနေရာက ကျော်ဇေဦးကို မော့ကြည့် သည်။ အထူးသဖြင့် မျက်ဝန်းများကို စူးစိုက်ကြည့်သည်။ မျက်လုံးချင်း ဆုံသည့် အခိုက် ဝံ့ဝံ့စားစား ပြုံးလိုက်ပုံကြောင့် သံသယသည်ပင် မြူမှုန်စနှယ် လွင့်ပျောက် သလို။

"ဘယ်သွားမလို့လဲ၊ နင်ဖြင့် တစ်လောကတင် ကလောဘက်က ပြန်လာ တာ ဘယ်လောက် ကြာသေးလို့လဲ"

"ဒီတစ်ခါ ချင်းဘက် သွားရမယ် မယ်မြရဲ့၊ မမလှိုင် မြေကြည့်ချင်တယ် ဆိုလို့ လိုက်ပေးရမှာ"

"ကလောမှာတုန်းကကော မြေမဝယ်ဖြစ်လို့လား"

"ဝယ်ဖြစ်ပါတယ်၊ အခု ချင်းမှာလဲ ဝယ်ထားချင်တယ်တဲ့၊ နောက်ပိုင်း ကျရင် ခရီးသွားလုပ်ငန်းက ဒီထက် ကောင်းလာမှာ မယ်မြရဲ့၊ ဒါကြောင့် သူ ခုက တည်းက စီစဉ်နေတာ"

ကျော်ဇေဦးသည် သူ ငါးနှစ်နီးပါး အလုပ်လုပ်ခဲ့သော ခရီးသွားကုမ္ပဏီက နုတ်ထွက်ခဲ့တာ တစ်နှစ်ခန့်ရှိပြီ။ ဂျပန်ဘာသာ စကားပြန်အလုပ်နှင့်သာ ရပ်တည် နေသူ။ တစ်ဖက်တွင်တော့ အစ်မ ကြေးမုံဦးနှင့်သာမက တစ်အိမ်လုံးနှင့်ပါ ရင်းနှီး နီးစပ်သော အစ်မ သူငယ်ချင်း၏ စီးပွားရေးမှာ လူယုံတော်ပမာ ကူရတာလည်း ရှိတတ်သည်။ 'အလုပ်လေး တစ်ခုတော့ သတ်သတ်မှတ်မှတ် ဝင်လုပ်ပါလားဟယ်' ဟု မြသီတာ ပြောလေတိုင်း 'ဒါတွေလဲ အလုပ်ပါပဲ မယ်မြရ' ဆိုသည်မှာ ချစ်ရသူ၏ ဆင်ခြေသာတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်လောက် ကြာမလဲဟင်"

"တစ်ပတ်လောက်ပါပဲ၊ တစ်ပတ်လောက်ပဲ ကြာမှာ၊ မြလေး ဘာမှာမလဲ"

"မလိုပါဘူး" ဟု တီးတိုးဆိုကာ မြသီတာ ပြုံးလိုက်မိပေသည်။

"မမလှိုင်ကော လိုက်မှာလား"

"လိုက်မှာပေါ့၊ သူကိုယ်တိုင် ကြည့်ရမှာပဲဟာ၊ မမတောင် လိုက်ချင်နေတာ၊ မမလှိုင်ကလဲ ခေါ်သေးတယ်၊ သူတို့ သူငယ်ချင်းနှစ်ယောက် ခရီးအတူ မသွားရတာ ကြာပြီဆိုလား၊ ဒါပေမဲ့ မမက ဘယ်လိုက်နိုင်မလဲ၊ သူ့သင်တန်းသားတွေ တစ်ဖက်နဲ့"

"ငါ လိုက်ခဲ့ရမလား"

"ဟာ..."

ကျော်ဇော်ဦးသည် အာမေဍိတ်သံ ပြုကာ မြသီတာကို တအံ့တသြ ကြည့်သည်။ သည်လိုစကားမျိုး မြသီတာ ဘယ်တုန်းကမှ မပြောစဖူး။ ငယ်သူငယ်ချင်း သံယောဇဉ်က စခဲ့သည့် ချစ်သူအပေါ် အစဉ်သဖြင့် စိတ်ချလက်ချ ရှိတတ်သော မြသီတာ။

ဖခင် အလုပ်တာဝန်နှင့် ပြောင်းရွှေ့ရသည့် ပုသိမ်တွင် ပဥ္စမတန်းမှ နဝမတန်းအထိ ကျောင်းတက်စဉ်ကာလ သူ ခင်မင်ပေါင်းသင်းဖြစ်သော သူငယ်ချင်းတစ်သိုက်တွင် မြသီတာလည်း ပါဝင်ခဲ့သည်။ ငယ်ကတည်းက ထင်းလင်းလှပသော မြသီတာကို သူတို့ ဝိုင်းဝန်းစောင့်ရှောက်ခဲ့ရတာ၊ ရန်လိုခဲ့ရတာ။ ထိုထိုသော ကာလတုန်းကတော့ သူ့ဘက်က အစဉ်ရှိုးသားခဲ့ပါသည်။

ဆယ်တန်းအောင်ချိန်၊ တက္ကသိုလ်တက်ချိန်တစ်လျှောက် ခွဲခွာခဲ့ရသည့် ငယ်သူငယ်ချင်းနှစ်ဦး ရန်ကုန်မှာ ပြန်ဆုံတော့ လောကဓာတ်ဆရာသည် ဓာတ်ကို တစ်ဆစ်ချိုး လှည့်ပြောင်းခဲ့ပြီ။

နေရပ် မဟုတ်သော်လည်း နေရပ်ပမာ မြသီတာ ကျင်လည်ရသည့် ရန်ကုန်သည် တဖြည်းဖြည်းတော့ နေပျော်ဖွယ်အရပ် ဖြစ်လာပြီ၊ စိတ်တူကိုယ်တူ ပေါင်းဖက်ခဲ့သည့် ငယ်သူငယ်ချင်း ရန်ကုန်တွင် ရှိနေခြင်းကလည်း ပင်ပန်း ထိရှသော နေ့ရက်များကို ရင်ဆိုင်ရဲလာစေသည်၊ အပူရှောသည့် သက်ပြင်းမောများ နေရာတွင် အပြုံးနတို့ ဝင်ရောက်စေသည်။

သစ်ရွက်များ ရာသီအလိုက် အရောင်ပြောင်းဆဲ၊ ကြွေသက်ဆဲ၊ တစ်ဖန်ဝေဆဲမှာပင် သူတို့နှစ်ဦးအကြားက သံယောဇဉ်က အရောင်ပြောင်းစ ပြုခဲ့ပြီ၊ ခပ်ပါးပါး

mgyoe.com

mgyoe.com SAMPLE BOOK

သာ လွှာတားသည့် နံရံကို ဖောက်လျက် ခြေချဖို့အရေး တွေဝေခဲ့သည့် နာရီ၊ စက္ကန့်များစွာ။ ခြေလှမ်းများ တွန့်ဆုတ်ဆုတ် ရှိဆဲမှာပင် မေတ္တာကံက ပြဋ္ဌာန်းခဲ့ပြီ။ သူတို့လက်အစုံ မြဲမြံခဲ့ရပြီ။

ခုတော့ ချစ်သူ သက်တမ်း သုံးနှစ် ပြည့်မြောက်ခဲ့လေပြီ။

သည်သုံးနှစ်တာအတွင်း မြသီတာ၏ နှုတ်က ပထမဆုံးအကြိမ် စကားဆန်း ကြားရခြင်းမှာ ကျော်ဇေဦးကို အံ့အားသင့်စေသည်။

"ထူးထူးဆန်းဆန်းပါလား မယ်မြ၊ ရုံးက ဘယ်လို လုပ်မလဲ"

"ခွင့်ယူမှာပေါ့"

မြသီတာသည် ကော်ဖီခွက်ကို ကျော်ဇေဦးထံ ကမ်း၏။ သည်တစ်ကြိမ်စူးစမ်းမိသော မျက်ဝန်းများ၌ တစ်စုံတစ်ရာကို စိုးရွံ့ဟန်များ ကပ်ငြိနေလေသလား။ သို့သော် အပြုံးကတော့ ကြည်လင်မြဲပါ။

"ဟာ မလိုက်ပါနဲ့၊ လမ်းခရီးက ကြမ်းက ကြမ်းနဲ့၊ ငါလဲ ခဏပါ မယ်မြရဲ့၊ စိတ်မပူပါနဲ့"

ပြီးရောလေ...။ ကျည်ခနဲ နာသောစိတ်ကို မြသီတာ အပြုံးဖြင့် ဖုံးသည်။ အမေးစကားတို့ကို အခါများစွာလိုပင် မျိုသိပ်သည်။ အာရုံတွင် မကြာမကြာ ပြက်ပြက်ထင်ထင် မြင်တတ်သော မျက်နှာအလှကို မေ့ဖျောက်ရသည်။ ဆံနွယ်ခွေလိပ်လိပ် အနားသတ်သည့် သူစိမ်းအမျိုးသမီး၏ မျက်နှာ။ ထိုမျက်နှာသည် မြသီတာ၏ အိပ်မက်သို့တိုင် မကြာမကြာ သက်ဝင်နှောင့်မြဲ။

မြသီတာသည်သူ့လက်ကိုလှမ်းဆုပ်လိုက်သော ချစ်သူ့လက်ကိုတစ်ခဏမျှ ငေးသည်။

ကြမ်းသော လမ်း၌ အဘယ်သူကို တွဲယူမည့် လက်ပါလဲ။

✦

ဝေါခနဲ အသံနှင့်အတူ ပြုံကျလာသော လူငယ် လူရွယ်တို့ကို မေခိုင်နှင့် မြသီတာ တိမ်းရှောင်နေရသည်။ စကားသံများ၊ ရယ်သံများ။ အရောင်အသွေးစုံသော လူငယ်တို့၏ အရိပ်သည် သင်တန်းခန်းမမှသည် အင်းစိန်လမ်း၊ လှည်းတန်းလမ်း၊ ပြည်လမ်းတစ်ဝိုက်သို့ လျှံကျလေတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

သင်တန်းတစ်ချိန် လွတ်ပြီ။ နောက်တစ်ချိန်ကမူ နာရီဝက်နေလျှင် လွတ်တော့မည်။

ထားထားလွင် တက်ရောက်သည့် အင်္ဂလိပ်စာ သင်တန်းရှိရာ ခြောက်လွှာသို့တိုင် တက်ခဲ့ရ၍ တဒိတ်ဒိတ် ခုန်လှုပ် မောပန်းမဆုံးမီ လူငယ်အုပ်ကို ထောင့်ကပ်ရှောင်နေရသော မိန်းကလေးနှစ်ဦးသည် လူကုန်သလောက် ရှိတော့မှ ဧည့်ကြိုကောင်တာသို့ဝင်ရ၏။ သနပ်ခါး ပါးကွက်ကျားနှင့် ဝန်ထမ်းမိန်းကလေးကမူ သင်တန်းအပ်မည်ဟုများ ထင်မှတ်လေသလား မသိပြီ။ 'ကြွပါရှင်' ဟု ချိုသာ ပျူငှာလေသည်။

"အစ်မတို့ တစ်ခုလောက် စုံစမ်းချင်လို့ပါ"

"ဪ- ရပါတယ် အစ်မ၊ သင်တန်းချိန်တွေ သိချင်တာလား"

"မဟုတ်ဘူး ညီမ၊ သင်တန်းသူတစ်ယောက် ရှာချင်တာ"

မိန်းကလေး၏ မျက်နှာထက်က အံ့ဩရိပ်ကို အမြင်၌ မေခိုင် သက်ပြင်းရှိုက်မိပေသည်။ မလာ၍လည်း မဖြစ်၊ မပြော၍လည်း မဖြစ်ပြီ။ မျှော်လင့်စရာမှာ သည်တစ်နေရာသာ ကျန်တော့သည်။ သူတို့၏ ဒေါင်ချာစိုင်း ရှာဖွေမှုသည် တစ်ညနှင့် တစ်နေ့တိုင်ခဲ့ပြီ။ သည်တစ်နေ့ဆိုလျှင် နှစ်ယောက်သား အလုပ်မှပင် ခွင့်ယူရသည်။ ရွာပတ်သည့်အမှု မဟုတ်မူဘဲ အဆောင်ပတ်သည့် အမှုသာတည်း။

"နွယ်နွယ်ကျော် ဆိုတဲ့ မိန်းကလေးကို တွေ့ချင်တာ ညီမ၊ ဒီနေ့ သင်တန်းတက်သလား မသိဘူး၊ ဒီနေ့ ညနေ လေးနာရီခွဲ စတဲ့ သင်တန်းကပါ"

မိန်းကလေးက သင်တန်းသားများ လက်မှတ်ထိုးသည့် စာရွက်ကို လှမ်းယူလိုက်ပါသည်။

"ဟုတ်၊ သူ လာပါတယ်ရှင့်၊ ခဏလောက် စောင့်ကြည့်ပါနော်၊ ဆင်းတော့မှာပါ"

"ထားထားလွင်ကော မနေ့က သင်တန်းလာသလား ညီမလေး"

"ခဏနော် အစ်မ၊ ဪ…ဟုတ်..ထားထားလွင် မနေ့က တက်ပါတယ်ရှင့်၊ ဒီနေ့ မတက်တာ"

"ကျေးဇူးပါ ညီမလေး"

မြသီတာနှင့် မေခိုင်တို့ စိတ်မသက်မသာ အကြည့်ချင်း စိုက်ဆုံလျက်။ သူတို့စိတ်ကတော့ အဆောင်သို့ ဝဲလှည့်ရောက်ပြီ။ ငိုသံတို့သည် မနက်အစောပိုင်းမှာပင် သူတို့အခန်း၌ လျှံလျက်။ ပထမတော့ ဒေါသပုန်ထသံ၊ နောက်တော့ ဘယ်သူ့ကို အပြစ်ဆိုရမည် မသိတတ်စွာ အားငယ် ငိုညည်းသံများ။

mgyoe.com

mgyoe.com

ထားထားလွင် အပြောနှင့် တွေးမြင်ပုံဖော်ခဲ့ရသော ကြီးတော်နှင့် ဒေါ်လေးတို့သည် သူစိမ်းမိန်းကလေးတို့ရှေ့ပင် မရှောင်နိုင်ရှာဘဲ ဝမ်းပန်းတနည်း ငိုညည်းနေချိန်မှာတော့ သနားဖွယ်။ ဆူပူရန်ထက် ငိုရန်သာ တတ်နိုင်ပြီ။ ထားထားလွင် မရှိတော့ပြီလေ။

ပြီးခဲ့သည့်ညက ထားထားလွင် အဆောင် ပြန်ရောက်မလာပါပေ။ ခုနစ်လအတွင်း ပထမဆုံးအကြိမ် ညဘက် ပြန်မရောက်ခြင်း။ ကြိုပြောခြင်းလည်း မရှိ။ ည ၉ နာရီကျော်လျှင်တော့ မေခိုင် သူ့ထံ ဖုန်းခေါ်သည်။ သို့သော် စက်ပိတ်ထား၏။ သည်ကလေးမ ဘယ်ရောက်နေသနည်း။

မနက်ဖြန် အိမ်က လိုက်လာကြမည်ဟုတော့ ဖုန်းပြောသံ နားစွန်နားဖျားကြားလိုက်သေးသလို၊ သို့သော် အခန်းဖော်တို့မှာ တစ်ညလုံး ကျိုးကြောင်းဆက်စပ်မရသေး။

သို့သော် နံနက်တိုင်လျှင် သူ့အိမ်က ဆိုက်ရောက်လာလျှင်တော့ အဖြစ်အပျက်ကို စေ့ငုသဘောပေါက်ရပြီ။ ထားထားလွင်တစ်ယောက် အိမ်နှင့် အဝေးကိုပြေးရှာပြီ။

မြသီတာသည် 'အိမ်မပြန်ချင်ဘူး' ဆိုသော စကားသံကိုပင် အခါခါ ကြားယောင်ရလေသည်။ သူနှင့် မေခိုင့်မှာတော့ သုံး၊ လေးလ တစ်ကြိမ် အိမ်အပြေးပြန်ရသည်။ ပုံမှန်ရုံးပိတ်ရက်နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက် ဆက်သည်နှင့် အိမ်ပြန်ကြရသည်။ မိဘအိမ်မှာ နှစ်ရက်သာ နေချိန်ရလည်း နေပျော်သားပါပဲ။ ပြန်လျှင်တော့ အလွမ်းနှင့် ခွဲခွာရသည်။

သည်တစ်ယောက်မှာတော့ ဘယ်လိုများပါလိမ့်ဟု မြသီတာ အပြစ် မဆိုလိုပေ။ လောကတွင် လူတို့သည် အသွေးစုံသည်နှင့်အမျှ အဖြစ်အပျက်စုံသည်၊ နောက်ခံကမ္ဘာ စုံသည်။ တစ်ဦး၏ စိတ်ခံစားမှု၊ အမြင်၊ နားလည် ရင့်ကျက်မှုသည် နောက်တစ်ဦးနှင့် တူမည် မဟုတ်။ မြသီတာနှင့် မေခိုင်ပင် စိတ်တူကိုယ်တူ ရှိလှသော်လည်း အလုံးစုံ ရာနှုန်းပြည့် မဟုတ်၊ ထားထားလွင်ကတော့ သူတို့နှင့် ဆန့်ကျင်ဘက် တစ်မျိုးတစ်ဘာသာ။

ခုတော့ ဘယ်အရပ်မှန်းမသိ လွင့်ခဲ့ရှာပြီ။ ဖြစ်နိုင်ခြေ ကျိုးကြောင်းဆက်စပ်ကာ သည်သင်တန်းသို့ နှစ်ယောက်သား လိုက်ခဲ့ရသည်။ သူ့စကားများထဲ ရံဖန်ရံခါ ပါဝင်တတ်သည့် နွယ်နွယ်ကျော် ဆိုသော နာမည်ကို သတိရလျက် ရှာရန်

mgyoe.com

mgyoe.com SAMPLE BOOK


ပြင်ကြရသည်။ သည်းကြွေပျက်သည့်အလား ငိုကြွေးဆဲဖြစ်သည့် အမျိုးသမီးကြီးများကို ထားထားလွင်၏ ခုတင်များထက်တွင်ပင် နားနေခိုင်းခဲ့ရသည်။ အဆောင်ရှင်များထံ အကြောင်းကြားရသည်။ သီရိမြိုင်သည် မကြုံစဖူးသော ခေါင်းစဉ်သစ်ဖြင့် ဆူပွက်ကျန်ရစ်ခဲ့ပြီ။

"ဟော... ဟိုမှာ သင်တန်းဆင်းတော့မယ်"

မေခိုင်သည် ရုတ်ခနဲ ထရပ်၏။ သင်တန်းအခန်းတံခါး ပွင့်လာပြီ။ အခန်းပြင်သို့ လှမ်းထွက်လာသော ခြေလှမ်းများ။ မိန်းကလေးတစ်ဦး အနီးသို့ မေခိုင် ချဉ်းကပ်သည်။ နွယ်နွယ်ကျော်အမည်ကို စုံစမ်းသည်။ လက်ညှိုးညွှန်သော နေရာမှာတော့ ခုမှပင် နေရာမှထရပ်ကာ လွယ်အိတ်ပြင်နေသည့် မိန်းကလေး။ ထားထားလွင်လိုပင် အေးအေးငြိမ်ငြိမ်အသွင်နှင့် မိန်းကလေးသည် လျှောက်လမ်းမှသည် တံခါးဝသို့ ဦးတည်လာသည်။

မေခိုင်သည် နွယ်နွယ်ကျော်နှင့် မျက်နှာချင်းဆိုင်ရသည်။ ထားထားလွင်၏ အခန်းဖော်များဖြစ်ကြောင်းမှ အစပြုကာ လာရသည့်အကြောင်းကို ပြောပြ မိတ်ဆက်ရသည်။ နောက်နားကျကျ၌ ရပ်နေသော မြသီတာမှာ မိန်းကလေး မျက်နှာအမူအရာ ပျက်ယွင်းပုံကို မြင်လျှင် သည်အရေး၌ တစ်နည်းမဟုတ် တစ်နည်းတော့ ပတ်သက်သူဖြစ်မည်ဟု အတပ်တွေးလေသည်။

"ကျွန်မ မသိဘူး အစ်မ၊ ဒီနေ့ မလာတာဘဲ သိတာ၊ သူ ဘယ်သွားသလဲ ကျွန်မ ဘယ်သိမှာလဲ"

မိန်းကလေးသည် လွယ်အိတ်ကြိုးစကို တင်းတင်းဆုပ်ကာ မေခိုင့်ကို တစ်လှည့်၊ မြသီတာကိုတစ်လှည့် အကဲခတ်လျက်။ စိုးရွံ့ရိပ် ခိုတွယ်သည့် မျက်ဝန်းများကို လည်းကောင်း၊ ရှေ့တိုးတော့မလို နောက်ဆုတ်တော့မလို ဒူးမခိုင် ခြေလှမ်းများ ယိမ်းယိုင်ခြင်းကို လည်းကောင်း၊ မကြာခဏ တံတွေးမျိုချခြင်းကို လည်းကောင်း မထိန်းနိုင်ရှာပေ။

ရှေ့သို့ ခြေနှစ်လှမ်းမျှ တိုးကာ မြသီတာ မိန်းကလေးနှင့် မျက်နှာချင်း ဆိုင်လိုက်ပါသည်။

"အစ်မတို့ကို အမှန်အတိုင်းပြောပါ ညီမရယ်၊ ထားထားလွင် ရေးထားတဲ့ ဒိုင်ယာရီ တွေ့တယ်၊ ညီမဆီ သွားနေမယ်လို့ အတိအကျ ရေးမထားပေမဲ့ အဲဒီလို သဘောမျိုးဆန်ဆန် ရေးထားတာ တွေ့တယ်။ အခုက အစ်မတို့ပဲ လာတာပါ၊ သူ့

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်က လူကြီးတွေက အဆောင်မှာ ကျန်ခဲ့တယ်၊ လူကြီးတွေက ငိုလို့ ယိုလို့မို့ အစ်မ တို့က ကူညီရုံသက်သက်ရယ်"

မိန်းကလေးက နီးစပ်ရာခုံတန်းတွင် ထိုင်ချလိုက်ပါသည်။ မြသီတာအား မျက်ရည်ရစ်ဝဲသော မျက်လုံးလေးများနှင့် မော့ကြည့်လျက်။

"သူ့ကို သနားတယ် အစ်မရဲ့၊ ထားထားက ညက တစ်ညလုံး ငိုနေတာ"

"ညီမအိမ်မှာတော့ ရှိတယ် မဟုတ်လား"

သက်ပြင်းရှိုက်သံနှင့်အတူ ခေါင်းညိတ်သည်။

"အစ်မတို့လဲ သနားတာပါပဲ ညီမရယ်၊ ဒါပေမဲ့ မိသားစုကိစ္စ ဆိုတော့လဲ သူတို့ချင်းပဲ တွေ့ပြီး ရှင်းကြတာ ကောင်းတာပေါ့ မဟုတ်ဘူးလား၊ အစ်မတို့က မိတ်ဆွေသူငယ်ချင်း ဆိုပေမဲ့ ဘေးလူပဲ"

"မနေ့ညက မေမေက မေးလို့ ထားထားအကြောင်း ပြောပြတော့ မေမေ လဲ ဒီလိုပဲ ပြောပါတယ်၊ ဒါပေမဲ့ ကျွန်မ ခေါ်မထားရင် ရောက်ရာ ပေါက်ရာ လျှောက်သွားမှာစိုးလို့ ခေါ်သွားရတာ"

"အစ်မတို့ ထားထားကို လိုက်ခေါ်ပါရစေနော်"

"ခေါ်ပါ ခေါ်ပါ အစ်မ၊ မေမေကလဲ ပြန်ခေါ်ရင် ထည့်ခိုင်းထားတယ်၊ ထည့်ရမှာပေါ့၊ ဒါပေမဲ့ သူ့ကို အိမ်ရောက်ရင် သူ့အဒေါ်တွေ မရိုက်မနှက်ဘူးလို့ အစ်မတို့ အာမခံနိုင်မလား"

မြသီတာရော မေခိုင်ပါ နှုတ်ဆွံ့ရလေသည်။ သင်တန်းကျောင်းမှ ခွာလာကြသော မိန်းကလေးသုံးဦးမှာ အတွေးကိုယ်စီနှင့် ငြိမ်ငြိမ်သက်သက်။

မြသီတာ တွေးသော စိတ်ပုံရိပ်တွင်တော့ ဒေါသထွက်လွယ်မည့် အုပ်ထိန်းသူများကို မြင်ယောင်လျက်။ သည်အုပ်ထိန်းသူများလက်သို့ စေတနာနှင့် ပြန်အပ်ခြင်းအပေါ် ထားထားလွင် နားလည်ပါ့မလား။

သီရိမြိုင်တွင်တော့ ထားထားလွင် နေရာတွင် အဆောင်သူ အသစ်ပင် ဝင်တော့မည်။ ဘယ်လို အခန်းဖော်များ ရောက်လာဦးမည်နည်း။ သီရိမြိုင်က ထွက်ပြီပဲ ဆိုပါစို့၊ နောက်ထပ် နောက်ထပ် အဆောင်သစ်၊ အဆောင်သူသစ်၊ အခန်းဖော်သစ်များကို ဆုံရပြန်ဦးမည်။ အဆောင်သူသံသရာ မဆုံးသရွေ့ အသစ်လူများကို မည်သို့ မည်ပုံ သည်းခံ ဆက်ဆံရဦးမည်နည်း။ မသိနိုင်ပါလေ။

✦

mgyoe.com

m g y o e . c o m  SAMPLE BOOK 

မွှေးပျံ့သော ဟင်းရနံ့သည် အခန်းတွင်းမှ လာ၏။ အတိအကျ ဆိုရလျှင် ဟင်းချို ဟင်း ပွက်ပွက်ဆူသည့် ရနံ့။ ဟင်း…။ မေခိုင်သည် စေ့ပိတ်ထားသော အခန်းတံခါးကို ကြည့်ကာ ဇဝေဇဝါဖြစ်ရသည်။ ထားထားလွင် မရှိတော့ပြီ။ အိမ်အပြန်ခရီး စခဲ့ပြီ။

နံနက်ခင်း ရုံးသွားစဉ်တုန်းကတော့ အခန်းတံခါးမှာ သော့ခတ်စေ့ပိတ် လျက်။ ဦးဆုံး ပြန်ရောက်သူက မေခိုင်။ မြသီတာက ထုံးစံအတိုင်း နောက်ကျမည်။ အဆောင်သူအသစ်များ ရောက်နေရော့သလား။ သော့ပို တစ်ချောင်းတော့ သက်မာကို ပေးခဲ့ရတာ..။

မေခိုင်သည် နှာခေါင်းကို ရှုံ့ကာ ရှုံ့ကာ အနံ့ခံသည်။ ဘယ်အခန်းက များလဲ။ ဘယ်အခန်းကဖြစ်စေ ကျားမြီးဆွဲသော ကိစ္စသာ ဖြစ်သည်။ ဒေါ်ခင်ဝေ အဆောင်အောက်ထပ် ဆင်းချိန် ကြုံလို့ကတော့ မိုးမီးလောင်လိုက်မယ့် အမျိုး။ ဖြစ်ဖို့ များတာကတော့ ဒီအခန်းပဲ။

တံခါးခေါက်ကာ ခဏမျှ စောင့်ရသည်။ လာပြီဆိုသော အသံစူးစူး သေးသေး လေး ကြားရပြီးခဏ တံခါးပွင့်သည်။ တံခါးချပ်အဖွင့်၌ မြင်ရသည့် ငယ်ငယ်နုနု မျက်နှာကို တစ်လှည့်၊ ခုတင်လွတ်တွင် ပွက်ပွက်ဆူသည့် ဟင်းချိုအိုးကို တစ်လှည့် ကြည့်ကာ မေခိုင် ခြေလှမ်းပင် တုံ့သည်။

"လူသစ်လား"

မိန်းကလေးက ခေါင်းတစ်ချက် သွက်သွက်ညိတ်သည်။ တံခါးချက် တစ်ဖန် ထိုးသည်။

အိတ်ကို ခုတင်ပေါ် ပစ်တင်ကာ မေခိုင် ခပ်ငူငူ ရပ်နေခိုက် မိန်းကလေး ကတော့ ဟင်းချိုအိုးထဲ ဟင်းရွက်စိမ်းများ ပစ်ထည့်သည်။ ဒန့်သလွန်ရွက်တွေ။ လှိုက်ခနဲ တက်လာသော ရနံ့သည် မေခိုင့်ကို အာခံတွင်းစိုစေသည်။ ဟင်းချိုပူပူ မစားရတာ ဘယ်လောက် ကြာပြီလဲ။ အိမ်မပြန်ဖြစ်တာ သုံးလ ကြာသည့်အတွင်း ဆိုင်ထမင်း၊ ဆိုင်ဟင်းသာ ရင်းနှီးရတော့သည်။ တံတွေးသာ မျိုချမိသည်။

သို့သော် အကြောက်တရားက နောက်က ကပ်ပါ၏။ ဒေါ်ခင်ဝေသာ သိပြီ ဆိုလျှင် နဂိုနေသူများလည်း အနေချောင်မည် မဟုတ်။ ရှေ့ဆောင်လမ်းပြများ လုပ် လေသလားဟု ဆူပူခံရနိုင်သည်။ ပြောင်းခါ ရွှေ့ခါနီးကျမှ…။

"ညီမလေး"

ဟင်းချိုကို တစ်ဇွန်း ခပ်မြည်းရာမှ မိန်းကလေးက မော့ကြည့်သည်။

m g y o e . c o m

mgyoe.com SAMPLE BOOK


"ဟင်းမချက်ရဘူး ညီမလေးရဲ့၊ ဒီပလပ်ပေါက်က မီးပူဝိုက်ဖို့ရယ်။ ရေနွေး တောင် အပြင်ထွက်ကျိုရတာ"

"ဟင်– ဟုတ်လား"

"ညီမလေးကို သူတို့ မပြောဘူးလား"

"ပြောတော့ ပြောတယ် ထင်တယ် အစ်မ၊ သမီး ရောသွားလို့"

အပြစ်ကျူးလွန်သူတို့ မျက်နှာချိုသွေးသလို ဟီးခနဲ တစ်ချက် ရယ်သည်။

"တော်သေးတာပေါ့၊ အန်တီဝေသော အောက်ထပ် ဆင်းလာရင် ညီမတော့ တည့်တည့်တွေ့ပြီး ပြောလို့ဆုံးမှာ မဟုတ်တော့ဘူး"

"အဲဒီလိုမှန်းသိ မလုပ်ပါဘူး အစ်မရယ်၊ သမီး နောက်ရက်တွေ မလုပ် တော့ပါဘူး၊ ဒီနေ့တောင် မချက်ဘူးလို့ နေတာပဲ၊ နေ့ခင်းက သမီး ထမင်းစားရတာ ဟင်းရည် မပါတော့ နင်လို့"

သြော်– ကိုယ်လိုလူပါလား။ ကြားဝင်ပြုံးစူလိုက်သော စိတ်ကို ဖြေလျှော့ သည်ကတော့ စကားနောက်က ကပ်ပါသည့် ရယ်သံလွင်လွင် မျက်နှာနုနု ဖြစ်သည်။ မောင်ငယ် သူရကျော်ကိုပင် အမှတ်ရစေသည့် မျက်နှာ။

"ဒီနေ့မှ ရောက်တာ မဟုတ်လား၊ ဈေးသွားလိုက်သေးတာလား"

"ဈေးမသွားပါဘူး အစ်မ၊ ဘာလို့လဲဟင်"

"ဒန့်သလွန်ရွက်တွေလေ"

"သြော်– ဒါလား"

အဟီးဟု တစ်ချက် ရယ်ပြန်သည်။ ကြိုးကို ပလပ်ပေါက်မှ ဖြုတ်လိုက် သည်။ ရေနွေးအိုး၊ ရေနွေးကျိုသည့် အိုးနှင့်ပင် ဟင်းရည်ချက်သူ။

"ဒါက ဟိုအနောက်အဆောင်နားက အပင်က ခူးတာပဲ၊ ဟိုဟိ၊ အရွက် တွေမှ နုဖပ်နေတာပဲ၊ မနေနိုင်လို့ ချက်မိတာ"

အိမ်မကြီး အနောက်ဘက်ရှိ ဒန့်သလွန်ပင်ကို မြင်ယောင်တော့ 'ဟော တော် ကောင်းပဲ့' ဟု မေခိုင် ရေရွတ်မိသည်။ နွေရီထွန်းဟု ကိုယ့်ကိုယ်ကိုယ် မိတ် ဆက်သည့် မိန်းကလေးကတော့ လမ်းထိပ် ထွက်ဝယ်သည့် ထမင်းတစ်ထုပ်နှင့်၊ အိမ်က ပါသည့် ငါးပိကြော်နှင့် ဟင်းချိုပူပူ ချကာ စားသောက်ရန် ပြင်လေပြီ။

ထမင်းတစ်လုတ် စားလိုက်၊ ရေတ်သီးစိမ်း တစ်ကိုက် ကိုက်လိုက်၊ ဟင်းရည် ပူပူ သောက်လိုက်နှင့် တရှူးရှူး တရှဲရှဲ မြည်သည့် ညစာကို မသိမသာ အကဲခတ် ရင်းက ဟာနေသော ဝမ်းက ပို၍ ဟာသည်ကို ကြိုးစား ဖျောက်ရ၏။

mgyoe.com

mgyoe.com

SAMPLE BOOK

ည ၈ နာရီနီးပါး၌ မြသီတာ ပြန်ရောက်လျှင် မေခိုင့်တွင် ပြောစရာ ရှိနေပြီ။ အဆောင်သူသစ် ရောက်လာပုံ၊ ဟင်းချက်ခွင့် မပေးသော အဆောင်တွင် အဆောင် အိမ်ဝင်းထဲက ဟင်းရွက်ကိုပင် ချက်ပြုတ်ပုံ..။

ဟင်းတစ်ခွက်ကိုပင် အစ်မတို့အတွက် ဆိုကာ ပေးရန် သတိရသေးသည်။ ဟင်းကလည်း လက်ဆ ကောင်းလှပါရဲ့။ ဟင်းချိုကို တစ်ဇွန်းပြီး တစ်ဇွန်း မေခိုင် ခပ်သောက်၏။

"လာဘ်ကလေး ရတော့လဲ ပါးစပ်ပိတ်ရတာပေါ့ဟယ်" ဟု မြသီတာက စားရင်း သောက်ရင်း အသံခပ်အုပ်အုပ်နှင့် ဆို၏။ သူတို့နှစ်ဦး ရယ်မောခိုက် ညစာကို အားပါးတရ စားသောက်ပြီးသော မိန်းကလေးကတော့ အိပ်မောကျလျက် ရှိလေပြီ။

❐

mgyoe.com

mgyoe.com
SAMPLE BOOK

## အခန်း – ၆

"ရောင်းချင်တယ် အစ်မရေ၊ ရောင်းချင်တယ်"

"ဒီတစ်ရက်ပဲ ရောင်းမှာ၊ ဒါ နောက်ဆုံး လက်ကျန် ရှားပါးပစ္စည်းပဲ၊ အမြန်ဝယ်ထားမှ စိတ်ချရမှာ"

ဈေးခေါ်သံ ညံလျက်ရှိသည့် ဈေးလမ်းကလေးမှ မေခိုင် ဖြတ်လျှောက်လာသည်။

ရုံးဆင်းချိန်တိုင်း သည်ဈေးလမ်းလေးကို မေခိုင် ဖြတ်လျှောက်ရတတ်သည်။ ဈေးတန်းလေးသည် လှည်းတန်းဈေး နောက်ကျောဘက် ပေ ၅၀ လမ်းမှ အစပြု စည်နေတတ်သည်။

မေခိုင်သည် ဈေးလမ်းကို ဖြတ်ကာ အဆောင် ပြန်တတ်သည်။ စိန်ဂေဟာ ရှေ့ မှတ်တိုင်တွင်ဆင်းကာသူ ဈေးတန်းလေးထဲဝင်လာချိန်သည် များသောအားဖြင့် ညနေ ၆ နာရီဝန်းကျင်။ ရုံဖန်ရံခါတော့ ညဦးအချိန်။ လေးသက်ထင် လိုက်ပို့လျှင်တော့ သူတို့သည် ကော်ဖီဆိုင် တမေ့တမြော ထိုင်မြဲ။ အင်းလျားသို့လည်း စိတ်လိုလက်ရ ခြေဆန့်တတ်မြဲ။ ထိုထိုသော ညနေခင်းမျိုး ဆိုလျှင်တော့ ၇ နာရီခွဲလောက်တွင်မှ ဈေးတန်းလေးကို နှစ်ဦးအတူ ဖြတ်မိတော့သည်။

မေခိုင့်ကို သီရိမြိုင်သို့ လိုက်ပို့ပြီးခါမှ စံရိပ်ငြိမ်က သူ့အဆောင်သို့ လေးသက်ထင် ပြန်တတ်ပေသည်။ ဒါသည် သူတို့ညနေများ၏ မပြောင်းသော အလေ့။

mgyoe.com

m gyoe.com SAMPLE BOOK

သည်နေ့တော့ လေးသက်ထင် မပါ။ ခရီးက ပြန်မရောက်သေး။ ရေမြေခြားသို့ ထွက်ခွာပြီဆိုသော အသိသည် ကနဦးရက်များမှာတော့ မေခိုင့်အား ယောင်ချာချာ ဖြစ်စေသည်။ ရုံးချိန်တွင် သည်ခံစားမှုက မသိသာ။ ညနေခင်း ဆိုလျှင်တော့ အလွမ်းက နီးထသက်ဝင်ပေပြီ။

လိုင်းကားပေါ်က အဆင်း ကားလမ်းကူးလျှင် အကျင့်ပါနေသော မျက်လုံးများက ဘေးဘယ်ညာသို့ ငဲ့ကြည့်မိတော့သည်။ 'လမ်းကူးတာ ကြည့်ကူးမှပေါ့၊ ဘာလို့ ဒီလောက် အလျင်လိုနေတာလဲ၊ ကားတွေက ဒီလောက် ရမ်းပြီး မောင်းလာတာ' စသည်ဖြင့် ပူပန်တတ်သော စကားများစွာ ကြားနာခဲ့ရသည့် ညနေခင်းများ။

ထမင်းချိုင့်ပါသည့် ပလတ်စတစ်ခြင်းတောင်းငယ်ကိုလက်တွင် တင်းတင်းဆုပ်ရ၏။ လက်တစ်ဖက်က ထိုခြင်းကို ဆွဲကူကာ တစ်ဖက်ကတော့ မေခိုင့်ကို တွဲတတ်သူသည် ခုတော့ အဝေးတွင် ရောက်နေပြီ။

"ခိုင် မောင့်ကိုသတိမှ ရပ့ါမလား၊ သတိမရဘဲ ကျပ်မယ့်သူ မရှိတော့ဘူးဟာဆိုပြီး ပျော်များနေမလား"

နှုတ်ဆက်ရသည့် ညနေက ချစ်သူ့အပြောကို ကြားယောင်တော့ မေခိုင့်ခြေလှမ်းပင် တုံ့ချင်သည်။ ဘေးဘီဝဲယာသို့ ယောင်ယမ်းရှာချင်သည်။ ပြောမှ ပြောရက်ပလေ။ ဒီတုန်းကတော့ သူ ဘယ်လို တုံ့ပြန်မိပါလိမ့်။

"မလွမ်းဘဲ နေပ့ါမလား၊ လွမ်းမှာပေါ့၊ ခိုင်ကဖြင့် အတူရှိနေရင်တောင် လွမ်းတဲ့ဟာ"

သူ့ပခုံးထက် မှီချိန်၊ အတူရှိချိန်မှာပင် လွမ်းရကြောင်း၊ တစ်မြို့တည်း ရှိပါလျက် ဝေးကွာရသော နာရီများစွာအတွက် လွမ်းရကြောင်း နားလည်စေလိုသော်လည်း မေခိုင် သည့်ထက် ပို၍ ဖွဲ့နွဲ့ မဆိုတတ်ပေ။ ထိုခဏ၌ ကြည်နူးခြင်း စွက်သော ချစ်သူ့ရယ်သံ။ ပခုံးစွန်းမှာ မျက်ရည်တစ်စ ကျလိုက်သေးတာကိုကော မောင် သိခဲ့သလား။

သည်နံနက်မှာပင် မိုင်များစွာ ဝေးကွာသော အရပ်မှ စကားသံတို့ကို ဖုန်းကတစ်ဆင့် ကြားရတော့ ငွေကုန်ကြေးကျ များတော့မှာပဲဟု ပူပန်ခြင်း ဖြစ်သည်။ နှစ်မိနစ်မျှ စကားဆိုပြီးသော် ဖုန်းချရန် မေခိုင် လောဆော်ရသည်။

လွမ်းကြောင်း ပြောလျှင်တော့ နေဝင်လျှင်ပင် ဆုံးမည် မဟုတ်လေ။

✦

mgyoe.com